# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပညာဆီမီးကို ရှာဖွေကြိုးစား**

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။

ရာဇဝဂ်(ဓမ္မပဒ - ၁၄၆)


၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၅ ရက် | ၂၀၁၈ ခုနှစ်၊ ဇွန် ၃ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၂၄၄)


# ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာ

# မန္တလေးတိုင်းဒေသကြီးမှ တစ်နိုင်ငံလုံးအောင်ချက်ရာခိုင်နှုန်း အများဆုံးဖြင့် အောင်မြင်

**မန္တလေး ဇွန် ၂**

၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို တစ်နိုင်ငံလုံးတွင် ဇွန် ၂ ရက်က ထုတ်ပြန်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးမှ ၃၈ ဒသမ ၁၇ ရာခိုင်နှုန်းဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာတွင် အောင်ချက်ရာခိုင်နှုန်း အကောင်းဆုံးဖြင့် အောင်မြင်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးတွင် ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းမှာ ယခင်နှစ်ထက် အောင်မြင်မှု ရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း တစ်နိုင်ငံလုံးအတိုင်းတာဖြင့် အောင်ချက်ရာခိုင်နှုန်း အများဆုံးဖြစ်သည်ဟု မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းရီက ပြောသည်။

"ပြီးခဲ့တဲ့နှစ်က တက္ကသိုလ်ဝင်စာမေးပွဲမှာ မန္တလေးတိုင်းဒေသကြီးအနေနဲ့ တစ်နိုင်ငံလုံးမှာ ဒုတိယအောင်ချက် အကောင်းဆုံးဖြစ်ခဲ့ပြီး မွန်ပြည်နယ်က အောင်ချက် အများဆုံးဖြစ်ခဲ့တယ်၊ ဒီနှစ်မှာတော့ မန္တလေးတိုင်းဒေသကြီးက အောင်ချက်ရာခိုင်နှုန်း အများဆုံးပါ။

*စာမျက်နှာ ၃ ကော်လံ ၁* ✻



ဇွန် ၂ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်း လာရောက်ကြည့်ရှုကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများကို တွေ့ရစဉ်။ ဓာတ်ပုံ-ဇော်မင်းလတ်

# SME လုပ်ငန်းများ ပြည်ပအကူအညီ အထောက်အပံ့ရရှိရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်ပြီး ကြိုးပမ်းဆောင်ရွက်နေ

**ရန်ကုန် ဇွန် ၂**

SME လုပ်ငန်းများ ပြည်ပအကူအညီ အထောက်အပံ့ရရှိရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားသည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၏ ဆဋ္ဌမပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့ဖြစ်သော ဇွန်လ ၁ ရက်နေ့ကကျင်းပသော အစည်းအဝေး၌ သုံးခွမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေ၏ မေးခွန်းကိုဖြေကြားရာတွင် တိုင်းဒေသကြီးဝန်ကြီးက ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အလတ်စား စက်မှု၊ လက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် တိုးတက်မှုရရှိရေး မည်သို့ဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း မေးခွန်းကို တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် မေးမြန်းခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှု လက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် မြို့နယ် ၄၅ မြို့နယ်မှ စီးပွားရေးလုပ်ငန်းရှင် ၃၁၃၉၁ ဦးအား SME ဆိုင်ရာ ပံ့ပိုးမှုများ ရရှိနိုင်ရေးအတွက် မြို့နယ်အလိုက် သက်သေခံကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနအနေဖြင့် AEC အာဆီယံ စီးပွားရေး အသိုက်အဝန်းဖြစ်လာပါက မြန်မာ SME လုပ်ငန်းများ မပျောက်ကွယ်ရေးအတွက် အလားအလာရှိသော

*စာမျက်နှာ ၁၁ ကော်လံ ၁* ❍

## အမျိုးသားရေးရာတန်ဖိုး၊ သမိုင်းတန်ဖိုးရှိနေမည့် မှတ်တမ်းများထားရှိရာ အမျိုးသားမော်ကွန်းတိုက်

တွေ့ဆုံမေးမြန်း စာ » ၅

## ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားမှုကို ရှောင်ရှားရန် အမေရိကန်ကုန်သွယ်ရေးဝန်ကြီး တရုတ်သို့ရောက်ရှိ

နိုင်ငံတကာသတင်း စာ » ၁၄


C B BANK

Best Digital Bank 2018

ASIAMONEY

www.cbbank.com.mm CBBankmyanmar contact@cbbank.com.mm

Call Center : 01 231 777 0

# မျိုးကောင်းမျိုးသန့် မျိုးစပါးတို့၏ ကုန်ထုတ်အစွမ်းသတ္တိကို ဖော်ထုတ်အသုံးချကြပါစို့

ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရာ၌ မျိုးကောင်းမျိုးသန့်ရရှိရေးသည် အရေးကြီး၍ အခြေခံကျသော လိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။ ရတနာရောအဖွဲ့သည် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့ (LIFT) ၏ ထောက်ပံ့မှုဖြင့် မျိုးကောင်းမျိုးသန့် မျိုးစပါးထုတ်လုပ်မည့်အစီအစဉ်တစ်ရပ်ကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများနှင့် လက်တွဲလျက် ၂၀၁၆ ခုနှစ်မှစ၍ အကောင်အထည်ဖော်လျက်ရှိပါသည်။ ဤအစီအစဉ်ကို ဘိုကလေးမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်များတွင် စတင်အကောင်အထည်ဖော်ခဲ့ပါသည်။

တောင်သူလယ်သမားတို့သည် ယခင်ကဆိုလျှင် မိမိလယ်ကွင်းအတွင်းရှိ ကြိုက်နှစ်သက်ရာနေရာမှရိတ်၍ မျိုးစပါးအဖြစ် အသုံးပြုကြပါသည်။ စိုက်ပျိုးသည့်အခါ၌လည်း မျိုးစပါးတို့ကို လယ်ကွင်းအတွင်း ပက်ကြဲစိုက်ပျိုးကြပါသည်။ သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ရတနာရောအဖွဲ့၏ စီစဉ်မှုဖြင့် တောင်သူလယ်သမားတို့ စိုက်ပျိုးထုတ်လုပ်ထားသည့် မျိုးကောင်းမျိုးသန့် မျိုးစပါးတို့ကို ပက်ကြဲစိုက်ပျိုး၍ မရပါ၊ စနစ်တကျစိုက်ပျိုးရပါသည်။ စပါးပင်တို့ကို ၁၀ လက်မ ပတ်လည်အနေအထားဖြင့် ခြောက်တန်း၊ တစ်တန်းခြားစိုက်ပျိုးရပါသည်။ လယ်ယာလုပ်သားရှားပါးနေသော လက်ရှိအနေအထား၌ ထိုကဲ့သို့စနစ်တကျစိုက်ပျိုးနိုင်ရေးသည် ငွေအား၊ လူအား အားထည့်စိုက်ထုတ်ရသော ကိစ္စဖြစ်၍ လွယ်ကူသောကိစ္စမဟုတ်ပါ။ သို့သော် ဤကဲ့သို့ အပင်ပန်းခံအားထုတ်မှုမှရရှိသော အကျိုးရလဒ်တို့သည် ကျေနပ်ဖွယ်ရာရလဒ်ကောင်းများဖြစ်၍ ကြိုးပမ်းအားထုတ်ရကျိုးနပ်သည်ဟု ပြောရမည်ဖြစ်ပါသည်။

သမားရိုးကျနည်းဖြင့် စိုက်ပျိုးထုတ်လုပ်ပါက တစ်ကေလျှင် စပါးတင်း ၉၀ ဝန်းကျင်သာ ထွက်ရှိသော်လည်း မျိုးကောင်းမျိုးသန့် မျိုးစပါးတို့ကို စနစ်တကျစိုက်ပျိုးပါက တစ်ကေလျှင် တင်း ၁၃၀ ဝန်းကျင် ထွက်ရှိပါသည်။ ထွက်ရှိလာသောဆန်၏ အရည်အသွေးမှာလည်း မြင့်တက်လာပါသည်။ မျိုးကောင်းမျိုးသန့်မျိုးစပါးတို့အား စိုက်ပျိုးရာမှ ရရှိသောစပါးတို့ကို ဆန်စက်၌ ကြိတ်ခွဲမည်ဆိုပါကလည်း ဆန်အထွက်နှုန်း ကောင်းသကဲ့သို့ ဆန်အကျိုးအကြေများလည်း ကင်းစင်ပါသည်။ ထွက်ရှိလာသောဆန်တို့ကို ရောင်းချရာ၌လည်း ရောင်းပန်းလှ၍ ဈေးကောင်းရရှိပါသည်။ သမားရိုးကျနည်းဖြင့် စပါးစိုက်ပျိုး ထုတ်လုပ်မှုမှတစ်ကေလျှင် ကျပ်တစ်သိန်းဝန်းကျင်သာ အမြတ်ရရှိပါသည်။ မျိုးကောင်းမျိုးသန့် မျိုးစပါးတို့ကို စနစ်တကျ စိုက်ပျိုးထုတ်လုပ်မှုသည် တစ်ကေလျှင် စိုက်ပျိုးစရိတ် ကျပ်သုံးသိန်းခွဲဝန်းကျင်ကုန်ကျသော်လည်း တစ်ကေလျှင် ကျပ်ခြောက်သိန်းခန့် အမြတ်ရရှိပါသည်။ သမားရိုးကျ စိုက်ပျိုးထုတ်လုပ်မှုနှင့် မျိုးကောင်းမျိုးသန့် မျိုးစပါးအခြေခံ စနစ်တကျ စိုက်ပျိုးထုတ်လုပ်မှုတို့၏ အကျိုးအမြတ်ကွာခြားချက်သည် မြင်သာထင်သာ ရှိလှပါသည်။

တောင်သူလယ်သမားတို့က မျိုးကောင်းမျိုးသန့်မျိုးစပါးတို့အား အသုံးပြု၍ စနစ်တကျ စိုက်ပျိုးထုတ်လုပ်လာရေးအတွက် အခြေခံလိုအပ်ချက်မှာ ဤစနစ်၏ ရလဒ်ကောင်းတို့ကို တောင်သူလယ်သမားတို့ထံ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးရန် ဖြစ်ပါသည်။ တခြားသော အရေးကြီးသည့်အချက်မှာ ဤကဲ့သို့ စနစ်တကျစိုက်ပျိုးထုတ်လုပ်သည့်အတွက် မြင့်မားလာသော စိုက်ပျိုးစရိတ်ကို မည်ကဲ့သို့ ဖန်တီးရယူမည်ဟူသော အချက်ဖြစ်ပါသည်။ နီးစပ်ရာ တောင်သူလယ်သမားတို့၏ စုဖွဲ့မှုအင်အားဖြင့် ဆန်စက်၏ တစ်နေ့တာ ကြိတ်ခွဲနှုန်းကို ပြည့်မီအောင် စုပေါင်းရောင်းချနိုင်စွမ်းရှိပါက ကုန်ကျစရိတ်သက်သက်သာသာဖြင့် စပါးတို့ကို ကြိတ်ခွဲနိုင်မည်ဖြစ်ပါသည်။ တောင်သူလယ်သမားများအပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများ ညှိနှိုင်း၍ မျိုးကောင်းမျိုးသန့်အခြေခံစပါးစိုက်ပျိုးထုတ်လုပ်ရေးအား စုပေါင်းဆောင်ရွက်နိုင်သော နည်းလမ်းတို့ကို ရှာကြံသင့်ပါသည်။ နိဂုံးချုပ်အနေဖြင့် မျိုးကောင်းမျိုးသန့် မျိုးစပါးတို့၏ ကုန်ထုတ်အစွမ်းသတ္တိအား အင်ပြည့်အားပြည့် ဖော်ထုတ်အသုံးပြုကြပါရန် တောင်သူလယ်သမားများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းတို့ကို လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။



# ရွှေပုံသာ ရှေးဟောင်းစေတီတော် ၁၁ ဆူ ပြန်လည်ပြုပြင်မွမ်းမံရန် အလှူရှင်များလိုအပ်နေ

**ညောင်ဦး ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် မြောင်ကျေးရွာနှင့် လယ်ကန်ကျေးရွာကြားရှိ အေဒီ ၁၃ ရာစုခန့်က တည်ထားကိုးကွယ်ခဲ့သည့် ရွှေပုံသာရှေးဟောင်းစေတီတော် ၁၁ ဆူကို ဒေသခံများက ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းရာမှ ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ယခုအခါ အဆိုပါ ရှေးဟောင်းစေတီတော်များကို ပြန်လည်ပြုပြင်မွမ်းမံနိုင်ရန်အတွက် အလှူရှင်များ လိုအပ်နေကြောင်း သိရသည်။



စေတီတော်များကို ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ညောင်ဦးမြို့ တိုက်သစ်ကျောင်းဆရာတော်က ဦးဆောင်၍ သံဃာတော်များနှင့် ဒေသခံ ကျေးရွာသူကျေးရွာသားများ ပူးပေါင်းကာ ညောင်ဦးမြို့နယ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)၏ ခွင့်ပြုမိန့်ဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေကြောင်း၊ ရှေးဟောင်းစေတီတော်များကို ပြီးစီးအောင် ပြုပြင်မွမ်းမံနိုင်ရေးအတွက် အလှူရှင်များ၏ အကူအညီများ လိုအပ်လျက်ရှိနေကြောင်း ပုဂံမြို့ ရတနာဘုံစံတောရကျောင်း ဆရာတော် အရှင်သာဂရ၏ မိန့်ကြားချက်အရ သိရသည်။

"လက်ရှိ အနေအထားကတော့ ရှေးဟောင်းစေတီတော် ၁၁ ဆူကို ပြုပြင်မွမ်းမံဖို့ စေတီတော်သုံးဆူအတွက် အလှူရှင် ရရှိပြီးဖြစ်ပါတယ်၊ ပြန်လည်ပြုပြင်မွမ်းမံမှုလုပ်ငန်းအနေနဲ့ကတော့ လက်ရှိအလှူရှင်တွေ လှူဒါန်းပေးတဲ့ ရှေးဟောင်းစေတီသုံးဆူမှာ ပထမတစ်ဆူကို ပြုပြင်မွမ်းမံဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပြီး ဒုတိယတစ်ဆူကို ဆက်လက်ပြုပြင်ဖို့ ကြိုးစား ဆောင်ရွက်နေကြပါတယ်၊ ရှေးဟောင်း သုတေသနနဲ့ အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)က စေတီတော်တွေပြုပြင်မယ့် ပန်းရန်ဆရာတွေကို စီမံဆောင်ရွက်ပေးထားပါတယ်၊ ဦးပဉ္စင်းတို့နဲ့ ဒေသခံကျေးရွာသူကျေးရွာသားတွေက လိုအပ်တဲ့ လုပ်အားအကူအညီကိုပဲ ကုသိုလ်ဒါန ဖြည့်ဆည်းဆောင်ရွက်ပေးရတာပါ"ဟု ရတနာဘုံစံတောရကျောင်း ဆရာတော်က မိန့်ကြားသည်။

လှူဒါန်းလိုသူများ အနေဖြင့် ရတနာဘုံစံတောရကျောင်း (မြင်းကပါကျေးရွာ ဖြူစင်မေတ္တာ ရေ၊ သွေး) ပရဟိတအသင်းနာယက ဆရာတော် အရှင်သာဂရ ဖုန်း ၀၉-၂၀၄၂၅၀၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုမြှင့်တင်ရေး ဆွေးနွေး

**လွယ်ဂျယ် ဇွန် ၂**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့နယ်စပ်ကုန်သွယ်ရေးစခန်း၏ မေလအတွက် ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးကို မေလနောက်ဆုံးပတ်က နယ်စပ်ကုန်သွယ်ရေးစခန်းအစည်းအဝေးခန်းမ၌ကျင်းပရာ နယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံ၊ မြို့အုပ်ချုပ်ရေးမှူးနှင့် ဆန်ကုန်သည်ကြီးများ၊ ကုမ္ပဏီအကျိုးတော်ဆောင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်နှင့် မြို့အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားကြပြီး လွယ်ဂျယ်မြို့ဆန်၊ ပဲ၊ ပြောင်း ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးမင်းလွင်က ကုန်စည်စီးဆင်းမှုများနှင့်ပတ်သက်၍ ဆွေးနွေးကာ OSS ဌာနများမှ တာဝန်ခံများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို အသေးစိတ်ဆွေးနွေးတင်ပြကြသည်။ ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာများ၊ ကုန်သည်များက ကုန်သွယ်မှုမြင့်မားလာရေးအတွက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေး စခန်း၏ အဓိကပို့ကုန်မှာ ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ငှက်ပျော၊ ဖရဲသီး၊ ရော်ဘာနှင့်ကြံဖြစ်ပြီး အဓိကသွင်းကုန်မှာ ဘိလပ်မြေ၊ ဓာတ်မြေသြဇာ၊ ပိတ်လိပ်၊ အဝတ်အထည်များ၊ လယ်ယာသုံးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ပလတ်စတစ်နှင့် စက္ကူကုန်ကြမ်းများဖြစ်သည်။ ကုန်သွယ်မှုကောက်ခံရရှိငွေအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပို့ကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၁၈၆ ဒသမ ၁၉၃ သန်း၊ သွင်းကုန်အနေဖြင့် ၁၅ ဒသမ ၉၁၅ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၀၂ ဒသမ ၁၀၈ သန်းရှိခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ပို့ကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၂၂၀ ဒသမ ၂၃၄ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၂၆၈ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၃၄ ဒသမ ၅၀၂ သန်း ကောက်ခံရရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၃၉၄ သန်း ပိုမိုကောက်ခံရရှိခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပို့ကုန်တင်ပို့မှုအများဆုံးအနေဖြင့် ဆန်တန်ချိန် ၃၉၃၈၂၅ ရှိခဲ့ပြီး အမေရိကန် ဒေါ်လာ ၁၃၂ ဒသမ ၂၀၈ သန်းကောက်ခံရရှိခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်း၏ အခွန်အရပ်ရပ်ကောက်ခံရရှိငွေအနေဖြင့် မြန်မာငွေကျပ် ၆၆၂၉ ဒသမ ၀၅၆ သန်း၊ အမေရိကန်ဒေါ်လာ ၄၃၅၅၊ တရုတ်ယွမ် ၁၂၁၂၀၃ ကောက်ခံရရှိခဲ့သည်။ ကုန်သွယ်မှုကောက်ခံရရှိငွေအနေဖြင့် ယခင်နှစ် ဧပြီလထက် ယခုနှစ်ဧပြီလတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ သန်း ပိုမိုကောက်ခံရရှိခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် မန္တလေးဗဟိုအကျဉ်းထောင် ကြည့်ရှုစစ်ဆေး



**မန္တလေး ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းသည် တိုင်းဒေသကြီးတရားရေး ဦးစီးမှူး ဒေါ်ခင်ခင်ချို၊ ရုံးအဖွဲ့မှူးဒေါ်ဖြူပြာအေး၊ ခရိုင်တွဲဖက် တရားသူကြီး ဒေါ်ဥမ္မာတင်နှင့် အောင်မြေသာစံမြို့နယ် တရားသူကြီး ဦးဝင်းမင်းထွန်းတို့ လိုက်ပါလျက် ဇွန် ၁ ရက်က မန္တလေး ဗဟိုအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးဗဟိုအကျဉ်းထောင်ရှိ အကျဉ်းသားများနှင့် အချုပ်တရားခံများ၏ နေထိုင်စားသောက်မှု၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ မေးမြန်းပြီး အကျဉ်းသားများနှင့် အချုပ်တရားခံများ နေထိုင်သည့်အဆောင်များ၊ စားရိပ်သာအဆောင်များ၊ ဆေးရုံ၊ စာသင်ကျောင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားနေသည့်အဆောင်များကို လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့အပြင် ပြစ်ဒဏ်ကျအကျဉ်းသူအကျဉ်းသားများ တရားရုံးတွင်အမှုစစ်ဆေးဆဲ အချုပ်သားများ၊ တရားစွဲမတင်မီအမှုစုံစမ်း စစ်ဆေးဆဲအချုပ်သားများကို ဥပဒေပါအခွင့်အရေးများ ရရှိခြင်းရှိ မရှိ၊ ဥပဒေနှင့်မညီဘဲ မတရားဆောင်ရွက်မှုများရှိ မရှိ စသည်တို့ကို စစ်ဆေးမေးမြန်းပြီး ပြစ်ဒဏ်ကျခံနေရသည့် ကလေးသူငယ်အကျဉ်းသားရှိ မရှိ၊ ကြန့်ကြာနေသော အချုပ်တရားခံအမှုများနှင့် ထောင်အယူခံတင်သွင်းမှုအခြေအနေ၊ အချုပ်တရားခံအမှုများကို မြန်ဆန်စွာစစ်ဆေးပြီးပြတ်နိုင်ရေးတို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်သည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ပညာသင်ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ခရမ်း ဇွန် ၂**

ခရမ်းမြို့နယ်မှ ၂၀၁၈-၂၀၁၉ပညာသင်နှစ် မူလတန်းကျောင်းသားကျောင်းသူကလေးများ ကျောင်းအပ်နှံရေးအတွက် ခရမ်းမြို့နယ် အသင်း(ရန်ကုန်)၏ ကျောင်းသား ကျောင်းသူသုံး ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို မေလနောက်ဆုံးပတ်က အ.ထ.က(၁)၌ ကျင်းပရာ မြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးမြင့်ဆွေက အမှာစကားပြောကြားသည်။

ထို့နောက် အသင်း၏ထောက်ပံ့ပစ္စည်းများဖြစ်သော ကလေးကျောင်းကျောပိုးအိတ်အတွက် ငွေကျပ် ၂၅ သိန်း၊ ကလေးမိုးကာအင်္ကျီအတွက် ငွေကျပ် ၁၁၂၅၀၀၀၊ ကိုရီးယားကုမ္ပဏီတစ်ခု၏ ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၂၇၉၀၀၀၀ ကို အထက်တန်းအဆင့်မှ ၁၇ ဦး၊ အလယ်တန်းအဆင့်မှ ၂၁ ဦး စုစုပေါင်း ၃၈ ဦးတို့အား တာဝန်ရှိသူများက ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခရမ်း-စိုးမြင့်**

## စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်

**ကျွန်တော်တို့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရ အဖွဲ့အနေနဲ့ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ အတိတ်က အဖြစ်အပျက်တွေ၊ ကျော်လွှားဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်းတွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် မိဘပြည်သူများ လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ အဂတိတရား ကင်းရှင်းစွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

**ကျွန်မတို့ အစိုးရရဲ့နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပမိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက် ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နေပြည်တော် ပြည်ထောင်စုနယ်မြေ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်စာရင်းထုတ်ပြန်

**နေပြည်တော် ဇွန် ၂**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တစ်ပြိုင်တည်း ထုတ်ပြန်ခဲ့သည်။

နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ အထက်တန်းကျောင်းများ၌ နံနက် အစောပိုင်းမှစတင်၍ စာမေးပွဲအောင်စာရင်း ကြည့်ရှုမည့်သူများ စုဝေးရောက်ရှိနေကြပြီး အောင်စာရင်းကပ်မည့်အချိန်အား စောင့်ဆိုင်းနေခဲ့ကြသည်။

**ခြောက်ဘာသာဂုဏ်ထူးရှင် ၂၅ ဦးရှိ**

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်း ဖြေဆိုသူပေါင်း ၂၂၃၈၉ ဦး ရှိသည့်အနက် ၇၃၉၉ ဦး အောင်မြင်ခဲ့ရာ အောင်ချက်ရာခိုင်နှုန်း ၃၃ ဒသမ ၀၅ ရာခိုင်နှုန်းရှိသည်။ ဖြေဆိုအောင်မြင်သူများအနက် တစ်ဘာသာဂုဏ်ထူးရှင် ၁၅၀၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၇၆ ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၁၂၅ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၉၆ ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ၇၁ ဦးနှင့် ခြောက်ဘာသာဂုဏ်ထူးရှင် ၂၅ ဦးရှိခဲ့ကြောင်း သိရသည်။

**အောင်ချက်ရာနှုန်းကျ**

နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ယမန်နှစ်က တက္ကသိုလ်ဝင် စာမေးပွဲ ဖြေဆိုသူ ၁၉၃၄၈ ဦးမှ ၆၇၁၀ ဦးအောင်မြင်ခဲ့ရာ အောင်ချက်ရာခိုင်နှုန်း ၃၄ ဒသမ ၆၈ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုနှစ်တွင် အောင်ချက်ရာခိုင်နှုန်း ၃၃ ဒသမ ၀၅ ရာခိုင်နှုန်း ဖြစ်သဖြင့် အောင်ချက်ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရသည်။

**သတင်းစဉ်**





***ရွှေဖုံးမှ**

ဒီနှစ်အောင်မြင်သူတွေထဲမှာ ထူးခြားချက်ကတော့ အိုးဘိုအကျဉ်းထောင်က အောင်မြင်သူအားလုံးနီးပါးက ဂုဏ်ထူးထွက်ကြတယ်၊ အထူးသဖြင့် ကလေးအများစုက ကျက်စာတွေဖြစ်တဲ့ အတွဲ ၂ မှာ ဂုဏ်ထူးထွက်တာများတယ်၊ သူတို့တွေက ရောက်တဲ့နေရာမှာ အားမာန်အပြည့်နဲ့ ကြိုးစားသင်ယူကြတာ တွေ့ရတယ်”ဟု ၎င်းက ပြောသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် မန္တလေးတိုင်းဒေသကြီးမှ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုခဲ့သူဦးရေ စုစုပေါင်း ၁၁၁၃၉၈ ဦးရှိ၍ အောင်မြင်သူ စုစုပေါင်း ၄၂၅၁၇ ဦးရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၃၈ ဒသမ ၁၇ ဖြစ်ကြောင်း၊ ဂုဏ်ထူးဖြင့် အောင်မြင်သူများတွင် ခြောက်ဘာသာဂုဏ်ထူး ၂၉၉ ဦး၊ ငါးဘာသာဂုဏ်ထူး ၆၄၀၊ လေးဘာသာဂုဏ်ထူး ၁၁၃၄ ဦး၊ သုံးဘာသာ ၁၁၆၆ ဦး၊ နှစ်ဘာသာ ၁၇၄၃ ဦး၊ တစ်ဘာသာ ၆၉၉၆ ဦးဖြစ်ရာ စုစုပေါင်းဂုဏ်ထူးဖြင့် အောင်မြင်သူ ၁၁၈၆၈ ဦးရှိကြောင်း သိရသည်။

၎င်းတို့အနက် မန္တလေးအကျဉ်းထောင်မှ ဝင်ရောက်ဖြေဆိုသူ ၅၅ ဦး ရှိခဲ့ပြီး အောင်မြင်သူ စုစုပေါင်း၂၇ ဦးတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများမှာ သုံးဘာသာ လေးဦး၊ နှစ်ဘာသာ လေးဦး၊ တစ်ဘာသာ ၁၃ ဦး၊ ရိုးရိုးအောင်မြင်သူ ခြောက်ဦးဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးတွင် ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ၉၉၈၄၅ ဦးတွင် အောင်မြင်သူ ၄၀၁၅၄ ဦးရှိရာ အောင်ချက်ရာနှုန်းမှာ ၄၀ ဒသမ ၂၂ ရခိုင်နှုန်းဖြစ်ပြီး ဂုဏ်ထူးဖြင့် အောင်မြင်မှုစာရင်းများအရ တစ်ဘာသာဂုဏ်ထူးရှင် ၄၄၆၇ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၃၄၉ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၀၄၄ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၉၂၂ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၅၂၄ ဦးနှင့် ခြောက်ဘာသာဂုဏ်ထူးရှင် ၂၃၈ ဦး စုစုပေါင်း ၈၅၄၄ ဦးရှိခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု၊ ဂျပန်နိုင်ငံ လေ့လာရေးအစီအစဉ် ၂၀၁၈ အတွက် အဆိုပြုလွှာများခေါ်ယူ

**ရန်ကုန် ဇွန် ၂**

မြန်မာ-ဂျပန်အသင်း (MJA) သည် “မြန်မာ-ဂျပန် နှစ်နိုင်ငံ ပြည်သူအချင်းချင်းအကြား ချစ်ခင်ရင်းနှီးမှုကို ကျောင်းသားလူငယ်ချင်း ချစ်ခင်ရင်းနှီးမှုမှတစ်ဆင့် တိုးမြှင့်ဖော်ဆောင်နိုင်ရန်”၊ “အနာဂတ်နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေရန်”၊ “ပညာရေးကဏ္ဍမှ ဘက်စုံထူးချွန်သည့် မျိုးဆက်သစ်လူငယ်များကို ရွေးချယ်ပြီး နိုင်ငံတော်ကိုယ်စား၊ မိဘပြည်သူများကိုယ်စား အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပါဝင်ဂုဏ်ပြုချီးမြှင့်ရန်” ဟူသော ရည်ရွယ်ချက်များဖြင့် “**<u>မြန်မာ-ဂျပန်အသင်း၏ ပညာရည်ချွန်ထူးချွန်ဆု၊ ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ် (MJA Outstanding Students Award- Japan Exchange Visit)</u>**ကို ၂၀၁၄ ခုနှစ်မှ စတင်၍ နှစ်စဉ်ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ်တွင်လည်း ပဉ္စမ အကြိမ်မြောက်အဖြစ် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယခုနှစ်အစီအစဉ်တွင်လည်း ယခင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် အစီအစဉ်အတိုင်း တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူအချို့နှင့် နိုင်ငံခြားဘာသာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့မှ ဂျပန်ဘာသာ အဓိကသင်ကြားနေသူများမှ ထူးချွန်ကျောင်းသား ကျောင်းသူအချို့ကို ရွေးချယ်ပေါင်းစပ်ဖွဲ့စည်းပြီး ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးစဉ်ကို ယခုနှစ် အောက်တိုဘာလတွင် စေလွှတ်သွားမည်ဖြစ်သည်။

ယခုနှစ်အစီအစဉ်အတွက် အဆိုပြုလွှာတင်သွင်းခွင့်ရရှိသူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ၂၀၁၈ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ အမှတ်အများဆုံးရရှိသူ သိပ္ပံဘာသာတွဲမှ ၁၀ ဦး၊ ဝိပ္ပံ၊ ဝိဇ္ဇာဘာသာတွဲမှ ၁၀ ဦး ပေါင်း ၂၀ ဦး၊

(ခ) ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် (နေပြည်တော်ကောင်စီနယ်မြေ အပါအဝင်) အမှတ်အများဆုံးရရှိသူ ငါးဦးစီဖြင့် ပေါင်း ၇၅ဦး၊

(ဂ) နိုင်ငံခြားဘာသာတက္ကသိုလ်(ရန်ကုန် YUFL နှင့် မန္တလေး MUFL) ဂျပန်ဘာသာ တတိယနှစ်အတန်းများမှ ပဏာမအဆင့် ရွေးချယ်မှုတွင် အောင်မြင်သူ ၂၅ ဦးစီဖြင့် ပေါင်း ၅၀ ဦး

အဆိုပြုလွှာတင်သွင်းခွင့်ရှိသူများသည် အဆိုပြုလွှာများကို မြန်မာ-ဂျပန်အသင်းရုံး၊ Shwe Zabu River View Complex, 23G-1, No.3B, Tower A & C, ပထမထပ်၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့သို့ ဆက်သွယ်ပြီး အခမဲ့ထုတ်ယူနိုင်ကြောင်းနှင့် မြန်မာ-ဂျပန်အသင်းရုံးသို့ ဇူလိုင် ၂၇ ရက်ထက် နောက်မကျစေဘဲ ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဒေါက်တာ ဌေးလွင်၊ အတွင်းရေးမှူး (+၉၅-၉-၂၆၂၇၇၂၇၀၅) နှင့် ဦးနေဝင်းထက်၊ ရုံးအဖွဲ့မှူး (+၉၅-၉-၄၂၁၁၆၂၃၃၁) တို့ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂** - နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲများ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၂

**ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုသောအားဖြင့် ရန်ကုန်မြို့ လသာမြို့နယ်ရှိ လသာအမှတ်(၁) အထက်တန်းကျောင်းတွင် ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ကျောင်းပေါင်းစုံ ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။**



အဆိုပါပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကြည့်ရှုအားပေးခဲ့ပြီး ပြိုင်ပွဲဝင်ကျောင်းသားမိဘများကိုလည်း နှုတ်ဆက်အားပေးသည်။ **(ယာပုံ)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ပြိုင်ပွဲများကို ကျင်းပခဲ့သည်မှာ ၂၁ နှစ်ရှိပြီဖြစ်ပြီး အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးအနေဖြင့် ပြပွဲများကို ကျင်းပခဲ့သည်မှာ ၃၁ နှစ် ရှိပြီဖြစ်ကြောင်း သိရသည်။

"မူးယစ်အန္တရာယ်၊ ကောင်းကျိုးမပေးမူးယစ်ဆေး၊ မူးယစ်အန္တရာယ်စုပေါင်းကာကွယ်" ဆိုတဲ့ ခေါင်းစဉ်တွေနဲ့ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနဲ့ အလွတ်တန်းအဖြစ် ယှဉ်ပြိုင်နေကြတာပါ၊ ကျောင်းနေအရွယ်ထဲက မူးယစ်ဆေးဝါးရဲ့ ဆိုးကျိုးကိုသိရှိပြီးတော့ သတင်း၊ ဂျာနယ်နဲ့ ရုပ်သံကပြသတာလည်း သိရှိကြတဲ့အတွက် ပြိုင်ပွဲအတွက်လည်း အကျိုးရှိပါတယ်၊ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ ဆုပေးတဲ့အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ပြိုင်ပွဲဖြစ်တဲ့ ဗဟိုအဆင့်မှလည်း ဆုကကြီးမားပါတယ်၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာနဲ့ ကွန်ပျူတာပန်းချီဆိုပြီး ဗဟိုမှာတော့ လေးမျိုး ပြိုင်ရမှာပါ၊ ဒီပြိုင်ပွဲမှာ ရွေးချယ်ခံရတဲ့သူတွေက ဇွန် ၂၆ ရက်တွင် မူးယစ်ပြတိုက်၌ ဆုပေးမှာပါ၊ မူးယစ်ဆေးရဲ့ဆိုးကျိုးကို ကျောင်းတွေ၌ အသိပညာပေးတာ၊ ဟောပြောပွဲတွေ စဉ်ဆက်မပြတ် ကျင်းပတာတွေ လိုပါတယ်" ဟု အကဲဖြတ်ဒိုင်တစ်ဦးဖြစ်သော ကာတွန်းရွှေမင်းသား (ဦးမောင်မောင်လှိုင်)က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စာသင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြခြင်းဖြစ်ပြီး ပန်းချီ၊ ကာတွန်းသည် လူငယ်တစ်ဦး၏ အနာဂတ်ရည်မှန်းချက်တို့ကို ပုံဖော်ပြသရာဖြစ်သည့်နည်းတူ တိုင်းပြည်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရှင်လောင်းများအဖြစ် လမ်းဖွင့်ပေးရာ ပညာရပ်တစ်ခုဖြစ်သောကြောင့် ယခုလိုပြိုင်ပွဲများကို ဆရာ၊ ဆရာမနှင့် ကျောင်းသားမိဘများ ကိုယ်တိုင် အားပေးပံ့ပိုးခြင်းဖြစ်ကြောင်း သိရသည်။

"သားက နဝမတန်း ကျောက်တန်း အထက(၂)ကပါ၊ မနှစ်က ကာတွန်းပြိုင်တာ ရန်ကုန်တိုင်းဒေသကြီးမှာ ပထမဆုရတယ်၊ ဗဟိုမှာ နှစ်သိမ့်ဆုရတယ်၊ ဒီနှစ်လည်း သားက ကြိုးစားပါတယ်၊ သူဝါသနာပါတာကို မိဘကပံ့ပိုးပေးရမယ့် တာဝန်ရှိတယ်လေ၊ သူ့အိပ်မက်က ဗိသုကာပညာရှင်၊ အင်ဂျင်နီယာဖြစ်ချင်တယ်လို့ပြောတယ်" ဟု မိခင်ဖြစ်သူ ဒေါ်ကြည်ကြည်ဝင်းက ပြောသည်။

"ကျွန်မသမီးက အမက(၂)မှူလွန် လှိုင်မြို့နယ် တတိယတန်း ကျောင်းသူလေ၊ ဒီနှစ်မှ စပြိုင်တယ်၊ သူကိုယ်တိုင် ပန်းချီဆွဲတာကို ဝါသနာပါတာ၊ ကျောင်းမှာလည်း ပြိုင်ပွဲရှိတယ်ဆိုတော့ ပန်းချီဆရာကြီးတစ်ဦးထံမှာ သင်ပေးတယ်၊ သူက အင်ဂျင်နီယာဖြစ်ချင်တယ်ပြောတယ်၊ ကိုယ်ဖြစ်ချင်တာထက် မိမိသားသမီး ဝါသနာပါတဲ့ကဏ္ဍကို ဖြည့်ဆည်းဆောင်ရွက်ပေးတာက ပိုပြီး လမ်းမှန်တယ်လို့မြင်တယ်၊ အောင်မြင်မှုလည်းမြန်တယ်လေ" ဟု ပြိုင်ပွဲဝင်မိခင်တစ်ဦးဖြစ်သော ဒေါ်ဝေဝေမိုးက ပြောသည်။

ယမန်နှစ်က အဆိုပါကျောင်းတွင် ကျောင်းသားနှင့် ပြင်ပမှ ၆၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၉၃ ဦး ဆုရရှိ၍ ဗဟိုအဆင့်ဆု ၅၀ ရရှိကာ ယနေ့တွင်လည်း ၈၅၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကာတွန်း၊ ပန်းချီနှင့် ပိုစတာဖြင့် ရရှိသောဆုများကို ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုရရှိသောပုံများအား ဗဟိုအဆင့်တွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - သန်းထိုက်**
**ဓာတ်ပုံ - သန်းစိုး**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲများ ကရင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

**ဘားအံ ဇွန် ၂**

ကရင်ပြည်နယ် ဘားအံမြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲကို ဇွန် ၂ ရက် နံနက် ၉ နာရီက အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ဝန်ကြီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်းနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ ကြည့်ရှုအားပေးခဲ့သည်။ **(အောက်ပုံ)**



ပြိုင်ပွဲကို "အနာဂတ်ပန်းများ ပွင့်လန်းဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့၊ မူးယစ်ကင်းဝေး ကျန်းမာရေး အားကစားနှင့် မြှင့်တင်ပေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ မူးယစ်ဆေးကိုဆန့်ကျင်စို့၊ လူငယ်ဘဝ တိုးတက်ဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့၊ လူသားရင်းမြစ် မျိုးဆက်သစ် မူးယစ်မှန်သမျှ တိုက်ဖျက်ပစ် ဦးစွာနားထောင်ပါ" ဟူသည့် ခေါင်းစဉ် ခြောက်မျိုးဖြင့် ကျင်းပခဲ့ပြီး ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ အခြေခံပညာကျောင်းသားကျောင်းသူ ၉၉ ဦး၊ တက္ကသိုလ်၊ ကောလိပ်အဆင့် အလွတ်တန်းတွင် ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး စုစုပေါင်း ၁၂၄ ဦးက ပန်းချီပြိုင်ပွဲတွင် ၄၂ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ၄၂ ဦး၊ ပိုစတာပြိုင်ပွဲတွင် ၄၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ ပြိုင်ပွဲဝင်များအား ခဲ၊ ရောင်စုံ ဖယောင်း၊ စုတ်တံ၊ ရေဆေး၊ Color Pan၊ ရောင်စုံခဲတံ၊ ပုံဆွဲခဲတံ၊ ပုံဆွဲစက္ကူ၊ Soft Pan စသည်ဖြင့် တန်ဖိုးငွေကျပ် ၇၅၀၀၀၀ ရှိ ပုံဆွဲ ကိရိယာများကို အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



**၂၀၁၈ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ ၊ပိုစတာပြိုင်ပွဲကို ဇွန် ၂ ရက်က အထက(၂) လသာ၌ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ပန်းချီရေးဆွဲယှဉ်ပြိုင်နေကြစဉ်။**

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးနိုင် ပြည်အကျဉ်းထောင်အား စစ်ဆေး

**ပြည် ဇွန် ၂**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးနိုင်သည် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးမြင့်ဆန်း ၊ ပြည်ခရိုင်တရားသူကြီး ဦးတင့်လွင်နှင့် ပြည်မြို့နယ်တရားသူကြီး ဦးဇော်မင်းနိုင်တို့နှင့်အတူ ဇွန် ၁ ရက် နံနက် ၉ နာရီခွဲက ပြည်မြို့ရှိ ပြည်အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ယာပုံ)**



ထိုသို့စစ်ဆေးရာတွင် အကျဉ်းသားများအား ဥပဒေပါ အခွင့်အရေးများရရှိခြင်း ရှိ၊ မရှိ၊ အကျဉ်းသားများ၏ နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိ၊ မရှိနှင့် အစားအသောက် အာဟာရသင့်တင့်မျှတမှု ရှိ၊ မရှိ၊ ကျန်းမာရေးပြည့်စုံမှု ရှိ၊ မရှိ၊ မကျန်းမာပါက ဆေးကုသရန်အခွင့်အရေး ရှိ၊ မရှိနှင့် ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ၊ မရှိ အခြေအနေတို့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက အကျဉ်းသားများအား တွေ့ဆုံမေးမြန်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကမ်းနားရပ်ကွက် ရွှေ့ပြောင်းနေအိမ်များအား ထောက်ပံ့ပေးအပ်ပွဲ ဇလွန်မြို့နယ်၌ ကျင်းပ

ဇလွန် ဇွန် ၂

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကမ်းနားရပ်ကွက် ရွှေ့ပြောင်းအိမ်ထောင်စုများအတွက် ဟင်္သာတခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က အမှာစကားပြောကြားခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးသန်းစိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်အောင်တို့က ထောက်ပံ့ပေးအပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ကမ်းနားရပ်ကွက်ရွှေ့ပြောင်းနေအိမ် ၁၅၄ လုံးအတွက် နေအိမ်ရွှေ့ပြောင်း စရိတ် တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၅၄၀၀၀၀၀ ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ ဆန်ဖိုးထောက်ပံ့ငွေကျပ် ၁၃၇၅၅၀၀ ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးပါ တစ်ပုံးစီကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်အောင်တို့က အသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးသန်းစိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရွှေ့ပြောင်းအိမ်ထောင်စုဝင်များ တက်ရောက်ခဲ့ကြသည်။

**ဝေယံ(ပြန်/ဆက်)**

# အမျိုးသားရေးရာတန်ဖိုး၊ သမိုင်းတန်ဖိုးရှိနေမည့် မှတ်တမ်းများထားရှိရာ အမျိုးသားမော်ကွန်းတိုက်

**'စိုးမိုးအောက်မေ့မွေနှစ်သွန်း တို့ရဲ့မော်ကွန်း' ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ယခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ကျရောက်မည့် နှစ် (၇၀) ပြည့် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့တွင် စာတမ်းဖတ်ပွဲကျင်းပပြီး ကျောင်းသား လူငယ်များ မျိုးချစ်စိတ်ဓာတ် ထက်သန်စေရန် ရည်ရွယ်၍ ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဇွန် ၁ ရက်မှ ၁၄ ရက်အထိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ရန်ကုန်နှင့် နေပြည်တော်ရှိ မော်ကွန်းတိုက်များတွင် နိုင်ငံ့အမွေအနှစ် အထောက်အထားမှတ်တမ်းများကို ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။**



ဦးဆန်းမြင့်
ညွှန်ကြားရေးမှူးချုပ်
အမျိုးသားမှတ်တမ်းများ
မော်ကွန်းတိုက်
ဦးစီးဌာန

သို့ဖြစ်၍ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်နှင့် စပ်လျဉ်းပြီး ပြည်သူများသိရှိနိုင်ရန် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်နှင့် သွားရောက် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**မေး။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနရဲ့အဓိကရည်မှန်းချက် တာဝန်တွေနဲ့ လက်ရှိဆောင်ရွက်ချက်တွေကို သိပါရစေ။**

ဖြေ။ ။ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနရဲ့အဓိကရည်မှန်းချက် တာဝန်တွေကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရာမှာ နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် ရည်မှန်းချက်တွေ၊ Plan တွေချမှတ်ပြီး ဆောင်ရွက်နေပါတယ်။ အဓိကတာဝန် ၃ ရပ်ဖြစ်တဲ့ မှတ်တမ်းတွေ ရယူစုဆောင်းခြင်း၊ ရရှိလာတဲ့ မှတ်တမ်းတွေကို နည်းပညာတွေနဲ့ ထိန်းသိမ်းခြင်းနဲ့ ပြည်သူလူထုအနေနဲ့ မှတ်တမ်းမော်ကွန်းတွေကိုအသုံးပြုပြီး ရည်ညွှန်းကိုးကားဖို့ အထောက်အကူပြုလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ရယူစုဆောင်းခြင်းအနေနဲ့ ပြည်ထောင်စုဝန်ကြီးရုံးတွေ၊ အစိုးရဌာနတွေ၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရဌာနတွေမှာ မှတ်တမ်းတွေ ရယူစုဆောင်းနေပါတယ်။ ထိန်းသိမ်းမှုအနေနဲ့ကတော့ စက္ကူမှတ်တမ်း conventional records တွေကို အပူချိန်၊ စိုထိုင်းဆတွေနဲ့ ထိန်းချုပ်ထားပါတယ်။ brittle fragile ဖြစ်စေမယ့် မှတ်တမ်းတွေကိုတော့ ပိုးသတ်ခြင်း၊ အက်စစ်ချွတ်ခြင်း၊ Tissue အသုံးပြုပြင်ဆင်ခြင်းနဲ့ Archival နည်းပညာနဲ့ချုပ်ခြင်းတွေ စီမံဆောင်ရွက်ထားပါတယ်။ အနာဂတ်အတွက် စီမံထားမှုကတော့ computer စနစ်မထွန်းကားစဉ်မှာ မိုက်ကရိုဖလင် ရိုက်ကူးသိမ်းပြီး အခုတော့ ဒစ်ဂျစ်တယ်စနစ်နဲ့ ပြောင်းလဲသိမ်းဆည်းပါတယ်။

ပြည်သူလူထုကို ဝန်ဆောင်မှုပေးရာမှာတော့ အစိုးရဌာနတွေ၊ ကျောင်းသား ကျောင်းသူတွေ၊ တက္ကသိုလ် ဆရာ ဆရာမတွေ၊ အထောက်အထားရှာဖွေလိုသူ ပြည်သူလူထုကို ဥပဒေနဲ့အညီ ဖတ်ရှုခွင့်၊ မိတ္တူကူးယူခွင့်လည်း ပေးထားပါတယ်။ မော်ကွန်းတိုက်မှာတော့ holding list ကို ၁၉၉၉ ခုနှစ်ကစပြီး database မှာရှာဖွေနိုင်ဖို့ စီစဉ်ထားပါတယ်။

**မေး။ ။ မော်ကွန်းတိုက်ထဲမှာ ဘယ်လိုအကြောင်းအရာတွေ သိမ်းဆည်းထားလဲဆိုတာ ရှင်းပြပေးပါ။**

ဖြေ။ ။ ခေတ်အဆက်ဆက် အစိုးရတွေရဲ့စီမံခန့်ခွဲအုပ်ချုပ်ပုံ၊ ချမှတ်ထားတဲ့မူဝါဒ၊ မူဝါဒကို အကောင်အထည်ဖော်တဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေ၊ အရေးကြီးအစည်းအဝေးမှတ်တမ်းတွေ၊ စည်းမျဉ်းစည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေ၊ စီမံကိန်း၊ စီမံချက်၊ ကိန်းဂဏန်းစာရင်းဇယား၊ ခေတ်အဆက်ဆက်ဆိုတဲ့ အတိုင်း ဘုရင်ခေတ်ကနေ ဒီနေ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအထိ ခေတ်အလိုက် သိမ်းဆည်းထားပါတယ်။

ဘုရင်ခေတ်ကတော့ ကုန်းဘောင်မင်းဆက် ဒုတိယနောက်ဆုံးမင်းနဲ့ နောက်ဆုံးမင်းဆက်ဖြစ်တဲ့ မင်းတုန်းမင်း၊ သီပေါမင်းတို့ရဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ပုံမှတ်တမ်းတွေ သိမ်းဆည်းထားပါတယ်။ မင်းတုန်းမင်းလက်ထက်မှာဆိုရင် အောက်မြန်မာနိုင်ငံက ကိုလိုနီပိုင်နယ်မြေဖြစ်ပြီး အထက်မြန်မာနိုင်ငံကို မင်းတုန်းမင်းပြီးတော့ သီပေါမင်း အုပ်ချုပ်နေချိန်ဖြစ်ပါတယ်။

အထူးသဖြင့်တော့ အောက်မြန်မာနိုင်ငံနဲ့ မြန်မာဘုရင်တို့ ဆက်သွယ်မှု စာပေးစာယူမှတ်တမ်းတွေဖြစ်ပါတယ်။ British Administration မှတ်တမ်းများစွာ သိမ်းဆည်းထားပါတယ်။ British စီမံအုပ်ချုပ်ပုံမှတ်တမ်းစာတွဲပေါင်း ၃၇၀၀၀ ကျော် သိမ်းဆည်းထားပါတယ်။

ဒါ့ပြင် ကိုလိုနီခေတ်ပြန်တမ်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ Gazetteer၊ Civil List၊ Act၊ Law၊ Code၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းတွေ သိမ်းဆည်းထားရှိပါတယ်။ အဲ့ဒီနောက် ဂျပန်ခေတ်မှတ်တမ်းတွေ BDA, BIA ဖွဲ့စည်းမှု၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှတ်တမ်းတွေ (ပင်လုံ၊ အောင်ဆန်း-အက်တလီ၊ နု-အက်တလီ၊ တိုင်းပြုပြည်ပြု လွှတ်တော်မှတ်တမ်း)၊ လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ်မှတ်တမ်းတွေ၊ တော်လှန်ရေးကောင်စီခေတ်မှတ်တမ်းတွေ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ် မှတ်တမ်းတွေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှတ်တမ်းတွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်မှတ်တမ်းတွေနဲ့ ဒီနေ့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ခေတ်မှတ်တမ်းတွေကို သိမ်းဆည်းထားပါတယ်။ ထင်ရှားတဲ့ မော်ကွန်းအထောက်အထားတွေကတော့ မဟာဗန္ဓုလပေစာ (၁၈၂၄)၊ ရန္တပိုစာချုပ်(၁၈၂၆)၊ မင်းတုန်းမင်းအမိန့်တော်ပြန်တမ်း(၁၈၅၅)၊ မြန်မာ-ဂျာမန် ချစ်ကြည်ရေးစာချုပ်(၁၈၈၅)၊ ဂျပန်ခေတ် ရွှေရည်စိမ်လွတ်လပ်ရေး ကြေညာစာတမ်း (၁၉၄၃)၊ အောင်ဆန်း-အက်တလီစာချုပ်(၁၉၄၇)၊ ပင်လုံစာချုပ်(၁၉၄၇)၊ နု-အက်တလီ စာချုပ်(၁၉၄၇)နဲ့ လွတ်လပ်ရေးကြေညာစာတမ်းတို့ ဖြစ်ပါတယ်။

**မေး။ ။ နိုင်ငံတော်နဲ့ပြည်သူ့အတွက် ဒီမော်ကွန်းတိုက်တွေဟာ ဘယ်လောက်ထိအရေးပါသလဲ၊ ဘာကြောင့် အရေးပါသလဲဆိုတာကိုလည်း ပြောပြပေးပါ။**



**"ပြည်သူလူထုကို ဝန်ဆောင်မှုပေးရာမှာတော့ အစိုးရဌာနတွေ၊ ကျောင်းသား ကျောင်းသူတွေ၊ တက္ကသိုလ် ဆရာ ဆရာမတွေ၊ အထောက်အထားရှာဖွေလိုသူ ပြည်သူလူထုကို ဥပဒေနဲ့အညီ ဖတ်ရှုခွင့်၊ မိတ္တူကူးယူခွင့်လည်း ပေးထား"**

ဖြေ။ ။ နိုင်ငံတစ်နိုင်ငံသတ်မှတ်မယ်ဆိုရင် ဒီနိုင်ငံမှာတိကျတဲ့ နယ်နိမိတ်ရှိရမယ်၊ အချုပ်အခြာအာဏာရှိရမယ်၊ ခေါင်းဆောင်ရှိရမယ်၊ နိုင်ငံသားတွေရှိရမယ်၊ နိုင်ငံတော် တံဆိပ်၊ အလံတို့နဲ့အတူ ဘာသာစကား၊ စာပေရှိရပါမယ်။ မော်ကွန်းတိုက်မှာ ထိန်းသိမ်းထားတဲ့ စာပေအဖြစ်မှတ်တမ်းတင်ထားတဲ့ မှတ်တမ်း၊ မော်ကွန်းတွေမှာ စောစောက ဖော်ပြခဲ့တဲ့ ကိုလိုနီခေတ် မှတ်တမ်းမော်ကွန်းတွေဟာဆိုရင် နှစ် ၂၀၀ လောက်က အထောက်အထားတွေဖြစ်တဲ့အတွက် မော်ကွန်းတိုက်သာ မရှိခဲ့ရင် ဒီအထောက်အထားတွေကို ဘယ်မှာမှရှာဖွေလို့ မရနိုင်တော့ပါဘူး။ ဒီအထောက်အထားတွေဟာ နိုင်ငံတော်ရဲ့ သမိုင်းလည်းဖြစ်တယ်၊ မှတ်တမ်းအမွေအနှစ်တွေလည်းဖြစ်တယ်၊ နောင်လာနောက်သားတွေအတွက် လုပ်ငန်းဆောင်ရွက်ရာမှာ အထောက်အထားအဖြစ်လည်း အသုံးပြုနိုင်တယ်၊ ဥပမာဆိုရင် ပါလီမန်ဒီမိုကရေစီခေတ်က ပထမအကြိမ် လွှတ်တော်ရှိခဲ့တယ်၊ အခုပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ခေတ် လွှတ်တော်မှာလည်း ပထမအကြိမ် လွှတ်တော်မှတ်တမ်းတွေကို ကိုးကားအသုံးချနိုင်ခဲ့တယ်၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေဖြစ်ပေါ်လာဖို့အတွက် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်မှာရှိတဲ့ ၁၉၄၇ ခုနှစ်နဲ့ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေတွေကို နမူနာယူပြီးကိုးကားအသုံးပြုခဲ့ကြပါတယ်၊ မှတ်တမ်းမော်ကွန်းတွေသာ မရရင် ကိုးကားနိုင်မှာ မဟုတ်ပါဘူး။ ကိုးကားနိုင်မှသာလျှင် နိုင်ငံတော်အတွက် ကောင်းမွန်တဲ့စီမံခန့်ခွဲမှုနဲ့ အုပ်ချုပ်ရေးစနစ်တွေ ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ ဒီကောင်းမွန်တဲ့ ရလဒ်တွေကို ပြည်သူလူထုက အကျိုးခံစားခွင့်ရရှိမှာ ဖြစ်ပါတယ်။

**မေး။ ။ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနအနေနဲ့ မော်ကွန်းတိုက်ထဲမှာ သိမ်းဆည်းထားတဲ့ မှတ်တမ်း၊ မော်ကွန်းတွေကို ဘယ်လိုနည်းစနစ်တွေနဲ့ သိမ်းဆည်းထားလဲ။ ဒီလို ထိန်းသိမ်းထားမှုအပေါ်မှာရော ပြည်ပနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို ပြောပြပေးပါ။**

ဖြေ။ ။ မော်ကွန်းတိုက်ဦးစီးဌာနအနေနဲ့ လုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ICA၊ SARBICA အဖွဲ့တွေရဲ့ လုပ်ထုံးလုပ်နည်းစနစ်တွေနဲ့အညီ ဆောင်ရွက်နေပါတယ်။ ရရှိလာတဲ့ မှတ်တမ်းမော်ကွန်းတွေကို အနာဂတ်အတွက် ရေရှည်သိမ်းဆည်းနိုင်ဖို့၊ သဘာဝဘေးအန္တရာယ်အတွက်လည်း လုံခြုံမှုရှိစေဖို့ နည်းပညာအမျိုးမျိုးနဲ့ ထိန်းသိမ်းတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ သဘာဝဘေးအန္တရာယ်အတွက် စီမံထားမှုကတော့ မော်ကွန်းတိုက်မှာရှိတဲ့ မှတ်တမ်းအထောက်အထားတွေကို မိတ္တူမှန်အဖြစ် ပုံပွားမိတ္တူတွေကူးယူပြီး ရန်ကုန်(ရုံးခွဲ)မှာ တစ်စုံ၊ နေပြည်တော် (ရုံးချုပ်)မှာ တစ်စုံစီ သိမ်းဆည်းထားရှိပါတယ်။ ထိန်းသိမ်းမှုအနေနဲ့ကတော့ စက္ကူမှတ်တမ်း conventional records တွေကို အပူချိန်၊ စိုထိုင်းဆတွေနဲ့ ထိန်းချုပ်ထားပါတယ်။

မော်ကွန်းတိုက် တည်ထောင်ပြီးခါစ ၁၀ နှစ်အကြာ ၁၉၈၂ ခုနှစ်မှာတော့ Strengthening of National Archives အစီအစဉ်နဲ့ UNDP က နည်းပညာနဲ့ လိုအပ်တဲ့ စက်ပစ္စည်းတွေ အထောက်အပံ့ပေးခဲ့တယ်။ နည်းပညာအနေနဲ့ကတော့ အနောက်နိုင်ငံတွေက မော်ကွန်းပညာရှင်တွေဆီမှာ မော်ကွန်းတိုက်ဝန်ထမ်းတွေကို မှတ်တမ်း၊ မော်ကွန်းစီမံခန့်ခွဲမှုပညာကို သင်ယူစေခဲ့တယ်။

ဒါ့ပြင် နိုင်ငံခြားတိုင်းပြည် မော်ကွန်းတိုက်တွေကိုလည်း သွားရောက်လေ့လာ သင်ယူစေခဲ့တယ်။ စက်ပစ္စည်းအနေနဲ့ကတော့ မိတ္တူကူးစက်၊ မိုက်ကရိုဖလင်ကင်မရာ၊ မိုက်ကရိုဖေ့စ်ကင်မရာ၊ မိုက်ကရိုဖလင်တွေနဲ့ Paper Conservation ဆောင်ရွက်နိုင်ဖို့ လိုအပ်တဲ့ပစ္စည်းတွေ ထောက်ပံ့ပေးခဲ့တယ်။ ဒီပရောဂျက်ဟာ ၁၉၈၈ မှာ ပြီးဆုံးသွားခဲ့တယ်။ ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေကို နိုင်ငံတကာမော်ကွန်းတိုက်တွေနဲ့ ညီညွတ်မှုရှိစေဖို့ ICA၊ SARBICA တို့နဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ ICA က ထုတ်ဝေတဲ့စာအုပ်၊ စာစောင်တွေနဲ့ ညီလာခံမှတ်တမ်းတွေမှာ နည်းပညာတွေနဲ့ SARBICA အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အတွက်ကြောင့် နှစ်စဉ်အစည်းအဝေးတွေမှာ အတွေ့အကြုံနဲ့ အသိပညာတွေကို မော်ကွန်းတိုက်မှာ ပြန်လည်အသုံးချနေခြင်းသာ ဖြစ်ပါတယ်။ ဥပမာပြောရရင် ထိန်းသိမ်းမှုစနစ် preservation နဲ့ ပတ်သက်ပြီး digital ခေတ်ရောက်နေတဲ့အတွက် software changes တွေ hardware obsolescence ဖြစ်မှုတွေ အမြဲကြုံတွေ့ရမှာဖြစ်တဲ့အတွက် နိုင်ငံတကာမှာ Digital Preservation ကို ဘယ်လိုဆောင်ရွက်နေသလဲဆိုတာကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး လေ့လာဆည်းပူးစံနမူနာယူပြီး ပူးပေါင်းဆောင်ရွက်နေပါတယ်။

**မေး။ ။ နိုင်ငံတော်အတွက်၊ ပြည်သူတွေအတွက် တစ်ဖက်တစ်လမ်းကနေ ဝန်ဆောင်မှုပေးနေတဲ့အခါ ပြည်သူတွေအနေနဲ့ ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိမလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ ပြည်သူတွေအတွက်ကတော့ သုတေသနဆောင်ရွက်လိုသူ၊ ကျမ်းပြုစုလိုသူ ကျောင်းသားကျောင်းသူ၊ ဆရာ ဆရာမတွေနဲ့ ပြည်သူလူထုအတွက် ခေတ်အဆက်ဆက် နိုင်ငံရဲ့အုပ်ချုပ်ရေး၊ စီပွားရေး၊ လူမှုရေး၊ တရားဥပဒေစိုးမိုးရေး၊ ကျန်းမာရေးစတဲ့ အထောက်အထားတွေကို ပံ့ပိုးပေးနိုင်တဲ့အတွက် ခေတ်စနစ်တွေကိုနှိုင်းယှဉ်မှု စာတမ်းတွေ ပြုစုနိုင်တယ်၊ အစိုးရဌာနတွေအတွက်ကတော့ လိုအပ်တဲ့ အထောက်အထားတွေဖြစ်တဲ့ အမိန့်ကြော်ငြာစာတွေ၊ ဌာနတွေရဲ့ဖွဲ့စည်းပုံတွေ၊ အရေးကြီးအစည်း အဝေးမှတ်တမ်းတွေ၊ ဥပဒေတွေ၊ နည်းဥပဒေတွေကို လာရောက်ရှာဖွေ ရယူနိုင်ခဲ့ကြပါတယ်။

အစိုးရဝန်ထမ်းတစ်ဦးတစ်ယောက်အနေနဲ့ ပင်စင်အတွက် သူတို့ရဲ့ ဌာနကူးပြောင်းခြင်း အထောက်အထား၊ လုပ်သက်ဆက်နိုင်ဖို့အတွက် ကူညီပေးနိုင်ခဲ့တယ်။ ပြည်သူလူထုအတွက်ဆိုရင်တော့ ဘိုးဘွားပိုင်မြေပိုင်ဆိုင်မှု အထောက်အထားတွေ၊ အမွေဆက်ခံမှုနဲ့ ပတ်သက်ပြီး တရားရုံးသက်သေပြနိုင်ဖို့ လာရောက်ရှာဖွေရာမှာလည်း ပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ ဒီအထောက်အထားတွေကိုတော့ နိုင်ငံတော်ပြန်တမ်းနဲ့ သတင်းစာတွေ ထိန်းသိမ်းထားရှိတဲ့အတွက် ပံ့ပိုးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုမျိုး အကျိုးကျေးဇူးတွေ ရရှိနိုင်တဲ့အတွက် ပြည်သူလူထုအနေနဲ့လည်း ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။ ဘယ်လိုမျိုး ပူးပေါင်းဆောင်ရွက်မလဲဆိုရင် အစိုးရဌာနတွေ ဆောင်ရွက်ပြီး ကိစ္စမှတ်တမ်းတွေ၊ စာချုပ်စာတမ်းတွေ၊ မြေပုံ၊ အဆောက်အဦပုံစံတွေကို လွှဲပြောင်းပေးသင့်တယ်။ ပြည်သူလူထုအနေနဲ့ မိမိတို့လက်ဝယ်ရှိ မှတ်တမ်းအထောက်အထားတွေကို လှူဒါန်းလိုရင် လှူဒါန်းခြင်းဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ပါတယ်။

**မေး။ ။ မော်ကွန်းတိုက်တွေ ဖွင့်လှစ်ထိန်းသိမ်းထားမှုနဲ့ ပတ်သက်လို့ အားနည်းချက် အားသာချက်တွေကိုလည်း ပြောပြပေးပါ။**

ဖြေ။ ။ အားသာချက်အနေနဲ့ ခေတ်အဆက်ဆက် အစိုးရ မူဝါဒ၊ မူဝါဒကို အကောင်အထည်ဖော်တဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို ချမှတ်ခဲ့တဲ့ ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ တရားစီရင်ရေးတွေ၊ အရေးကြီးအစည်းအဝေးမှတ်တမ်းတွေ၊ စီမံကိန်းတွေ၊ စီမံချက်တွေစတဲ့ မှတ်တမ်းမော်ကွန်းတွေ သိမ်းဆည်းနိုင်တဲ့အတွက် နိုင်ငံတော်အတွက်အရေးကြီးတဲ့ သမိုင်းတန်ဖိုးရှိမှတ်တမ်း အမွေအနှစ်တွေကို တစုတစည်းတည်း တည်ရှိနေစေပြီး နိုင်ငံတော်ရဲ့ရတနာသိုက်လို့ တင်စားခေါ်ဆိုနိုင်ပါတယ်။

အားနည်းချက်အနေနဲ့ အမျိုးသားမှတ်တမ်းနဲ့ မော်ကွန်းတိုက်ကို လူသိနည်းတဲ့အတွက် မှတ်တမ်းတွေရယူစုဆောင်းတဲ့နေရာမှာ အားနည်းနေတာပဲဖြစ်ပါတယ်။ မော်ကွန်းပညာရပ်နဲ့ ပတ်သက်ပြီး မျိုးဆက်ပြတ်လပ်မှုဖြစ်နေပါတယ်။ မော်ကွန်းတိုက်က ဝန်ထမ်းတွေဟာဆိုရင် မော်ကွန်းပညာရပ်နဲ့ ပတ်သက်ပြီး Degree ရရှိပြီးသူတစ်ယောက်မှ မရှိသေးပါဘူး။ ဒါကြောင့် ဝန်ထမ်းများကို Capacity Development လုပ်ပေးဖို့ လိုအပ်ပါတယ်။

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနကို အုပ်ချုပ်ရေးစနစ်သစ် ဖော်ထုတ်ရေးအစီအစဉ်အရ ၁၉၇၂ ခုနှစ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ အတွင်းဝန်များ ရုံးစာကြည့်တိုက်အနေဖြင့် ဝန်ထမ်း ၃၄ ဦးဖြင့် စတင် ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်၏ အရေးပါသော မှတ်တမ်းအမွေအနှစ်၊ သမိုင်းကြောင်း အထောက်အထားများ တစုတစည်းတည်း တည်ရှိစေကာ မပျောက်ပျက်စေရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**မွေးကြူဇင် (သတင်းစဉ်)၊ ဓာတ်ပုံ - ကျော်ရဲဆွေ**

# အကြမ်းဖက်တတ်တဲ့ခင်ပွန်းသည်တွေဟာ စိတ်ရောဂါသည်တွေလား၊ အိမ်တွင်းအကြမ်းဖက်မှုအတွက် မျှော်လင့်ချက်ရောင်ခြည်ရှိရဲ့လား

**မယ်လွန်း**

**"အိမ်တွင်းအကြမ်းဖက်မှုလို့ပြောရင်၊ ဒီလိုမျိုးသာ လုပ်ဆောင်နေမယ်ဆိုရင်၊ ဒါမျိုးအမှုတွေ ခဏခဏ ဖြေရှင်းနေရမှာပေ့ါ၊ ဒီဥပဒေက လက်တွေ့ကျပါ့မလားဆိုပြီးတော့ သံသယတွေ၊ စိုးရိမ်စိတ်တွေ ရှိနေတယ်၊ ဒါကို ပြဋ္ဌာန်းလို့ရှိရင် အမျိုးသမီးတွေက အမျိုးသားတွေအပေါ် နိုင်ကွက်တွေဖြစ်ကုန်မှာပေ့ါဆိုတဲ့ စိုးရိမ်ချက်တွေလည်းရှိနေတယ်"ဟု ညီမျှခြင်းမြန်မာရဲ့ ဒါရိုက်တာ ဦးအောင်မျိုးမင်းက ပြောပါတယ်။**

**နှိပ်စက်ညှဉ်းပန်းခံရမှု**

"--------ရဲ့ နှိပ်စက်မှုဒဏ်ကို မခံနိုင်တော့သဖြင့် ဆက်လက်မပေါင်းသင်းနိုင်တော့ပါကြောင်း" လို့ အစချီပြီး ဆရာဝန်မလေးတစ်ဦးတင်လိုက်တဲ့ အသံဖိုင်၊ ဓာတ်ပုံတွေနဲ့ ခင်ပွန်းသည် ဆရာဝန်ရဲ့ လူမဆန်စွာ နှိပ်စက်ညှဉ်းပန်းခံခဲ့ရတာတွေကို လူမှုကွန်ရက်စာမျက်နှာပေါ်မှာ တွေ့လိုက်ရတဲ့အချိန်မှာ လူမှုကွန်ရက်သုံးနေတဲ့ လူမျိုး ဘာသာ အသက်အရွယ်မရွေး လူတွေဟာ အံ့သြမှင်တက်ခဲ့ကြရပါတယ်။

ပရဟိတတွေလုပ်နေတဲ့ ငယ်ရွယ်ပြီး ချောမောလှပတဲ့ ဆရာဝန်မလေးနဲ့ ရုပ်ရည်အခံရှိတဲ့ ဆရာဝန်စုံတွဲတို့ရဲ့ကြည်နူးစရာကောင်းတဲ့ မင်္ဂလာဆောင်ပုံရိပ်လေးတွေကို လွန်ခဲ့တဲ့ သုံးလလောက်က တွေ့မြင်ခဲ့ကြရပြီး မကြာခင်မှာပဲ ဆရာဝန်မလေးက အခုလိုတရားစွဲဆိုလိုက်တာပါ။

လူမဆန်တဲ့ ရိုက်နှက်နှိပ်စက်မှုတွေကို ကြားသိရသူတွေကြားမှာ ဒီလောက်ရက်စက်မှုဟာ ပုံမှန်လူတစ်ယောက်က လုပ်ဖို့မလွယ်တာမို့ ဒီခင်ပွန်းသည် ဆရာဝန်ဟာ စိတ်ရောဂါများ ဖြစ်နေတာလားဆိုတဲ့ မေးခွန်းထုတ်မှုတွေလည်း ထွက်ပေါ်လာပါတယ်။

ဒီအမှုကို အချိန်ဘယ်လောက်ကြာကြာ စိတ်ရှည်ရှည်နဲ့ ရင်ဆိုင်သွားမယ်ဆိုပြီး ခင်ပွန်းသည် ဆရာဝန်ကို အပြင်းအထန်နာကျင်စေမှုဆိုင်ရာ ပုဒ်မ (၄)ခုနဲ့ သာကေတရဲစခန်းမှာ တိုင်တန်းတရားစွဲဆိုထားပြီး တရားခံက ရှောင်ပုန်းနေတဲ့အတွက် သာကေတ မြို့နယ်တရားရုံးကလည်း ပုဒ်မ ၅၁၂/၅၁၄ နဲ့ ထပ်မံတရားစွဲဆိုထားတယ်လို့ သိရပါတယ်။

အခုချိန်မှာ သီလရှင်ဝတ်နေဆဲဖြစ်တဲ့ ဆရာဝန်မလေးကတော့ သာသနာ့ဘောင်မှာဖြစ်တဲ့အတွက် ဖြေကြားဖို့ မသင့်တော်တာမို့ အမှုစွဲထားတဲ့အခြေအနေကို အသေးစိတ် ဖြေကြားဖို့ ငြင်းဆန်ခဲ့ပါတယ်။

**နမ္မတူမြို့က တကယ့်ဖြစ်ရပ်**

ဒီလိုဖြစ်ရပ်မျိုးတွေဟာ အခုမှထူးထူးဆန်းဆန်း ထွက်ပေါ်လာတာတော့ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ လေးနှစ်ကျော်ကလည်း ရှမ်းပြည်နယ် နမ္မတူမြို့နယ်က ခိုဖိတ်ကျေးရွာမှာ အသက်သေဆုံးဖို့အထိ ရည်ရွယ်လုပ်ကြံခဲ့တဲ့ တကယ့်ဖြစ်ရပ်တစ်ခုလည်း ရှိခဲ့ဖူးပါတယ်။

ဒါကတော့ လင်ယောက်ျားဟာ ဇနီးသည်နဲ့ ကလေးနှစ်ဦး အိပ်နေချိန်မှာ အိမ်ကိုမီးရှို့ခဲ့တဲ့ ဖြစ်ရပ်ပဲဖြစ်ပါတယ်။ အရက်မူးတာကြောင့်လား၊ ဆေးကြောင်တာလားဆိုတာကတော့ ဒေသခံတွေအပါအဝင် တာဝန်ရှိသူတွေက အခုထိ မေးခွန်းရှိနေဆဲပါ။

"သူတို့သားအမိတွေက အိမ်ထဲမှာရှိနေတော့ ဘယ်သူမှ မကယ်နိုင်ဘူးလေ၊ တစ်အိမ်လုံး မီးလောင်သွားတာ၊ အပြင်ကနေ မီးရှို့လိုက်တော့ သူတို့သားအမိက အိမ်ထဲမှာ ချာလပတ်လည်ပြေးပြီးတော့မှ ပြတင်းပေါက်ကနေ ထွက်ခဲ့ရတာ"လို့တွေ့မြင်ခဲ့သူ ဒေသခံတစ်ဦးက အခင်းဖြစ်ပွားခဲ့တာကို ပြောပြခဲ့ပါတယ်။

ဒီအမှုကို ရဲစခန်းတိုင်ကြားခဲ့ပေမယ့်လည်း စိတ်ဝေဒနာသည်လို့ ကောက်ချက်ချကာ အရေးယူမှုတွေ မလုပ်ခဲ့ဘူးလို့ ဒေသခံတွေက ပြောပါတယ်။

"ရဲတွေနဲ့ ရွာသူကြီးက ဒီကောင်အရက်မူးလို့ ဆေးကြောင်လို့ဆိုပြီး၊ ရူးနေတယ်ဆိုပြီး၊ ရဲတွေက အရေးယူလို့ မရသလိုလိုနဲ့ သူတို့ခြံဝင်းထဲက သစ်ပင်အကြီးကြီးမှာ ကြိုးနဲ့ချည်ထားခဲ့ကြတယ်၊ နောက် သုံး၊ လေးရက်နေတော့ သူတို့ဆွေမျိုးတွေ ဆီကိုပို့လိုက်တယ်၊ အခုချိန်ထိ ဒီလူပေါ်မလာတော့ဘူး၊ ရူးသွားပြီလို့တော့ ပြောတာကြားတယ်၊ ဘယ်သူမှတော့ ဟုတ်၊ မဟုတ် သွားမကြည့်နိုင်ဘူးလေ"

**စိတ်ရောဂါနဲ့ ဆက်စပ်နေသလား**

ဒီလို ကိုယ့်ဇနီးမယားကို လူမဆန်စွာ ရိုက်နှက်ညှဉ်းပန်းတတ်တဲ့ အလေ့အထတွေဟာ တကယ်ပဲ စိတ်ရောဂါနဲ့ဆက်စပ်နေတာလားဆိုတာ မေးခွန်းထုတ်စရာဖြစ်လာပါတယ်။

မြန်မာနိုင်ငံ ဆရာဝန်များအသင်း၊ စိတ်ကျန်းမာရေးပညာအဖွဲ့ရဲ့ဥက္ကဋ္ဌလည်းဖြစ်ပြီး စိတ်ကျန်းမာရေး အထူးကုဆရာဝန်ကြီးတစ်ဦးလည်းဖြစ်တဲ့ ဒေါက်တာစိုးမင်းကတော့ ဇနီးမယား၊ ဘဝလက်တွဲဖော်ကို အကြမ်းဖက်မှုကိစ္စတွေဟာ အကြောင်းအမျိုးမျိုးအပေါ်မှာ အခြေခံဖြစ်လာတတ်ပြီး ဒီလိုလုပ်ရပ်တိုင်းကိုတော့ စိတ်ဝေဒနာတစ်ခုခုကြောင့်လို့ အမြဲတမ်းပြောလို့မရပါဘူးလို့ ဆိုပါတယ်။

"အကြမ်းဖက်မှုလုပ်ဆောင်တဲ့ ကာယကံရှင်နဲ့ သက်ဆိုင်နေတဲ့အချက်တွေကတော့ သူကြီးပြင်းခဲ့ရတဲ့ ပတ်ဝန်းကျင်ရဲ့ ပုံသွင်းမှု၊ သူ့ရဲ့စွဲမြဲခံယူထားတဲ့ Mindset (အတွေးအမြင်)၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ အိမ်ထောင်ရေးဆိုင်ရာ ဖိစီးမှုတွေ၊ ဖိစီးမှုဒဏ်တွေကို ခံနိုင်ရည်စွမ်းရည်၊ ကိုယ်ရည်ကိုယ်သွေးနဲ့ ကိုယ်ရည်ကိုယ်သွေးပိုင်းဆိုင်ရာ အခက်အခဲပြဿနာ၊ အရက်၊ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ ဆေးတွေသုံးစွဲမှု ပြဿနာ၊ စိတ်ပိုင်းဆိုင်ရာ ဝေဒနာတစ်ခုခု ခံစားနေရတတ်တာ စတာမျိုးတွေပဲဖြစ်ပါတယ်" လို့ ဒေါက်တာစိုးမင်းက ရှင်းပြပါတယ်။

ဒါပေမယ့် ဒီလိုအိမ်တွင်းအကြမ်းဖက်မှု ဖြစ်လာပြီဆိုရင် စိတ်ရောဂါကြောင့်ဖြစ်တာလား ဆိုတာကိုတော့ သေချာစမ်းသပ်စစ်ဆေးမှုတွေ စနစ်တကျပြုလုပ်ပြီးမှ ပြောတာက ပိုသေချာပါတယ်လို့ သူကဆိုပါတယ်။

**အိမ်တွင်းအကြမ်းဖက်မှု အသက်အန္တရာယ်ခြိမ်းခြောက်**

အခုလို အိမ်ထောင်သည်တွေကြားထဲမှာ ဖြစ်ပွားတဲ့ အိမ်တွင်းအကြမ်းဖက်မှုတွေဟာ အသက်အန္တရာယ်ခြိမ်းခြောက်လာတဲ့အထိ ဖြစ်လာတာတွေရှိသလို အသက်အန္တရာယ်ကို တိုက်ရိုက်မခြိမ်းခြောက်ပေမယ့်လည်း စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ ဆိုးရွားတဲ့ နှိပ်စက်ညှဉ်းပန်းမှုတွေ မြန်မာ့လူ့အဖွဲ့အစည်းမှာ အများအပြားရှိနေပါတယ်။

**❑ အိမ်ထောင်သည်တွေကြားထဲမှာဖြစ်ပွားတဲ့ အိမ်တွင်းအကြမ်းဖက်မှုတွေဟာ အသက်အန္တရာယ်ခြိမ်းခြောက်လာတဲ့အထိ ဖြစ်လာတာတွေရှိသလို အသက်အန္တရာယ်ကို တိုက်ရိုက်မခြိမ်းခြောက်ပေမယ့်လည်း စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ ဆိုးရွားတဲ့ နှိပ်စက်ညှဉ်းပန်းမှုတွေ မြန်မာ့လူ့အဖွဲ့အစည်းမှာ အများအပြားရှိနေ**

**❑ အိမ်တွင်းအကြမ်းဖက်မှုတွေကနေ အမျိုးသမီးတွေကို ကာကွယ်ပေးဖို့အတွက် တိကျတဲ့ဥပဒေတွေ ပြဋ္ဌာန်းပေးဖို့ အမျိုးသမီးအရေးလှုပ်ရှားသူတွေက ဖိအားပေးတောင်းဆို**

အသက်အန္တရာယ်ကို မခြိမ်းခြောက်သရွေ့ ဒီလိုဖြစ်ရပ်တွေကို သာမန်ဖြစ်ရိုးဖြစ်စဉ်တစ်ခုအနေနဲ့ လူ့အသိုင်းအဝိုင်းက လက်ခံနေကြတယ်လို့ မြန်မာ့အမျိုးသမီးသမဂ္ဂရဲ့ တွဲဖက်အထွေထွေအတွင်းရေးမှူး (၂) မယဉ်မျိုးလှိုင်က အဖွဲ့ရဲ့အမျိုးသမီးရေးဆိုင်ရာ ပညာပေးစည်းရုံးမှုတွေ နယ်အသီးသီးမှာ လုပ်ဆောင်နေရာမှာ ကြုံတွေ့ရတဲ့ အခြေအနေကို ပြောပါတယ်။

"နိစ္စဓူဝ နေရာတိုင်းမှာ ဖြစ်နေတယ်၊ လူတွေရဲ့သတ်မှတ်ချက်က ဒါကိုအကြမ်းဖက်မှုလို့ မမြင်ဘူး၊ ဒီလိုအိမ်တွင်းအကြမ်းဖက်မှုက သူတို့အတွက် သမားရိုးကျ ယဉ်ကျေးမှုတစ်ခုလို ဖြစ်နေတယ်"

ဒီလိုအခြေအနေတွေဟာ စိတ်ပိုင်းဆိုင်ရာ ခံစားမှုတစ်ခုခုနဲ့ ဘဝကို ဖြတ်သန်းခဲ့ရသူတွေရယ်၊ ရိုက်နှက်ရမှ စိတ်ချမ်းသာပြီး သွေးထွက်သံယိုမှုတွေ၊ နာကျင်မှုတွေကိုမြင်ရမှ စိတ်ထဲမှာကျေနပ်တဲ့ စိတ်ပိုင်းဆိုင်ရာ ခံစားတဲ့သူတွေရှိသလို ဒီလိုအမူအကျင့်တွေရရှိလာအောင် သင်ကြားပေးခဲ့တဲ့ သွန်သင်ဆုံးမချက်တွေကြောင့်လည်း ဖြစ်တယ်လို့ ညီမျှခြင်းမြန်မာ (Equality Myanmar) အဖွဲ့ရဲ့ဒါရိုက်တာ ဦးအောင်မျိုးမင်းက ဆိုပါတယ်။

"အမျိုးသမီးတွေကို သမီးရည်းစားအဖြစ်၊ ဇနီးမယားအဖြစ်၊ ပိုင်ဆိုင်ထားပြီ ဒါမှမဟုတ် ကိုယ်နဲ့ ချစ်ကျွမ်းဝင်ပြီဆိုရင် ဒါဟာ ငါပိုင်တဲ့ ပစ္စည်းတစ်ခုလို့မြင်သွားတယ်၊ ဒါကြောင့် ငါ့မှာ သွန်သင်ဆုံးမခွင့်ရှိတယ်ဆိုတဲ့ အယူအဆအစွဲ၊ မဟာဖိုဝါဒစိတ်ဓာတ်ကြောင့် ဒါတွေအများဆုံးဖြစ်တာ များပါတယ်၊ ဒါတွေက ဘယ်ကနေလာသလဲဆိုတော့ လူတွေရဲ့သွန်သင်ဆုံးမမှု၊ "အရိုးကွဲအောင်ရိုက်မှ အသည်းစွဲအောင်ချစ်မယ်"ဆိုတဲ့ စကားမျိုးတွေ၊ နောက်ပြီးတော့ ဇနီးမယားတွေကို ဒီလိုမျိုးရိုက်နှက်ဖို့အတွက် လင်ယောက်ျားတွေမှာ လုပ်ပိုင်ခွင့်ရှိတယ်ဆိုတဲ့ သွန်သင်ဆုံးမချက်တွေကနေ ဝင်လာတာ"

**အမျိုးသမီးတွေကိုကာကွယ်ပေးရန် ဥပဒေပြဋ္ဌာန်းပေးရေး**

ဒီလို အိမ်တွင်းအကြမ်းဖက်မှုတွေကနေ အမျိုးသမီးတွေကို ကာကွယ်ပေးဖို့အတွက် တိကျတဲ့ဥပဒေတွေ ပြဋ္ဌာန်းပေးဖို့ အမျိုးသမီးရေးလှုပ်ရှားသူတွေက ဖိအားပေးတောင်းဆိုမှုတွေ ရှိနေပါတယ်။

မြန်မာနိုင်ငံမှာ အိမ်တွင်းအကြမ်းဖက်မှုအတွက် သီးခြားပြဋ္ဌာန်းထားတဲ့ဥပဒေမရှိသေးပေမယ့်လည်း အိမ်တွင်းပြဿနာအားလုံးအတွက်က ရာဇသတ်ကြီးဥပဒေထဲမှာ ပြဋ္ဌာန်းပြီးသားပါလို့ ဥပဒေအကြံပေး ရှေ့နေဦးခင်မောင်မြင့်က ပြောပါတယ်။

"ပုဒ်မ (၃၂၃)၊ (၃၂၄)၊ (၃၂၅)၊ (၃၂၆) တွေဖြစ်တဲ့ အပြင်းအထန် နာကျင်စေမှုပုဒ်မတွေဟာ လင်မယားချင်း ကျူးလွန်လို့ရတယ်လို့ ဥပဒေအရ ခွင့်ပြုပေးမထားဘူး၊ ယောက်ျားလုပ်တဲ့သူက ဇနီးဖြစ်တဲ့သူကို ဒေါသဖြစ်လို့ ရိုက်တာကို ဥပဒေက ခွင့်မပြုဘူး၊ အလားတူပဲ ပုဒ်မ (၃၇၆)သည် ဇနီးဖြစ်သူကို အလိုမတူဘဲနဲ့ သားမယားအဖြစ် ကျူးလွန်ခဲ့ရင် ပြစ်ဒဏ် ၂ နှစ်ထိ ထောင်ချနိုင်တဲ့ ပြစ်မှုမျိုးဖြစ်တယ်"လို့ ရှေ့နေ ဦးခင်မောင်မြင့်က ဆိုပါတယ်။

အခုလို ရိုက်နှက်မှုအတွက် ရာဇသတ်ကြီးဥပဒေရှိပေမယ့်လည်း အသက်အန္တရာယ်မခြိမ်းခြောက်သရွေ့ ဒီလိုအိမ်တွင်းအကြမ်းဖက်မှုတွေ တရားခွင်ကို ရောက်လာဖို့ကတော့ အကန့်အသတ်တွေ ရှိနေဆဲပဲဖြစ်ပါတယ်။

**တိုင်ကြားလာရင် အရေးယူဖို့လို**

"ကျွန်တော်တို့ပတ်ဝန်းကျင်ကိုက အိမ်တွင်းအကြမ်းဖက်မှုဆိုလို့ရှိရင် ကြားဝင်စရာမလိုဘူး၊ ခဏနေ ပြန်တည့်သွားမှာပဲ၊ ဒါလေးက ဘာများထိခိုက်သွားလို့လဲ၊ ဘာများဆိုးရွားသွားလို့လဲ၊ လင်နဲ့မယား လျှာနဲ့သွား၊ ကတောက်ကဆတ်တော့ ဖြစ်မှာပဲဆိုတဲ့ အယူအဆတွေက ရှိနေသေးတဲ့အတွက် ဥပဒေက စာအုပ်ထဲမှာရှိသည့်တိုင်အောင် တကယ့်မြေပြင်မှာ၊ အောက်ခြေရပ်ရွာမှာ၊ ရပ်ကွက်တွေထဲမှာ၊ လမ်းတွေထဲမှာ၊ ဒီဟာကို တိုင်ကြားဖို့အတွက် တိုင်ကြားလာလို့ရှိရင်လည်း အရေးယူဖို့အတွက် လုပ်ဆောင်ပေးဖို့၊ ပညာပေးမှုက နောက်ထပ် ထပ်ပြီးတော့လိုမယ်"လို့ ဦးအောင်မျိုးမင်းက ပြောပါတယ်။

ဒီရာဇသတ်ကြီးဥပဒေတွေကတော့ ရိုက်နှက်ညှဉ်းပန်းမှုတစ်ခုတည်းအတွက် ဖြစ်ပါတယ်။ တခြားစိတ်ပိုင်းဆိုင်ရာ၊ အကြမ်းဖက်မှုတွေနဲ့ အကျုံးမဝင်ပါဘူး။ တစ်ချိန်တည်းမှာလည်း ဒီလိုရိုက်နှက်ညှဉ်းပန်းမှုတွေအတွက် ရာဇသတ်ကြီးဥပဒေတွေရှိနေပေမယ့်လည်း ကျူးလွန်သူဟာ စိတ်ဝေဒနာသည်ဖြစ်ရင် ကျူးလွန်ခံရသူ ဇနီးမယားအတွက် တရားဥပဒေက တရားမျှတမှု မပေးနိုင်ပါဘူး။

ပုဒ်မ (၈၄)အရ ကျူးလွန်သူဟာ ကျူးလွန်ချိန်မှာ စိတ်ပေါ့သွပ်နေသူဖြစ်ကြောင်း အထောက်အထားခိုင်လုံရင်တော့ သူ့ရဲ့ပြုမူဆောင်ရွက်မှုကြောင့် တစ်ဖက်က နစ်နာသွားတာမှန်ပေမယ့် ကျူးလွန်သူက ရာဇဝတ်မှုမမြောက်လို့ အပြစ်ကင်းလွတ်ခွင့်ရှိတယ်လို့ ရှေ့နေက ဆက်ပြောပါတယ်။

ရှမ်းပြည်နယ် နမ္မတူမြို့နယ် ခိုဖိတ်ကျေးရွာက အိမ်မီးရှို့ပြီး အသက်အန္တရာယ်ခြိမ်းခြောက်ခံရသူ အသက် ၄၀ ကျော် အမျိုးသမီးကတော့ သူရင်ဆိုင်ခဲ့ရတဲ့ အသက်အန္တရာယ်အတွက် ဥပဒေရဲ့ကာကွယ်ပေးမှုကို မရခဲ့ပါဘူး။ စိတ်ပေါ့သွပ်သူအဖြစ် သတ်မှတ်ပြီး လင်ယောက်ျားကို လွှတ်ပေးလိုက်ပြီး ဆင်းရဲတဲ့ သူမဘဝကတော့ မီးရှို့ခံရတဲ့အိမ်ကိုလည်း သေချာပြန်မဆောက်နိုင်ခဲ့သလို အသက် ၁၂ နှစ်အရွယ် သားနဲ့ သုံးတန်းအရွယ် သမီးတို့အတွက် အခုချိန်ထိ ဆင်းဆင်းရဲရဲ ရုန်းကန်နေရတုန်းဖြစ်ပါတယ်။

"အိမ်တောင်မှ ဘယ်သူမှ လာမဆောက်ပေးပါဘူး၊ ဆင်းရဲတော့ အိမ်တောင်သေးသေးလေးပဲ" လို့ ဒေသခံအမျိုးသမီးတစ်ဦးက ပြောပြတာဖြစ်ပါတယ်။

ဒီလိုအိမ်တွင်းအကြမ်းဖက်မှု ကျူးလွန်မှုတွေကို ဥပဒေအရ စိတ်ပေါ့သွပ်သူဆိုပြီး အပြစ်ကင်းလွတ်ခွင့်ရပေမယ့် လုံးလုံးလွှတ်ထားလို့တော့မရဘူးလို့ ညီမျှခြင်းမြန်မာရဲ့ ဒါရိုက်တာ ဦးအောင်မျိုးမင်းက ထောက်ပြပါတယ်။

**တရားဥပဒေအရရော၊ စိတ်ပိုင်းဆိုင်ရာအရရော**

"အရူးလက်မှတ်ရထားပြီး လူတွေကို လိုက်ဒုက္ခပေးနေရင်ရော လက်ခံမလား၊ ခံရတဲ့သူတွေကရော လူသားတွေမဟုတ်ဘူးလားဆိုတဲ့ မေးခွန်းက ဖြစ်လာပါတယ်၊ ဥပဒေအရကျူးလွန်တဲ့ဆီမှာ စိတ်ပိုင်းဆိုင်ရာဝေဒနာ ခံစားနေရတဲ့အတွက်ကြောင့်မို့လို့ သူ့ကို ရာဇဝတ်မှုအရ အရေးယူမှုမရှိသည့်တိုင်အောင် ဒါမျိုးတွေမဖြစ်အောင် ကာကွယ်ပေးဖို့ ဒါမျိုးတွေအတွက် အန္တရာယ်ပေးနိုင်မှုကို ခံစားနိုင်တဲ့ မိသားစုတွေ၊ ဇနီးတွေ၊ သားသမီးတွေ နောက်တစ်ခါ ဒါမျိုးမဖြစ်အောင် ကာကွယ်ပေးမှုကတော့ တရားဥပဒေစိုးမိုးရေးအရရော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအရပါ လုပ်ဆောင်ပေးရမယ့် တာဝန်ရှိပါတယ်"လို့ သူက ဆိုပါတယ်။

အိမ်တွင်းအကြမ်းဖက်မှုအပါအဝင် အမျိုးသမီးတွေအပေါ် နည်းမျိုးစုံနဲ့ အကြမ်းဖက်မှုတွေကို ဥပဒေရဲ့ဘောင်ထဲကနေ ပြည့်ပြည့်ဝဝ အကာအကွယ်ရနိုင်ဖို့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာဥပဒေ (PoVAW Law) ကို အရပ်ဘက် အဖွဲ့အစည်းတွေရဲ့ ပူးပေါင်းမှုနဲ့အတူ ဥပဒေမူကြမ်းတစ်ခု တင်သွင်းထားတာရှိပေမယ့် အခုချိန်ထိတော့ ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းဖို့ နှောင့်နှေးကြန့်ကြာနေဆဲပဲပါ။

"ဒီလိုနှောင့်နှေးနေမှုဟာ အိမ်တွင်းအကြမ်းဖက်မှုအတွက် သီးခြားဥပဒေပြဋ္ဌာန်းဖို့ လို မလိုဆိုတဲ့ မတူညီတဲ့ အမြင်တွေ လွှတ်တော်အတွင်းမှာ ရှိနေလို့ဖြစ်တယ်"လို့ ဥပဒေအကြံပေး ဦးခင်မောင်မြင့်က ဆိုပါတယ်။

"ရာဇသတ်ကြီးအပါအဝင် တည်ဆဲဥပဒေထဲမှာကိုပဲ အကာအကွယ်ပေးထားတဲ့ ဥပဒေတွေရှိတယ်၊ အဲဒါတွေကနေ တရားစွဲဆိုအရေးယူလို့ရပါလျက်နဲ့ သီးခြားဥပဒေပြဋ္ဌာန်းလိုက်ရင် ဥပဒေအချင်းချင်း ပဋိပက္ခဖြစ်မယ်ဆိုပြီး တချို့လည်း ထောက်ပြဝေဖန်ပြီး လွှတ်တော်ထဲမှာပဲ တချို့ဥပဒေကြမ်းတွေဟာ ဘက်နှစ်ဖက်ဖြစ်နေတဲ့အတွက်၊ ငြင်းခုံဆွေးနွေးနေရတဲ့အတွက်၊ အတည်မပြုနိုင်သေးတဲ့အတွက် ကြန့်ကြာနေတာလည်းရှိပါတယ်"

ဒီအခြေအနေတွေကိုကြည့်ရင် ပညာပေးမှုတွေလုပ်တဲ့အခါမှာ အခြေခံလူထုတွေအပြင် ရပ်ရွာ ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့တွေကနေ ဥပဒေရေးဆွဲသူတွေနဲ့ အစိုးရပိုင်းထိပ်သီးခေါင်းဆောင်တွေအထိ အိမ်တွင်းအကြမ်းဖက်မှုကို ဥပဒေအရ ဖြေရှင်းကိုင်တွယ်ရမယ့် ပြဿနာတစ်ရပ်အဖြစ် နားလည်လက်ခံလာဖို့ ပညာပေးမှုတွေ အများကြီးလုပ်ဆောင်ဖို့ လိုအပ်နေသေးတယ်လို့ ဦးအောင်မျိုးမင်းက ဆိုပါတယ်။

အခုလို ဥပဒေရေးဆွဲသူတွေထဲမှာတောင် အိမ်တွင်းအကြမ်းဖက်မှုကို ဥပဒေတစ်ရပ်အနေနဲ့ ကာကွယ်ပေးဖို့ လိုအပ်တယ်ဆိုတဲ့၊ နားလည်မှုအားနည်းနေသေးတဲ့ မြန်မာနိုင်ငံမှာ ကျူးလွန်ခံရသူ အမျိုးသမီးတွေအတွက် ဥပဒေအရ လုံလောက်တဲ့ အကာအကွယ်ရဖို့ကတော့ မျှော်လင့်ချက်ရောင်ခြည်တစ်ခုအဖြစ်သာ ဆက်ရှိနေဦးမှာ ဖြစ်ပါတယ်။ ။

မှုရင်း-လင့်ခ် http:// hiburma.net / 2018

# လက်စားချေ နတ်သမီး ဇွန် ၈ ရက်မှစ၍ တစ်နိုင်ငံလုံးတွင် ပြသမည်

"လက်စားချေခြင်းထက် ခွင့်လွှတ်နားလည်ပေးခြင်းသာလျှင် စစ်မှန်သည့် ချစ်ခြင်းမေတ္တာဖြစ်ကြောင်းကို ယနေ့လူငယ်များ နားလည်သဘောပေါက်စေရန်အတွက် ရိုက်ကူးတင်ဆက်ထားသော ဇာတ်ကားကောင်း တစ်ကားဖြစ်"

ရန်ကုန် ဇွန် ၂

**ဒေါ်ခင်ပြုံးရီ (မော်လမြိုင်) စီစဉ်ပြီး Top One ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်သည့် "လက်စားချေ နတ်သမီး" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ Junction City ရှိ JCGV ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ဇွန် ၈ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။**



သရုပ်ဆောင် ဖြိုးငွေစိုး



သရုပ်ဆောင် အကယ်ဒမီ သက်မွန်မြင့်



သရုပ်ဆောင် ဩဘာ



သရုပ်ဆောင် နန်းဆုဦး



ဇာတ်လမ်းနှင့် ဒါရိုက်တာ ညိုမြင်းလွင်

အဆိုပါ ဇာတ်ကားကို ဇာတ်လမ်းနှင့် ဒါရိုက်တာ ညိုမြင်းလွင်က ရိုက်ကူးထားခြင်းဖြစ်ပြီး ချစ်သူနှစ်ဦး တစ်ဦးကို တစ်ဦး အလွန်ချစ်ပါလျက်နှင့် သံသယကြောင့် ဝေးကွာခဲ့ရပြီး ချစ်သူနှင့် သူငယ်ချင်းကြားတွင် ဗျာများရာမှ မမျှော်လင့်သော ဖြစ်ရပ်ကြောင့် လက်စားချေရန် ဖြစ်လာပုံတို့ကို အဓိက အခြေခံ ရိုက်ကူးထားခြင်း ဖြစ်သည်။

**တစ်မူထူးခြားစွာ ရိုက်ကူးထား**

ယင်း ရုပ်ရှင်ဇာတ်ကားတွင် ဖြိုးငွေစိုး၊ ဩဘာ၊ ထပ်ဆင့် အကယ်ဒမီ သက်မွန်မြင့်၊ နန်းဆုဦးနှင့် အခြားအနုပညာရှင်များစွာဖြင့် ပုံဖော်ထားပြီး တစ်မူထူးခြားစွာ ရိုက်ကူးထားသော ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

**လက်စားချေတတ်တဲ့သူတွေကို ကိုယ်စားပြုပြီး ရိုက်ထားတာဖြစ်**

ဇာတ်လမ်းနှင့် ဒါရိုက်တာ ညိုမြင်းလွင်က "ဒီဇာတ်လမ်းကတော့ အချစ်ရေးဇာတ်လမ်းဖြစ်ပါတယ်၊ အဓိကကတော့ ဒီကားမှာ လက်စားချေတာ မှန်တယ်ဆိုတဲ့ဘက်ကနေ ရိုက်ထားတာပါ၊ ထူးခြားမှုအနေနဲ့ကတော့ ဒီဇာတ်ကားမှာ ဘယ်သူမှ နောင်တမရပါဘူး၊ မြန်မာဇာတ်ကားဆန်စွာ ဇာတ်သိမ်းပိုင်းမှာ နောင်တရသွားတာမျိုး မဟုတ်ပါဘူး၊ ဇာတ်ကားအစကနေ အဆုံးအထိ လက်စားချေတာ မှန်တယ်၊ လက်စားချေတာဟာ လုပ်သင့်တဲ့ကိစ္စတစ်ခုဆိုပြီး ရိုက်ထားတာပါ၊ သရုပ်ဆောင်အသစ်အနေနဲ့ကတော့ ဒီဇာတ်ကားမှာ ဩဘာ တစ်ယောက်ပဲ ပါပါတယ်၊ ဇာတ်ကောင်စရိုက်တွေအနေနဲ့ ပြောရရင် လူငယ်အချစ်ဇာတ်လမ်းတွေထဲကအတိုင်း မြင်နေကျ ဇာတ်ကောင်စရိုက်တွေပါပဲ၊ ဒါပေမယ့် မြင်နေကျ ဇာတ်ကောင်စရိုက်နဲ့ မတူတာတွေကတော့ သူတို့အားလုံးသည် လူတစ်ယောက်အပေါ်ကို လက်စားချေတာခံမင်တယ်၊ ကိုယ့်ကိုလာထိရင် စကားလုံးနဲ့ပဲဖြစ်ဖြစ် ပြန်လည်တုံ့ပြန်ရမှ ကျေနပ်ကြတဲ့ သူတွေပေါ့၊ ဒီဇာတ်ကားဟာ လူတစ်ယောက်ကို လက်စားချေတာကို စိတ်ဝင်စားတဲ့ သူတွေအတွက်ကတော့ တစ်နာရီခွဲစာ အချိန်ဖြုန်းလို့ကောင်းတဲ့ ကော်ဖီတစ်ခွက်လိုပါပဲ၊ လူတစ်ယောက်ကို ခွင့်လွှတ်တတ်တဲ့သူ၊ သဘောထားကြီးတတ်တဲ့ သူဆိုရင်တော့ ဒီဇာတ်ကားအတွက် အချိန်ကုန်မခံပါနဲ့၊ သေချာပါတယ် ဒီဇာတ်ကားကို ကြိုက်မှာမဟုတ်ပါဘူး၊ ဒီဇာတ်ကား အနေနဲ့ ပေးချင်တဲ့အကြောင်းအရာ ကတော့ လက်စားချေတာ မှန်တယ်၊ လက်စားချေတာ ရှိသင့်တဲ့ ကိစ္စတစ်ခုဆိုတဲ့ ရှုထောင့် ကနေ ရိုက်ပြထားတာဖြစ်ပါတယ်၊ အမြင်မတူဘဲနဲ့ သဘောထား ကွဲလွဲမှုတွေလည်း ရှိနိုင်ပါတယ်၊ ဒါကတော့ လက်စားချေတတ်တဲ့ သူတွေကို ကိုယ်စားပြုပြီး ရိုက်ထားတာ ဖြစ်ပါတယ်" ဟု ပြောသည်။

**တာဝန်ကျေအောင် လုပ်ပေးထား**

သရုပ်ဆောင် ဖြိုးငွေစိုးက "ချစ်သူနှစ်ယောက်ကြားက ပြဿနာနဲ့ အဲဒီနှစ်ယောက်ကြားကို ဝင်လာတဲ့ လူတစ်ယောက် အကြောင်း ပုံဖော်သွားတဲ့ ဇာတ်လမ်းပါ၊ ဒီဇာတ်ကားမှာ ကျွန်တော်နဲ့ သက်မွန်က ချစ်သူတွေပါ၊ ကျွန်တော်တို့ နှစ်ယောက်ကြားကို တခြားတစ်ယောက် ဝင်လာတယ်၊ အဲဒီမှာ ပြဿနာလေးတွေ ဖြစ်ကြတယ်ဆိုတဲ့ ဇာတ်လမ်းပုံစံပါ၊ ကောင်လေး တစ်ယောက်နဲ့ ကောင်မလေးတစ်ယောက်ကြားမှာ အချစ်နဲ့ ပတ်သက်တဲ့ ပြဿနာလေးတွေကို ရိုက်ထားတာပါ၊ အဓိကကတော့ ဩဘာကို ဦးတည်ထားတဲ့ ဇာတ်ကားပါ၊ ကျွန်တော့် ကာရိုက်တာကတော့ ချစ်သူကို သဝန်တိုပြီး မယုံသင်္ကာဖြစ်တဲ့ သဘောမျိုးလေးပါ၊ ဒီဇာတ်ကားမှာဆိုရင် ကိုညိုမြင်းလွင်ရဲ့ ကြိုးစားထားတာလေးတွေနဲ့ ဩဘာရဲ့ ကြိုးစားထားမှုတွေကို တွေ့မြင်ရမယ့် အချစ်ကားလေးပါ၊ ဒီဇာတ်ကားမှာ ကျွန်တော် ပါဝင်တဲ့ အခန်းကဏ္ဍတွေကို အားလုံး တာဝန်ကျေအောင် လုပ်ပေးထားပါတယ်၊ ကျန်တဲ့သူတွေအနေနဲ့လည်း သူ့နေရာနဲ့သူ တာဝန်ကျေအောင် လုပ်ပေးထားကြပါတယ်၊ အဓိကကတော့ ကိုညိုမြင်းလွင် ပေးဆပ်ထားတာလေးတွေက ဆွဲဆောင်မှု ရှိပါတယ်၊ ကျွန်တော်ကတော့ အဲဒါလေးတွေကို ဦးစားပေးပြီး ခံစားပေးစေချင်ပါတယ်" ဟု ပြောသည်။

**ရိုးရိုးလေးမဟုတ်ဘဲ လှည့်စားထားတဲ့အတွက် စိတ်ဝင်စားဖို့ ကောင်း**

ထပ်ဆင့်အကယ်ဒမီ သက်မွန်မြင့်က "အချစ်ကားလေးကိုမှ လှည့်စားထားတာမျိုးလေးတွေပါ၊ အများကြီး ဆန်းနေတာမျိုးတော့ မဟုတ်ပါဘူး၊ အဲဒီဇာတ်ကားရိုက်နေတုန်းက အဓိက ပြဿနာအနေနဲ့ သက်မွန် နေမကောင်းဖြစ်ခဲ့တယ်၊ နေမကောင်းဖြစ်နေတဲ့အချိန်မှာ ရိုက်ရတာဆိုတော့ တော်တော်စိတ်နှစ်ပြီး ကြိုးစားရိုက်ခဲ့ရတာပါ၊ ဇာတ်ကားနဲ့ပတ်သက်ပြီး ကြိုတင်ပြောရတာထက် ပရိသတ်ကို လာရောက်ကြည့်ရှုစေချင်ပါတယ်၊ ဇာတ်ကားလေးဟာ ရိုးရိုးလေးမဟုတ်ဘဲ လှည့်စားထားတဲ့ အတွက် စိတ်ဝင်စားဖို့ ကောင်းပါတယ်" ဟု ပြောသည်။

သရုပ်ဆောင် ဩဘာက "လက်စားချေတဲ့ဇာတ်ကောင်ကို စနစ်တကျစီစဉ်ထားတဲ့ ကာရိုက်တာမျိုးဖြစ်ပါတယ်၊ အသစ်တစ်ယောက်အနေနဲ့ စကားပြောပိုင်းဆိုင်ရာ အဖြတ်အတောက်တွေမှာ အခက်အခဲတွေ ရှိခဲ့ပါတယ်၊ အမှတ်တရတွေကတော့ အများကြီးပါ၊ ဒီဇာတ်ကားရိုက်နေတုန်းက ကန်တော်ကြီးထဲမှာ မသက်မွန်မြင့်နဲ့ ကျွန်တော်နဲ့ ဇာတ်ဝင်ခန်းတစ်ခုရိုက်နေတုန်း ကျွန်တော့်ကို ပရိသတ်တွေက မမြင်ဘူးတော့ အရိုက်ခံရမလိုတောင် ဖြစ်ခဲ့ပါသေးတယ်၊ ဒီဇာတ်ကားမှာ အကြိုက်ဆုံး အခန်းဆိုရင်တော့ ကျွန်တော် မသက်မွန်မြင့်ကို သူငယ်ချင်းလို လမ်းခွဲတဲ့ အခန်းကို အကြိုက်ဆုံးပါပဲ။

**ပရိသတ်တွေအနေနဲ့ ကြည့်ရှုအားပေးကြပါ**

သရုပ်ဆောင် နန်းဆုဦးက "လက်စားချေ နတ်သမီး" ဇာတ်ကား ရိုက်နေတဲ့အချိန်မှာလည်း ဇာတ်လမ်းအရ အချိန်းအပြောင်းလေးတွေ လုပ်ခဲ့ပါတယ်၊ ဦးညိုမြင်းလွင်ကလည်း စိတ်ကူးရရင် ရသလို အချိန်းအပြောင်းလေးတွေ လုပ်တတ်တဲ့ အကျင့်ရှိတော့ ရိုက်နေရင်းနဲ့ အချိန်းအပြောင်းလေးတွေ ဖြစ်သွားတာပါ၊ ဇာတ်ကောင်အပိုင်းမှာလည်း ဦးညိုမြင်းလွင် ပြောတဲ့အတိုင်း လုပ်ခဲ့ပါတယ်၊ တစ်ခါတလေကျရင် ဘာတွေ ဖြစ်လာမယ်ဆိုတာ မပြောဘဲ လျှို့ဝှက်ထားတာမျိုးတွေ ကြုံခဲ့ရတယ်၊ ကိုယ်တိုင်လည်း ဘာတွေဖြစ်လာမလဲဆိုတာ မသိဘဲ ရိုက်ခဲ့ရတာမျိုးတွေ ရှိခဲ့ပါတယ်၊ ညီမအနေနဲ့ကတော့ ကိုယ်လက်ခံထားတဲ့ ဇာတ်ကောင်စရိုက်အတိုင်း စဉ်းစားပြီး လုပ်ဆောင်ခဲ့တာပါ၊ ဒီဇာတ်ကားကို လွန်ခဲ့တဲ့နှစ်နှစ်လောက်က ရိုက်ကူးခဲ့တာပါ၊ အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့ပါတယ်၊ နောက်ထပ်လည်း ဒီထက်ပိုကောင်းအောင် ကြိုးစားသွားမှာပါ၊ ညီမအနေနဲ့ကတော့ ဘယ်လိုဇာတ်ကောင်စရိုက်ကို ကြိုက်နှစ်သက်တယ်ဆိုတာမျိုး မရှိပါဘူး၊ ဒီဇာတ်ကားကို ရုံတင်တဲ့အခါမှာ ပရိသတ်တွေအနေနဲ့ ကြည့်ရှုအားပေးကြပါ၊ နန်းဆုရဲ့ ကာရိုက်တာကိုလည်း ဝေဖန်အကြံပြုပေးကြပါ၊ ဒီဇာတ်ကားလေးကတော့ ဇာတ်ကောင်စရိုက်တွေ မတူတဲ့ အချစ်ဇာတ်ကားလေးပါပဲ၊ ဒီဇာတ်ကားနဲ့ပတ်သက်ပြီး အမှတ်တရတွေကတော့ အများကြီးပါပဲ၊ မသက်မွန်မြင့်နဲ့ ပထမဆုံးဆုံတဲ့ ဇာတ်ကားလေးလည်း ဖြစ်ပါတယ်" ဟု ပြောသည်။

**လက်စားချေခြင်းသည် ဆိုးကျိုးကို ရရှိနိုင်**

"လက်စားချေ နတ်သမီး" ရုပ်ရှင်ဇာတ်ကားသည် ချစ်သူနှစ်ဦး တစ်ဦးကိုတစ်ဦး အလွန်ချစ်ပါလျက်နှင့် သံသယကြောင့် ဝေးကွာခဲ့ရပြီး လက်စားချေရန်အတွက် လက်စားချေနတ်သမီး ရုပ်တုရှေ့သို့ ရောက်ရှိသွားပုံ၊ လက်စားချေနတ်သမီး၏ စိတ်ဝင်စားဖွယ်အကြောင်းအရာများ၊ ချစ်သူနှင့် သူငယ်ချင်းကြားတွင် ဗျာများရာမှ မမျှော်လင့်သော ဖြစ်ရပ်ကြောင့် လက်စားချေရန် ဖြစ်လာရပုံ၊ လူသားများသည် ဥပါဒါန် အစွဲကြောင့် ဥပဒ်ရောက်တတ်ကြောင်းနှင့် တစ်ဖက်စွန်းရောက်အောင် သံသယ



**လက်စားချေ နတ်သမီး ရုပ်ရှင်ဇာတ်ကားပိုစတာကို တွေ့ရစဉ်။**

မပွားသင့်ကြောင်း၊ လက်စားချေခြင်းထက် ခွင့်လွှတ်နားလည်ပေးခြင်းသာလျှင် စစ်မှန်သည့် ချစ်ခြင်းမေတ္တာဖြစ်ကြောင်းကို ယနေ့လူငယ်များ နားလည်သဘောပေါက်စေရန်အတွက် လူငယ်တို့၏ အချစ်၊ အလွမ်း၊ အလှအပ အံ့ဩဖွယ်ဖြစ်ရပ်ဆန်းများဖြင့် ရိုက်ကူးတင်ဆက်ထားသော ဇာတ်ကားကောင်း တစ်ကားဖြစ်ပြီး အတုယူ မမှားစေဘဲ လက်စားချေခြင်းသည် ဆိုးကျိုးကို ရရှိနိုင်ကြောင်း လူငယ်များ ဆင်ခြင်နိုင်ဖွယ်ကောင်းသော massage ပေးနိုင်စွမ်းရှိသော ဇာတ်ကားကောင်း တစ်ကားဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဇော်မင်းလတ်**



**လက်စားချေ နတ်သမီး ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။**

# ၂၀၁၈ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်အများဆုံးရရှိသူ (၁၀) ဦး စာရင်း (သိပ္ပံဘာသာတွဲ)

| စဉ် | ခုံအမှတ် | အမည် | ဘာသာတွဲ | ကျောင်း/မြို့နယ် | အမှတ်ပေါင်း | ဂုဏ်ထူး အရေအတွက် | ဂုဏ်ထူးရဘာသာရပ် |
|---|---|---|---|---|---|---|---|
| ၁ | ဆဒဂ ၂၉၁ | မသင်းမြန္တေး | ဓ၊ရ၊ဇ | အထက(၁)ဒဂုံ | ၅၅၃ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၂ | ဆဒဂ ၅၆၅ | မစုရည်ဝင်း | ဓ၊ရ၊ဇ | အထက(၁)ဒဂုံ | ၅၅၂ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၃ | ဆဒဂ ၃၆၀ | မစုနေခြည်မိုး | ဓ၊ရ၊ဇ | အထက(၁)ဒဂုံ | ၅၅၀ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၄ | ဆကရ ၁၉၇ | မောင်ထက်မြက်မင်းထွန်း | ဓ၊ရ၊ဇ | အထက၊လေ့ကျင့်ရေး၊ကမာရွတ် | ၅၅၀ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၅ | ဆကရ ၂၄၁ | မောင်အောင်ဖုန်းပြည့် | ဓ၊ရ၊ဇ | အထက၊လေ့ကျင့်ရေး၊ကမာရွတ် | ၅၅၀ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၆ | ဆဒဂ ၆၁၈ | မယမင်းအောင် | ဓ၊ရ၊ဇ | အထက(၁)ဒဂုံ | ၅၅၀ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၇ | မနတ ၁၇၈၈ | မမိုးစမ်းညို | ဓ၊ရ၊ဇ | ကပက မျိုးညွန့်၊ ချမ်းအေးသာစံ၊ မန္တလေး | ၅၄၉ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၈ | မကခ ၃၇၃ | မဖြူဖြူခန့် | ဓ၊ရ၊ဇ | ကပက ကျော့်ကြား၊ ပြည်ကြီးတံခွန်၊ မန္တလေး | ၅၄၈ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၉ | ဆဗထ ၂၂၂ | မမေဖြူစင်ဝင်း | ဓ၊ရ၊ဇ | အထက(၃)ဗိုလ်တထောင် | ၅၄၈ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |
| ၁၀ | ဆဒဂ ၆၄၀ | မစုမြတ်ဦး | ဓ၊ရ၊ဇ | အထက(၁)ဒဂုံ | ၅၄၈ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဇီဝဗေဒ၊ |

# ၂၀၁၈ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်အများဆုံးရရှိသူ (၁၀) ဦး စာရင်း (ဝိဇ္ဇာဘာသာတွဲ)

| စဉ် | ခုံအမှတ် | အမည် | ဘာသာတွဲ | ကျောင်း/မြို့နယ် | အမှတ်ပေါင်း | ဂုဏ်ထူး အရေအတွက် | ဂုဏ်ထူးရဘာသာရပ် |
|---|---|---|---|---|---|---|---|
| ၁ | အငပ ၈၉၇ | မောင်စိုးသက် | ပ၊သ၊မ၊ဘ၊ဂ | အထက၊ငပိဆိပ်(ရေကြည်) | ၄၉၂ | ၄ | သင်္ချာ၊ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၂ | စည ၁၁၁၄ | မစောမွန်ထွေး | ပ၊သ၊မ၊ဘ၊ဂ | အထက၊ မင်းကင်း | ၄၈၈ | ၅ | မြန်မာစာ၊ သင်္ချာ၊ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၃ | အခမ ၁၀၅၆ | မစုစုလွင် | ပ၊သ၊မ၊ဘ၊ဂ | အထက(ခွဲ)တူးမြောင်း(ဟသ်ာတ) | ၄၈၇ | ၄ | သင်္ချာ၊ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၄ | အလထ ၈၄၃ | မသဲသဲဇော် | ပ၊သ၊မ၊ဘ၊ဂ | အထက၊လှော်ကထား(လေးမျက်နှာ) | ၄၈၄ | ၅ | မြန်မာစာ၊ သင်္ချာ၊ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၅ | အရ ၁၀၉၀ | မမေငုဝါဇော် | ပ၊သ၊မ၊ဘ၊ဂ | အထက၊ရေကြည် | ၄၈၂ | ၄ | သင်္ချာ၊ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၆ | ကဖတ ၉၄၅ | မခင်မာလွင် | ပ၊သ၊မ၊ဘ၊ဂ | အထက၊ တာမခန် (ဖားကန့်) | ၄၈၁ | ၄ | သင်္ချာ၊ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၇ | ဒဗတ ၉၈၀ | မောင်ထွန်းထွန်းဝေ | ပ၊သ၊မ၊ဘ၊ဂ | အလွတ်ဖြေ (ပုလုပ်တောင်) (ရမ်းဗြဲ) | ၄၈၀ | ၅ | အင်္ဂလိပ်၊သင်္ချာ၊ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၈ | အဆေ ၇၇၈ | စကျော်ဇေယျာဖြိုး | ပ၊သ၊မ၊ဘ၊ဂ | အထက၊ဆပ်ကွင်း(ကန်ကြီးထောင့်) | ၄၇၉ | ၄ | မြန်မာစာ၊ ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၉ | စက ၉၆၀၁ | မောင်ဒုဘိခ်ကျဲအို | ပ၊သ၊မ၊ဘ၊ဂ | အလွတ်ဖြေ၊ ကလေး | ၄၇၄ | ၄ | သင်္ချာ၊ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |
| ၁၀ | အဃ ၁၇၇၄ | မောင်အောင်ကျော်ခင် | ပ၊သ၊မ၊ဘ၊ဂ | အထက(ခွဲ)ချောင်းဖျား(အိမ်မဲ) | ၄၇၄ | ၄ | သင်္ချာ၊ပထဝီဝင်၊သမိုင်း၊ဘောဂဗေဒ၊ |

# ၂၀၁၈ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်အများဆုံးရရှိသူ (၁၁) ဦး စာရင်း (ဝိပ္ပံဘာသာတွဲ)

| စဉ် | ခုံအမှတ် | အမည် | ဘာသာတွဲ | ကျောင်း/မြို့နယ် | အမှတ်ပေါင်း | ဂုဏ်ထူး အရေအတွက် | ဂုဏ်ထူးရဘာသာရပ် |
|---|---|---|---|---|---|---|---|
| ၁ | ဆကရ ၁၉၅၆ | မောင်ကျော်လင်းပိုင် | ဓ၊ရ၊ဘ၊ဂ | အထက(၅)ကမာရွတ် | ၅၁၄ | ၅ | မြန်မာစာ၊ သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၂ | မထ ၁၃၃၄ | မောင်ညီဝေယံ | ဓ၊ရ၊ဘ၊ဂ | အထက(၁)မိတ္ထီလာ | ၅၁၂ | ၅ | အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၃ | ဆကရ ၁၆၁၅ | မောင်ခွန်သူရိန် | ဓ၊ရ၊ဘ၊ဂ | အထက၊လေ့ကျင့်ရေး၊ကမာရွတ် | ၅၁၀ | ၅ | မြန်မာစာ၊ သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၄ | မမ ၃၈၄၄ | မောင်ရဲလင်းခန့် | ဓ၊ရ၊ဘ၊ဂ | ကပက၊စိုးစံ (ပြင်ဦးလွင်) | ၅၀၈ | ၅ | မြန်မာစာ၊ သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၅ | နပမ ၈၀၈ | မောင်လင်းထက်စိုး | ဓ၊ရ၊ဘ၊ဂ | ကပက၊ပညာပန်းတိုင်(ပျဉ်းမနား) | ၅၀၆ | ၅ | မြန်မာစာ၊ သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၆ | နပမ ၈၄၉ | မောင်ကျော်ဝေယံမိုး | ဓ၊ရ၊ဘ၊ဂ | ကပက၊ပညာပန်းတိုင်(ပျဉ်းမနား) | ၅၀၄ | ၅ | မြန်မာစာ၊ သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၇ | ဆအစ ၂၄၆၄ | မောင်ထက်ဝေလျှံမိုး | ဓ၊ရ၊ဘ၊ဂ | အထက(၂)အင်းစိန် | ၅၀၄ | ၅ | မြန်မာစာ၊ သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၈ | ဒဂ ၁၃၀ | မကြည်ဖြူသန့်စင် | ဓ၊ရ၊ဘ၊ဂ | အထက၊ ဂွမြို့ | ၅၀၃ | ၆ | မြန်မာစာ၊အင်္ဂလိပ်၊သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၉ | စရ ၄၆၁၆ | မောင်ကောင်းမြတ်လှိုင် | ဓ၊ရ၊ဘ၊ဂ | ကပက TOP မုံရွာ | ၅၀၁ | ၄ | သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၁၀ | မရမ ၄၅၇၃ | မနန်းနေခြည်လင်းလက် | ဓ၊ရ၊ဘ၊ဂ | ကပက V.E.C ချမ်းမြသာစည်၊ မန္တလေး | ၅၀၀ | ၅ | မြန်မာစာ၊ သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |
| ၁၁ | မမ ၄၇၀၆ | မအေးမိစံ | ဓ၊ရ၊ဘ၊ဂ | ကပက၊စွမ်းအင် (ပြင်ဦးလွင်) | ၅၀၀ | ၅ | မြန်မာစာ၊ သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ၊ဘောဂဗေဒ၊ |

## ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကန်ကြီးထောင့်မြို့၌ ဂုဏ်ထူးရှင် ၂၉၁ ဦး ထွက်ပေါ်

**ကန်ကြီးထောင့် ဇွန် ၂**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို ဇွန်၂ရက် နံနက် ၆ နာရီမှစ၍ မြန်မာတစ်နိုင်ငံလုံးတွင် ထုတ်ပြန်ကြေညာရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုသူ အတွင်းဖြေ အပြင်ဖြေ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၇၈၄ ဦးတွင် အောင်မြင်သူ ၇၂၂ ဦးရှိကာ လေးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၆၈ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၅၇ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၆၀ စုစုပေါင်းဂုဏ်ထူးရှင် ၂၉၁ ဦး ထွက်ပေါ်လာပြီး အောင်ချက်ရာနှုန်းမှာ ၂၅ ဒသမ ၉၃ ရာခိုင်နှုန်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**နန်းထိုက်(ပြန်/ဆက်)**



## ထားဝယ်ခရိုင်တွင် ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး ထွက်ပေါ်

**ထားဝယ် ဇွန် ၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့နယ် စာစစ်ဌာနအသီးသီး၌ စာမေးပွဲအောင်စာရင်းများကို ဇွန် ၂ ရက်က ထုတ်ပြန်ကြေညာခဲ့ရာ သက်ဆိုင်ရာ စာစစ်ဌာနများတွင် နံနက် ၆ နာရီမှစ၍ ကျောင်းသား ကျောင်းသူများ၊ မိဘဆွေမျိုးများ၊ ညီအစ်ကိုမောင်နှမများ စုဝေး၍ လာရောက်ကြည့်ရှုခဲ့ကြသည်။ **(အပေါ်ပုံ)**

ယခုနှစ် ထားဝယ်ခရိုင်အတွင်းရှိ စုစုပေါင်း စာရင်းပေးထားသူ ၇၉၁၃ ဦး၊ ဖြေဆိုသူ ၇၃၂၃ ဦး၊ အောင်မြင်သူ ၂၅၁၄ ဦး၊ အောင်မြင်မှုရာခိုင်နှုန်း ၃၄ ဒသမ ၃၃ အောင်မြင်ကြောင်း သိရသည်။ ထားဝယ်ခရိုင်အတွင်းရှိ စုစုပေါင်း ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၃ ဦး ၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၅၂ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၅၉၃ ဦး ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးဗဟိုအကျဉ်းထောင်မှ သုံးဘာသာဂုဏ်ထူးရှင် လေးဦးအပါအဝင် ၂၇ ဦး အောင်မြင်

**မန္တလေး ဇွန် ၂**

၂၀၁၈ ခုနှစ် မတ်လတွင် ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ဇွန် ၂ ရက် နံနက် ၆ နာရီက ထုတ်ပြန်ကြေညာရာ မန္တလေးဗဟိုအကျဉ်းထောင်မှ ဝင်ရောက်ဖြေဆိုသူ ၅၅ ဦးတွင် အောင်မြင်သူ ၂၇ ဦးရှိကြောင်းနှင့် အဆိုပါ အောင်မြင်သူများထဲမှ သုံးဘာသာဂုဏ်ထူးရှင် လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် လေးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၃ ဦးနှင့် ရိုးရိုးအောင် ခြောက်ဦး ပါဝင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



## ကရင်ပြည်နယ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရရှိသူဦးရေ တိုးတက်ပြီး အကျဉ်းထောင်မှ ဂုဏ်ထူးတစ်ဘာသာဖြင့် အောင်မြင်

**ဘားအံ ဇွန် ၂**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းကို ဇွန် ၂ ရက် နံနက် ၆ နာရီက ထုတ်ပြန်ကြေညာရာ **(အပေါ်ပုံ)** ကရင်ပြည်နယ်တွင် အောင်ချက်ရာခိုင်နှုန်း ၂၉ ဒသမ ၄၅ ရာခိုင်နှုန်း၊ ဂုဏ်ထူးရရှိသူဦးရေ ၁၃၉၄ ဦးဖြင့် ယခင်နှစ်ထက် အောင်ချက်ရာခိုင်နှုန်း ဒသမ ၀၂ လျော့နည်းပြီးနှင့် ဂုဏ်ထူးရရှိသူဦးရေ တိုးတက်လာကြောင်း သိရသည်။

ကရင်ပြည်နယ် တစ်ပြည်နယ်လုံးအတိုင်းအတာရ ဖြေဆိုသူပေါင်း ၁၇၅၉၃ ဦး၊ အောင်မြင်သူ ၅၁၈၂ ဦး အောင်ချက်ရာခိုင်နှုန်း ၂၉ ဒသမ ၄၅၊ တစ်ဘာသာ ဂုဏ်ထူး ၁၁၇၁ ဦး၊ နှစ်ဘာသာဂုဏ်ထူး ၁၃၀၊ သုံးဘာသာဂုဏ်ထူး ၆၀၊ လေးဘာသာဂုဏ်ထူး ၂၄ ဦး၊ ငါးဘာသာဂုဏ်ထူး ကိုးဦး ဂုဏ်ထူးရရှိသူဦးရေ စုစုပေါင်း ၁၃၉၄ ဦးရှိပြီး အောင်ချက်ရာခိုင်နှုန်း ၂၀၁၇ ခုနှစ် ပညာသင်နှစ်အောက် ဒသမ ၀၂ ရခိုင်နှုန်း လျော့ကြောင်း သိရသည်။

ကရင်ပြည်နယ်အနေဖြင့် ယခင်နှစ် ၂၀၁၇ အောင်ချက်ရာခိုင်နှုန်း ၂၉ ဒသမ ၄၇ ရရှိပြီး ယခုနှစ် ၂၀၁၈ တွင် အောင်ချက်ရာခိုင်နှုန်း ၂၉ ဒသမ ၄၅ ရရှိသည့်အတွက် အောင်ချက်ရာခိုင်နှုန်း ဒသမ ၀၂ လျော့နည်းသော်လည်း ယခင်နှစ် ဂုဏ်ထူးရရှိသူပေါင်း ၁၀၃၁ ဦး ဖြစ်ပြီး ယခုနှစ် ၂၀၁၈ ဂုဏ်ထူးရရှိသူပေါင်း ၁၃၉၄ ဦး ဖြစ်သည့်အတွက် ဂုဏ်ထူးရရှိသူပေါင်း ၃၆၁ ဦး တိုးတက်ရရှိပြီး ဘားအံအကျဉ်းထောင်တွင် အကျဉ်းကျနေသူဖြေဆိုသူဦးရေ ခုနစ်ဦးအနက် တစ်ဦး ဘောဂဗေဒဘာသာဂုဏ်ထူးတစ်ဘာသာဖြင့် အောင်မြင်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု မောင်တောဒေသလုံခြုံရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မောင်တော ဇွန် ၂

**မောင်တောဒေသလုံခြုံရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီ မိနစ် ၅၀ တွင် အမြန်ရေယာဉ်များဖြင့် စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ ရောက်ရှိကြသည်။**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သည့်အဖွဲ့သည် မောင်တောမြို့ လေးမိုင်ရပ်ကွက်ရှိ တန် ၅၀၀ ဆံ့ Storage Silo တည်ဆောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟိန္ဒူဘာသာဝင်များ ထားရှိသည့် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး စခန်းရှိသူများ၏ ကျန်းမာရေး၊ ပညာရေးအခြေအနေများနှင့် နေထိုင်ရေးအခြေအနေများကို တွေ့ဆုံမေးမြန်းပြီး စခန်းအတွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ကညင်ချောင်းစီးပွားရေးဇုန် မြေသားလမ်း တည်ဆောက်နေမှုနှင့် ဟိန္ဒူဘာသာဝင်များအတွက် နေအိမ်ဆောက်လုပ်မည့် အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။ ထို့နောက် မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ မောင်တောဒေသခံ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံပြည်သူများအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အားနည်းချက်နှင့်အားသာချက်များကို ပွင့်လင်းမြင်သာစွာ အကြံပြုဆွေးနွေးကြစေလိုပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရေးသည် အဓိက အရေးကြီးပါကြောင်း၊ တရားဥပဒေစိုးမိုးရေး၊ ဥပဒေနှင့်အညီ စီရင်နိုင်ရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးသည် အရေးကြီးပါကြောင်း၊ ထို့အတူ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးသည် မရှိမဖြစ် မလုပ်လျှင်မဖြစ်သည့် ကဏ္ဍကြီးတစ်ရပ်ဖြစ်ပါကြောင်း၊ မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် ပို၍ အရေးကြီးပါကြောင်း၊ တည်ငြိမ်အေးချမ်းပြီး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှုသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အထူးဦးစားပေးဆောင်ရွက်လျက် ရှိနေပါကြောင်း၊ ဒေသဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ ဒေသတွင်းရှိ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်းနှင့် အပြုသဘောဆောင်သည့် အကြံပြုဆွေးနွေးမှုများကို လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးစေလိုပါကြောင်း ပြောကြားသည်။


ထို့နောက် မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က မောင်တောခရိုင်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆောင်ရွက်ဆဲ လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ရှင်းလင်းတင်ပြဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သည့်အဖွဲ့သည် ကြိမ်ချောင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကြိမ်ချောင်းကျေးရွာ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်း ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ထို့နောက် လှဖိုးခေါင်ကြားစခန်းသို့ ရောက်ရှိကြရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် CITF စီမံကိန်းဒါရိုက်တာ ဦးသက်နိုင်တို့က စခန်းတည်ဆောက်ထားရှိမှုအခြေအနေများနှင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ **သတင်းစဉ်**




ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု မောင်တောမြို့၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။



ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့ ကညင်ချောင်းစီးပွားရေးဇုန်၌ မြေသားလမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစဉ်။



ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့ ဟိန္ဒူဘာသာဝင်များထားရှိသည့် ကယ်ဆယ်ရေးစခန်း၌ နေထိုင်သူများအား တွေ့ဆုံစဉ်။

## မောင်တောမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း ယခုနှစ်တွင် နှစ်ဆတိုးလာ

**မောင်တော ဇွန် ၂**

ယနေ့တွင် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာပေးခဲ့ရာ ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် အောင်ချက်ရာခိုင်နှုန်းသည် ယမန်နှစ်နှင့်နှိုင်းယှဉ်ပါက နှစ်ဆတိုးလာကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်က မောင်တောမြို့နယ်ရဲ့ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းက ၉ ရာခိုင်နှုန်းပဲရှိခဲ့ရာကနေ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ ၁၈ ဒသမ ၁၂ ရာခိုင်နှုန်းအထိ တိုးတက်အောင်မြင်မှုရှိခဲ့ပါတယ်"ဟု မောင်တောမြို့နယ် ဒုတိယမြို့နယ် ပညာရေးမှူး ဦးကျော်နုက ပြောကြားသည်။

မောင်တောမြို့နယ်တွင် ဖြေဆိုအောင်မြင်ခဲ့သည့် ပညာသင်နှစ်တွင် ဖြေဆိုသူ ၆၉၀ ရှိခဲ့ပြီး အောင်မြင်သူ ၁၂၅ ဦး ရှိခဲ့ကြောင်း သိရသည်။ ယင်းသို့ ဖြေဆိုအောင်မြင်သူများထဲတွင် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူဦးရေ ၁၄ ဦးအထိ ထွက်ပေါ်ခဲ့ပြီး ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦးတို့ဖြစ်ကြောင်း သိရသည်။

ယခု ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် မောင်တောမြို့နယ်၌ ဖွင့်လှစ်မည့် အခြေခံပညာကျောင်းပေါင်း ၁၁၄ ကျောင်းရှိပြီး အကြောင်းအမျိုးမျိုးကြောင့် မဖွင့်လှစ်နိုင်သည့် ကျောင်းပေါင်း ၆၀ ကျော်ရှိခဲ့ကြောင်း သိရသည်။

**နိုင်လင်းကြည်၊ ဇင်ဦး**
**ဓာတ်ပုံ-သက်လွင်စိုး(ခရိုင်ပြန်/ဆက်)**



## ကျောက်ပန်းတောင်းမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများထုတ်ပြန် အောင်ချက်ရာခိုင်နှုန်း ၃၆ ဒသမ ၀၁ ရာခိုင်နှုန်းရှိ

**ကျောက်ပန်းတောင်း ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်တွင် တက္ကသိုလ်ဝင် စာမေးပွဲအောင်စာရင်းများကို ဇွန် ၂ ရက် နံနက် ၆ နာရီမှ စတင်၍ သက်ဆိုင်ရာစာစစ်ဌာနများအလိုက် ထုတ်ပြန်ပေးခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၈ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာန ၁၁ ခုတွင် ကျင်းပခဲ့ကြောင်း သိရပြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၈ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းခဲ့သူ ၆၉၇၇ ဦးရှိခဲ့ပြီး အမှန်ဝင်ရောက်ဖြေဆိုသူ ၆၇၆၇ ဦးရှိခဲ့ကြောင်း သိရသည်။

ယင်းတို့အနက်မှ စာမေးပွဲအောင်မြင်သူ စုစုပေါင်း ၂၄၃၇ ဦးရှိခဲ့ပြီး အောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၃၆ ဒသမ ၀၁ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ဂုဏ်ထူးရရှိမှုအခြေအနေမှာ ခြောက်ဘာသာဂုဏ်ထူးရရှိသူ နှစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရရှိသူ ခုနစ်ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ ၃၀၊ သုံးဘာသာဂုဏ်ထူးရရှိသူ ၃၉ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရရှိသူ ၇၈ ဦးနှင့် တစ်ဘာသာရရှိသူ ၃၉၂ ဦးဖြင့် စုစုပေါင်း ဂုဏ်ထူးရရှိသူ ၅၄၈ ဦး ရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

❍ ရှေ့စာမျက်နှာမှ

SME အစုအဖွဲ့ ၂၈ ဖွဲ့အား ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းအလိုက် လုပ်ငန်းတူအချင်းချင်း ကုန်ကြမ်းဖလှယ်ခြင်းများ၊ ကုန်ကြမ်းဝယ်ယူမှုအတွက် ဈေးကွက်ဝေစုရယူခြင်းများ၊ ကုန်ချောထုတ်လုပ်ရာတွင် နည်းပညာဖလှယ်ခြင်းနှင့် ဖြန့်ဝေခြင်းတို့အား ချိတ်ဆက်ဆောင်ရွက်စေခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ ပြည်တွင်းပြည်ပ NGO ၊ INGO များ၊ ပုဂ္ဂလိကသင်တန်းကျောင်းများနှင့် ပူးပေါင်း၍ ကုန် ထုတ်လုပ်မှုနှင့် နည်းပညာဆိုင်ရာသင်တန်းများ ဆောင်ရွက်မှုအနေဖြင့် SME ဌာနမှ သင်တန်း ၂၇ ကြိမ်၊ လုပ်ငန်းရှင် ၃၁၂ ဦးဖြင့် လည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်း ၂၅ ကြိမ်၊ လုပ်ငန်းရှင် ၄၇၀ ဖြင့် လည်းကောင်း၊ သင်တန်းစုစုပေါင်း ၅၂ ကြိမ်ကျင်းပ၍ လုပ်ငန်းရှင် ၇၈၂ ဦးတို့အား သင်တန်းပို့ချနိုင်ခဲ့ပါကြောင်း။

SME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အကူပြုဆွေးနွေးပွဲ ၁၃ ကြိမ် ကျင်းပ၍ လုပ်ငန်းရှင် ၂၈၈ ဦး၊ ဝန်ထမ်း ၈၈ ဦးတို့ဖြင့် ဆွေးနွေးပွဲများဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ချေးငွေစိစစ်ရေးကော်မတီကို တိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လျှပ်စစ် စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးမှ ဒုတိယဥက္ကဋ္ဌအဖြစ်ဖွဲ့စည်း၍ ဌာနဆိုင်ရာများ တိုင်းဒေသကြီးဦးစီးမှူးများမှ အဖွဲ့ဝင်အဖြစ် စုစုပေါင်း ၁၇ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး SME လုပ်ငန်းရှင်များ ချေးငွေရရှိရေး စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးမှ Credit Guarantee Insurance (CGI) အပေါင်မဲ့စနစ်ဖြင့် ချေးငွေရရှိရန်အတွက် SME ဌာနတွင် ထောက်ခံစာ လျှောက်ထားသူလုပ်ငန်းရှင် ၁၆၆၀ အနက် ၁၅၇၆ ဦးတို့အား စစ်ဆေးပြီးစီး၍ စည်းကမ်းချက်နှင့်ကိုက်ညီသည့် လုပ်ငန်းအမှန်တကယ်လုပ်ကိုင်နေသူ ၁၄၄၃ ဦးအား CB Bank, SMIDB Bank , MEB တို့နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် ဘဏ်လုပ်ငန်းစည်းမျဉ်းညွှန်ကြားချက်ပါအတိုင်း SME လုပ်ငန်းရှင်ဖြစ်ကြောင်း ထောက်ခံချက်အား SME ဌာနမှ ကွင်းဆင်းစိစစ်၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် CGI အပေါင်မဲ့စနစ်ဖြင့် CB Bank မှ လုပ်ငန်းရှင် ၁၂၂ ဦး အား ချေးငွေကျပ် ၁၃၀၁ သန်းနှင့် SMIDB Bank မှ လုပ်ငန်းရှင်၄၊ဦးအား ချေးငွေကျပ်သန်း ၉၀ စုစုပေါင်း ငွေကျပ် ၁၃၉၁ သန်းအား ချေးငွေထုတ်ယူရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆက်လက်လျှောက်ထားသူ SME လုပ်ငန်းရှင်များအား စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာဖြန့်ဝေသည့် သင်တန်းများ၊ SME လုပ်ငန်းရှင်များ ဗဟုသုတတိုးတက်စေရန် ဆွေးနွေးပွဲများ၊ ရင်းနှီးမြှုပ်နှံမှုရရှိစေရေးအတွက် ဘဏ်များနှင့် ချိတ်ဆက်၍ အတိုးနှုန်းသက်သာစွာ ချေးငွေရရှိရေးဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ချေးငွေကို အတိုးနှုန်းသက်သာစွာ ရရှိရေးအတွက် ပြည်တွင်းပြည်ပ၊ အထူးသဖြင့် ပြည်ပအကူအညီ အထောက်အပံ့ရရှိရေးကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဦးဆောင်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားခဲ့သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - အေကေလင်း**



**အသေးစားစက်မှုလုပ်ငန်းဖြစ်သည့် အိမ်တွင်းတွင်ခုံလုပ်ငန်းတစ်ခုကို တွေ့ရစဉ်။**

● ကျောဖုံးမှ

ထိုသို့စခန်းများ ပိတ်သိမ်းရာတွင် နိုင်ငံတကာနှင့် ပူးပေါင်း၍ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရပါကြောင်း၊ အစိုးသစ်လက်ထက် ၂၀၁၆ ခုနှစ် မေလမှစ၍ အဆိုပါ IDP စခန်းများ ပိတ်သိမ်းနိုင်ရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဖွဲ့စည်းခဲ့ပြီး ၎င်းကော်မတီအောက်တွင် လုပ်ငန်းကော်မတီတစ်ခုအနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြားပြည်နယ်များတွင်လည်း တိုက်ပွဲရှောင်ပြည်သူများ၏ အခွင့်အရေးများကို ဖော်ဆောင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိရာ ထောက်ပံ့မှုသာမက အလုပ်အကိုင် အခွင့်အလမ်းဖော်ဆောင်၍ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးခြင်း၊အရင်းအနှီးများထုတ်ပေး၍ လုပ်ငန်းများဆောင်ရွက်စေခြင်းများ စနစ်တကျ ဆောင်ရွက်ပေးနေပါကြောင်း။

**လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်**

ရခိုင်ပြည်နယ်ရှိ IDP စခန်းများကို ပြုပြင်ခြင်း၊ ထောက်ပံ့မှုပေးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနေပါကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးကော်မတီ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေသည့်အပြင် ပြည်ထောင်စုစီမံကိန်း(UEHRD)ဆောင်ရွက်ချက်များတွင်လည်း ပြန်လည်နေရာချထားရေးလုပ်ငန်းများ ပါဝင်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ရခိုင်ပြည်နယ်တွင် ငြိမ်းချမ်းရေးကို ဖော်ဆောင်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

**ရေရှည်ပဋိပက္ခကင်းဝေးရေးသည် အရေးကြီး**

IDP စခန်းများ ပိတ်သိမ်းရာတွင် ဥပဒေအရလွတ်လပ်စွာသွားလာခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်း လက်လှမ်းမီစေခြင်း စသည့်အခွင့်အရေးများရရှိအောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ လူမှုအဖွဲ့အစည်းများအကြား ပဋိပက္ခများ မဖြစ်ပွားစေရန် ပဋိပက္ခဖြစ်ပွားသည့်အခါ တရားဥပဒေစိုးမိုးရေးမှာ အဓိကဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးမှသာ ဥပဒေအတိုင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဥပဒေအရ နိုင်ငံသားဖြစ်ခွင့်၊ နိုင်ငံသားပြုခွင့်စသဖြင့်ဆောင်ရွက်ပေးရန် အရေးကြီးပါကြောင်း၊ အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း ဆောင်ရွက်ရမည်ဖြစ်ရာ ထာဝရငြိမ်းချမ်းမှုရရှိရေး၊ ရေရှည်ပဋိပက္ခ ကင်းဝေးရေးသည်အရေးကြီးပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရန် ကြိုးပမ်းဆောင်ရွက်ရာတွင်လည်း လူတိုင်းဥပဒေအရ အခြေခံလူ့အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးခြင်း၊ မျှတသောအကျိုးခံစားခွင့်ရရှိစေရေး၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တစ်စိတ်တစ်ဝမ်းတည်းဖြစ်စေရေးတို့ကို ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်၏ဦးဆောင်မှုဖြင့် IDP စခန်းများ ပိတ်သိမ်းနိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာမှလက်ခံနိုင်သည့် မဟာဗျူဟာစီမံချက်ဖြစ်စေရန် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကာလကြာရှည်ပြီဖြစ်သော IDP စခန်းများ ပိတ်သိမ်းနိုင်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ လူမှုအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဖားကန့်မြို့နယ်၌ နွံအိုင်အတွင်း အလောင်းနှစ်လောင်းတွေ့ရှိ

ဖားကန့် ဇွန် ၂

**ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မော်စီစာကျေးရွာတွင် နွံအိုင်အတွင်း အလောင်းနှစ်လောင်း တွေ့ရှိကြောင်း သိရသည်။**

ဇွန် ၂ ရက် နံနက် ၁၁ နာရီခန့်တွင် ရဲအုပ် အောင်ဇံလင်းသည် ရဲစခန်း၌ တာဝန်မှူး တာဝန်ထမ်းဆောင်နေစဉ် လုံးခင်းတိုက်နယ်ဆေးရုံတွင် ပြင်ပဒဏ်ရာတစ်စုံတစ်ရာ မတွေ့ရှိရဘဲ ပုပ်ပွသေဆုံးနေသော အလောင်းနှစ်လောင်း ရောက်ရှိနေကြောင်း သတင်းအရ လုံးခင်းရဲစခန်းစခန်းမှူး ဒုရဲမှူး စိန်မြင့်ထွန်း၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ် သစ်လွင်၊ မော်စီစာကျေးရွာ ရွာမရပ်ကွက်မှူး ဦးစိန်အေး၊ ဦးထွန်းမင်းလှတို့နှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဆေးရုံတွင် ပြင်ပဒဏ်ရာမတွေ့ရှိဘဲ ပုပ်ပွနေသော အမျိုးသားအလောင်း နှစ်လောင်းကို တွေ့ရှိရသဖြင့် ရဲဆေးစာရေးသား၍ ဆေးရုံတင်ပို့ထားရှိခဲ့သည်။

ဖြစ်စဉ်အားစုံစမ်းရာ မေ ၃၁ ရက် နံနက် ၉ နာရီခွဲခန့်က မော်စီစာကျေးရွာ ရွာမရပ်ကွက်ရှိ ရပ်နားထားသော စံတော်ဝင် ကျောက်မျက်ကုမ္ပဏီ လုပ်ကွက် စွန့်ပစ်မြေစာပုံအဟောင်း အမြင့်ပေ ၁၅၀ ခန့်ရှိ မြေစာပုံသည် မိုးရွာသွန်းသည့်အရှိန်ကြောင့် လျှောကျခဲ့ရာ မြေစာပုံအောက်ခြေတွင် ရေမဆေးကျောက်ရှာဖွေနေသော မြင့်ကျော် (၄၁ နှစ် )နှင့် အောင်ဘို (၄၀ နှစ်) တို့နှစ်ဦးအား မြေစာပုံနှင့်အတူ ပေ ၄၀၀ ခန့်အကျယ်ရှိ ရွှံ့နွံကန်ထဲပါသွားပြီး နစ်မြုပ်သွားခဲ့ရာမှ မေ ၂ ရက် နံနက် ၈ နာရီခွဲတွင် နွံကန်ပေါ်သို့ ပုပ်ပွသေဆုံးလျက် ပြန်ပေါ်လာသဖြင့် ဆယ်ယူကာ လုံးခင်းဆေးရုံသို့ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် ဦးမြင့်ကျော်နှင့် ဦးအောင်ဘိုတို့ သေဆုံးမှုနှင့် ပတ်သက်၍ လုံးခင်းရဲစခန်းမှ စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးနိုင်ဦး(ဖားကန့်)**

## မိုင်းထိသေဆုံးပြီဟုထင်ကာ တောထဲထားခဲ့သူ ရက်လည်ဆွမ်းသွတ်သည့်နေ့တွင် ပြန်ရောက်လာ

**မိုးကောင်း ဇွန် ၂**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဆားမော်ကျေးရွာ၌ မေ ၂၆ ရက်က ညီအစ်ကိုနှစ်ဦး ငါးရှာရန် တောတွင်းသို့ သွားရာမှ နင်းမိုင်းနင်းမိ၍ ညီဖြစ်သူအား ထားခဲ့ရကာ သေဆုံးပြီဟု ထင်မှတ်ထားရာမှ ရက်လည်ဆွမ်းသွတ်သည့်နေ့တွင် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့နယ် ဆားမော်ကျေးရွာနေ ညီအစ်ကိုနှစ်ဦးဖြစ်သူ စိုင်းအောင်(ခ)ဟိန်းထက်အောင် (၂၀ နှစ်)နှင့် နိုင်နိုင်(ခ)နိုင်လင်း(၁၆ နှစ်) တို့နှစ်ဦးသည် ဆားမော်ကျေးရွာ၏ အရှေ့တောင်ဘက် ဒေသအခေါ် (ဘန်ဂျက်ချောင်း)သို့ မေ ၂၆ ရက်က ငါးရှာဖွေရန် သွားရောက်စဉ် နင်းမိုင်းနင်းမိပေါက်ကွဲကာ နှစ်ဦးစလုံး ဒဏ်ရာကိုယ်စီရရှိခဲ့ပြီး ညီဖြစ်သူ နိုင်နိုင်(ခ)နိုင်လင်းမှာ မိုင်းထိဒဏ်ရာများကြောင့် သတိမရှိတော့သဖြင့် အစ်ကိုဖြစ်သူက ကုန်းပိုးသယ်ဆောင်ခဲ့သော်လည်း သေနတ်ပစ်ခတ်သံများကြားရ၍ ညီဖြစ်သူ၏ ဒဏ်ရာပြင်းထန်သည်ကတစ်ကြောင်း၊ ကိုယ်တိုင်လည်း မိုင်းစထိမှန်ဒဏ်ရာများ ရရှိထားသည်ကတစ်ကြောင်းကြောင့် ဆက်၍မသယ်ဆောင်နိုင်တော့ဘဲ နောက်မှပြန်လာခေါ်မည်ဟုဆုံးဖြတ်ကာ ပြေးခဲ့ရာမှ မေ ၂၈ ရက်ရောက်မှ လယ်တဲတစ်ခုသို့ရောက်ရှိခဲ့ပြီး နယ်မြေခံတပ်မှ လာရောက်ခေါ်ဆောင်ခဲ့ကာ မြစ်ကြီးနားတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူခဲ့ရကြောင်း သိရသည်။

တောထဲတွင် ကျန်ရစ်ခဲ့သည် ညီဖြစ်သူမှာ ရရှိထားသည့် ဒဏ်ရာများကြောင့် သေဆုံးရန် ရာခိုင်နှုန်းများခြင်း၊ လမ်းမမှတ်မိတော့ခြင်း၊ သွားရောက်ရှာဖွေမည့်သူများလည်း အန္တရာယ်ရှိနိုင်ခြင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများမှလည်း တွေ့ရှိသွားနိုင်ခြင်းတို့ကြောင့် မောင်နိုင်လင်းအား သေပြီဟုယူဆကာ ခုနစ်ရက်မြောက်နေ့ မေ ၁ ရက်က ဆားမော်ကျေးရွာ ဘုန်းကြီးကျောင်း၌ ဆွမ်းသွတ်အမျှအတန်းဝေပေးခဲ့သည်။

ယင်းနေ့ နံနက် ၁၀ နာရီခွဲခန့်တွင် မောင်နိုင်လင်းမှာ မသေဘဲ လယ်တဲတစ်ခုတွင် ဒဏ်ရာများဖြင့် ရောက်ရှိနေကြောင်း သိရှိရသဖြင့် နယ်မြေခံတပ်နှင့် မိဘများက သွားရောက်ခေါ်ဆောင်ခဲ့ပြီး မြစ်ကြီးနား တပ်မတော်စစ်ဆေးရုံသို့ ပို့ဆောင်ဆေးကုသထားရာ ၎င်းရရှိထားသည့် ဒဏ်ရာများမှာ ခန္ဓာကိုယ်အနှံ့အပြားမိုင်းစများထိမှန်ဒဏ်ရာများဖြစ်သည်။

မောင်နိုင်လင်းမှာ တောထဲတွင် မိုင်းစထိမှန်ဒဏ်ရာများရရှိကာ လမ်းစပျောက်ခဲ့ရပြီး စားသောက်စရာမရှိ၍ ပါလာသည့် သရက်သီးစိမ်းနှင့် ငါးပိဖုတ်ကိုသာ စားနေခဲ့ရကြောင်း၊ နေ့ရော ညပါ ခြောက်ရက်တိတိ မိုးရွာထဲတွင်သာ အိပ်စက်ခဲ့ရပြီး တောထဲတွင် ဒုက္ခများနှင့် ကြုံတွေ့ခဲ့ရကြောင်းနှင့် မေ ၁ ရက်က မြစ်ကြီးနား တပ်မတော်စစ်ဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ထားကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**



## နောင်ချိုမြို့နယ် ရွှေမုဋ္ဌောကျေးရွာအနီး ကားလမ်းမပေါ် ရေကြီးရေလျှံမှုဖြစ်

**နောင်ချို ဇွန် ၂**

နောင်ချိုမြို့နယ်၌ ဇွန် ၂ ရက် မွန်းလွဲ ၂ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းသဖြင့် နောင်ချိုမြို့နယ် ကံကြီးကောင်းခမ်း၊ ရပ်စောက်မြို့နယ်သို့သွားသော ကားလမ်းအနီး၌ရှိသည့် ရွှေမုဋ္ဌောကျေးရွာနှင့် ကားလမ်းမပေါ် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည်။ ယင်းသို့ ရေကြီးသဖြင့် ကားငယ်များရပ်တန့်ထားပြီး ခြောက်ဘီး၊ ၁၂ ဘီး စသည့်ယာဉ်များ ဖြည်းဖြည်းမောင်းနှင်သွားနေကြောင်းသိရသည်။ ဒေသခံရွာသားတစ်ဦးက မိုးသည်းထန်စွာရွာခြင်းကြောင့် တောင်ကျရေများ တိုက်စားမှုကြောင့် ရေကြီးရေလျှံကြောင်း၊ ရွှေမုဋ္ဌောကျေးရွာသည် ရေအလွန်ရှားပါးသော ကျေးရွာတစ်ရွာဖြစ်ပြီး ယခုလို ရေကြီးရေလျှံမှု တစ်ခါမျှ မကြုံတွေ့ဖူးကြောင်း ပြောပြသည်။ ရေကြီးရေလျှံမှု ကြောင့် နေအိမ်၊ တိရစ္ဆာန်များ၊ ပျက်စီးဒဏ်ရာ၊ သေဆုံးမှု မရှိကြောင်း သိရသည်။

**စိုးဝင်း**

# MPT-University Football Tournament 2018 ဇုန်အလိုက် (အထက်မြန်မာပြည်)ဘောလုံးပြိုင်ပွဲကျင်းပ

**မန္တလေး ဇွန် ၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် MPT တို့ ပူးပေါင်း၍ MPT University Football Tournament 2018 အထက်မြန်မာပြည်ဇုန်အလိုက် ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲက မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ စိုင်းဆမ်ထွန်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မန္တလေး တက္ကသိုလ်များ ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယပါမောက္ခချုပ် ဒေါက်တာ တင်ထွန်းအောင်၊ MPT မှ Berimo နှင့် ဒုတိယအရာရှိချုပ် စီးပွားရေးရာဌာနကြီး၊ လုပ်ငန်းလည်ပတ်မှုဌာန ကြီးတို့က ဘောလုံးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီးနောက် ပြိုင်ပွဲဝင်အသင်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ဖွင့်ပွဲနှင့်ပွဲစဉ်အဖြစ် မန္တလေးဇုန်အသင်းနှင့်မကွေးဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့ကြပြီး ယင်းပွဲစဉ်တွင် အိမ်ရှင်မန္တလေးဇုန်အသင်းက မကွေးဇုန်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ခြေစွမ်းပြယှဉ်ပြိုင် အနိုင်ရရှိခဲ့သည်။

အဆိုပါအထက်မြန်မာပြည် ဇုန်အလိုက် ဘောလုံးပြိုင်ပွဲတွင် (က)အုပ်စုတွင် နေပြည်တော်ဇုန်အသင်း၊ မုံရွာဇုန်အသင်းနှင့် တောင်ကြီး ဇုန်အသင်း၊ အုပ်စု(ခ)တွင် မန္တလေးဇုန်အသင်း၊ မကွေးဇုန်အသင်းနှင့် မြစ်ကြီးနားဇုန်အသင်းတို့ ပါဝင်ကြပြီး ဗထူးအားကစားကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ကာ အမျိုးသမီးပြိုင်ပွဲတွင် နေပြည်တော်ဇုန်အသင်း၊ မုံရွာဇုန်အသင်း၊ မန္တလေးဇုန်အသင်း၊ မကွေးဇုန်အသင်း၊ မြစ်ကြီးနားဇုန်အသင်းနှင့် တောင်ကြီးဇုန်အသင်းတို့သည် မန္တလေးတက္ကသိုလ် အားကစားကွင်း၌ ဇွန် ၁၁ ရက်အထိ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ရဲချုပ်တံခွန်စိုက်ဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ တံခွန်စိုက်ဒိုင်း ဆွတ်ခူး



**ရန်ကုန် ဇွန် ၂**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ၂၀၁၈ ခုနှစ် ပထမအကြိမ် ရဲချုပ် တံခွန်စိုက်ဒိုင်းပိုက်ကျော်ခြင်း ပြိုင်ပွဲဗိုလ်လုပွဲများကို ဇွန် ၂ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပခဲ့ရာ အသင်းလိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်းက တံခွန်စိုက်ဒိုင်းဆုဆွတ်ခူး ရရှိသွားသည်။

ပြိုင်ပွဲအပြီး အမျိုးသားနှစ်ယောက်တွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်း၊ ဒုတိယဆုရ တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်း၊ တတိယဆုရ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့အသင်းအား တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က လည်းကောင်း၊သုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အသင်း၊ ဒုတိယဆုရ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့အသင်း၊ တတိယဆုရ အမှတ်(၃)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့အသင်းအား အမှတ်(၂)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် တင်ကိုကိုက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆု ရရှိသွားသော ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အသင်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ကိုယ်စား ရဲထောက်ချုပ်ရဲမှူးချုပ် သန်းတင်အောင်က ဒိုင်းဆုနှင့် ငွေသားဆုပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **(ဝဲပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က ခြင်းလုံး ၆၀၊ ဒုတိယဥက္ကဋ္ဌ ဦးရဲအောင်က ခြင်းလုံးကစားပိုက်လေးစုံတို့ကို ပေးအပ်လှူဒါန်းရာ ရဲထောက်ချုပ် ရဲမှူးချုပ်သန်းတင်အောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါပိုက်ကျော်ခြင်း ပြိုင်ပွဲကို မေ ၂၉ ရက်မှ ဇွန် ၂ ရက်အထိ ကျင်းပခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့များ၊ လုံခြုံရေးရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့၊ ရေကြောင်း ရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမြန်လမ်းမကြီးရဲတပ်ဖွဲ့၊ စည်ပင်သာယာရဲတပ်ဖွဲ့၊ ရဲလေ့ကျင့်ရေးကျောင်းများမှ စုစုပေါင်းပြိုင်ပွဲဝင်အသင်း ၂၇ သင်း၊ အားကစားသမား ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**တင်စိုး(မြန်မာ့အလင်း)**

● *ကျောဖုံးမှ*

စည်သူအောင်တို့ အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။

ဝေသာလီကွင်း၌ ကျင်းပသည့် ပွဲတွင် ရန်ကုန်အသင်းက ရခိုင်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် ပထမပိုင်းတွင် ရှုံးနေသော်လည်း ဒုတိယပိုင်းတွင် ဂိုးပြန်သွင်းကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အတွက် အနိုင်ဂိုးများကို ၆၅ မိနစ်တွင် ဆယ်လာ၊ ၆၇ မိနစ်တွင် ရန်လင်းအောင်၊ မိနစ် ၇၀တွင် မောင်မောင်လွင်တို့က သွင်းယူခဲ့ပြီး ရခိုင်အတွက် ဂိုးများကို ၂၉ မိနစ်တွင် မက်သရူးနှင့် ၇၁ မိနစ်တွင် စည်သူသန်းစိုးတို့က သွင်းယူပေးခဲ့သည်။ ပဲခူးကွင်း၌ ကျင်းပသောပွဲတွင် ဟံသာဝတီအသင်းက မြဝတီအသင်းကို ကိုးဂိုးပြတ်အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းအတွက် ဂိုးများကို ၂၉၊ ၄၀၊ ၅၉ မိနစ် တွင် ဂျီးဇက်က ဟက်ထရစ်သွင်းယူခဲ့ပြီး ၆၊ ၁၅ မိနစ်တွင် ရွှေလှိုင်ဝင်း၊ ၄၈၊ ၅၇ မိနစ်တွင် မတ်ခ်တို့က နှစ်ဂိုးစီ၊ ၁၁ မိနစ်တွင် ပိုင်မိုးဝေနှင့် ၆၄ မိနစ်တွင် ကျော်ဇေယျတို့က တစ်ဂိုးစီ သွင်းယူခဲ့သည်။

ဒုတိယနေ့ကို ဇွန် ၃ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မုံရွာကွင်း၌ စစ်ကိုင်းနှင့်ရှမ်း၊ မော်လမြိုင်ကွင်း၌ Southern နှင့် ဇွဲကပင်၊ ပုသိမ်ကွင်း၌ ရှောဝတီနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း- ညီမြတ်သော်တာ၊ ဓာတ်ပုံ- စိုးညွန့်**



**ပဉ္စမအကြိမ် ကမ္ဘာ့လက်ဝှေ့ချန်ပီယံရှစ် (WLC-5) ချန်ပီယံ ဗိုလ်လုပွဲ လိုက်ဝယ်သာဝိတ်တန်း၌ စောဒါဝိတ်(တောင်ကလေး)နှင့် ကျော်ဇင်လတ် ( ၉ သထုံ) တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။** ဓာတ်ပုံ- ကိုကိုစိုးညွန့်

# ကမ္ဘာ့လက်ဝှေ့ချန်ပီယံရှစ် ဗိုလ်လုပွဲ ပိုလန်သားက စောဘဦးကို အနိုင်ယူ

**နေပြည်တော် ဇွန် ၂**

ပဉ္စမအကြိမ် ကမ္ဘာ့လက်ဝှေ့ချန်ပီယံရှစ် (WLC-5) လိုက်မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့လက်ဝှေ့ချန်ပီယံ ဗိုလ်လုပွဲအပါအဝင် ကမ္ဘာ့လက်ဝှေ့ချန်ပီယံရှစ်ပွဲစဉ်များကို ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပသည်။

ယနေ့ကျင်းပသည့် ကမ္ဘာ့လက်ဝှေ့ချန်ပီယံရှစ်ပွဲစဉ်များအဖြစ် မြန်မာနိုင်ငံသား စောဘဦး(တောင်ကလေး)နှင့် ပိုလန်နိုင်ငံသား အာသာဆာလာဒိုက်တို့၏ လိုက်မစ်ဒယ်ဝိတ်တန်း ရွှေခါးပတ်လုပွဲအပါအဝင် ပွဲစဉ်ခုနစ်ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

ယနေ့ပြိုင်ပွဲ၏ အဓိကပွဲစဉ်ဖြစ်သည့် လိုက်မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့လက်ဝှေ့ချန်ပီယံ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် မြန်မာနိုင်ငံသား စောဘဦး (တောင်ကလေးကလပ်)နှင့် ပိုလန်နိုင်ငံသား အာသာဆာလာဒိုက်တို့ပွဲစဉ် ပထမအချီ အစပိုင်းတွင် ပညာစမ်းရင်း ပွဲအေးသလိုဖြစ်ခဲ့သော်လည်း ဘယ်ညာလက်သီးတွဲလုံးများကြောင့် အသက်ဝင်ခဲ့သည်။

ဒုတိယအချီတွင် ပိုမိုမြန်ဆန်ခဲ့ပြီး စောဘဦးက ဘယ်ညာလက်သီးတွဲလုံးများနဲ့ တိုက်စစ်ဆင်ခဲ့သည့်အတွက် အာသာဆာလာဒိုက်က ပြန်လည်ကာကွယ်ရင်း ခြေကန်ချက်များ၊ လက်သီးချက်များဖြင့် တန်ပြန်ချေပခဲ့သည်။ တတိယအချီတွင် အာသာဆာလာဒိုက်က ထိုးစစ်ဆင်နိုင်ခဲ့၍ တရစပ်ဖိအားပေးခဲ့ကာ စောဘဦးကို အခက်တွေ့စေခဲ့သည်။ စတုတ္ထအချီတွင် အာသာဆာလာဒိုက်က ဒူးတိုက်ချက်ဖြင့် စောဘဦးကိုအလဲထိုးအနိုင်ယူကာ ကမ္ဘာ့လက်ဝှေ့ချန်ပီယံ ရွှေခါးပတ်ကို အရယူနိုင်ခဲ့သည်။

ယခင်ကျင်းပခဲ့သည့် WLC-4 တွင် ပြိုင်ဘက်များကို အနိုင်ရရှိပြီး မြန်မာပြည်ချန်ပီယံဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြသည့် လိုက်ဝယ်သာဝိတ်တန်း မြန်မာပြည်ချန်ပီယံဗိုလ်လုပွဲတွင် စောဒါဝိတ် (တောင်ကလေးကလပ်) နှင့် ကျော်ဇင်လတ် (၉ သထုံကလပ်) တို့ပွဲစဉ်မှာ အစမှာပင် လျှင်လျှင်မြန်မြန် ယှဉ်ပြိုင်ခဲ့ကြပြီး စောဒါဝိတ်၏ လက်သီးကြောင့် ကျော်ဇင်လတ် အနှောင့်အယှက် ဖြစ်ခဲ့သလို ကျော်ဇင်လတ်၏ ချုပ်ကွက်ကလည်း စောဒါဝိတ်ကို အခက်တွေ့စေခဲ့သည်။

ဒုတိယအချီတွင် စောဒါဝိတ်၏ ညာတံတောင်ကြောင့် ကျော်ဇင်လတ်လဲကျခဲ့ရသလို အစောပိုင်းတွင် ကျော်ဇင်လတ်၏ ချုပ်ကွက်ကြောင့် စောဒါဝိတ် သွေးထွက်သည့် နဖူးကို ဆေးစစ်မှုလုပ်ခဲ့ရသည်။ တတိယအချီနှင့် စတုတ္ထအချီတို့တွင် လက်သီးတွဲလုံးများ၊ ခြေကန်ချက်များ၊ ဒူး၊ တံတောင်များဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြ၍ ပရိသတ်ကို ပွဲဆူစေခဲ့သည်။ ငါးချီအထိ ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်ပြီးနောက် ဒိုင်အမှတ်ဖြင့် ကျော်ဇင်လတ်က အနိုင်ရရှိကာ မြန်မာပြည်ချန်ပီယံခါးပတ်ကို အရယူနိုင်ခဲ့သည်။



**အာသာဆာလာဒိုက် (ပိုလန်)နှင့် စောဘဦး (တောင်ကလေး) ယှဉ်ပြိုင်ထိုးသတ်စဉ်။**

ဩစတြေးလျနိုင်ငံသား မိုက်ကယ်ဘာဒါတိုနှင့် မြန်မာနိုင်ငံသား စောငမန်း (ရွှေဖူးကလပ်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြသည့် စူပါမစ်ဒယ်ဝိတ်ပွဲစဉ်တွင် အစပိုင်း၌ ပညာသားပါပါ အရှောင်အတိမ်းများဖြင့် တစ်ဦးနှင့်တစ်ဦး ဟာကွက်စောင့်ကာ ယှဉ်ပြိုင်ခဲ့ကြသည်။ ဒုတိယအချီတွင် ဟာကွက်များကို အပိုင်အနိုင်အသုံးချကာ ခြေကန်ချက်များ၊ ဒူးတိုက်ချက်များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ငါးချီပြည့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြပြီး စောငမန်း(ရွှေဖူးကလပ်)က အမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

လိုက်ဝယ်သာပွဲစဉ်အဖြစ် စောထူးအောင်(တော်ဝင်ရိုးရာကလပ်)နှင့် လက်သီးမိုး (၉ သထုံကလပ်)တို့၏ ပွဲစဉ်တွင် စောထူးအောင် (တော်ဝင်ရိုးရာကလပ်) က ငါးချီပြည့် ယှဉ်ပြိုင်အနိုင်ရယူခဲ့ပြီး လိုက်ဝိတ်ပွဲစဉ်တွင် မိုက်ရိုင်း(ရွှေဖူးကလပ်) နှင့် ပေါ်တူဂီနိုင်ငံသား အန်တိုနီယိုအယ်ဘာတို ဖာရီရာတို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြရာ သုံးချီမြောက်တွင် ဒိုင်ပွဲရပ်ဖြင့် အန်တိုနီယိုအယ်ဘာတိုဖာရီရာက အနိုင်ရရှိခဲ့သည်။

ဝယ်သာဝိတ်တန်းပွဲစဉ်အဖြစ် သပြေညို (Adventure)နှင့် ဖိုးလပြည့် (ရွှေဖူးကလပ်)တို့ ပွဲစဉ်တွင် သပြေညိုက ပွဲအစမှစ၍ တရစပ်ထိုးစစ်ဆင်ခဲ့ကာ ဒုတိယအချီတွင် သပြေညို၏ အားပါသည့် ညာလက်သီးဖြင့် ဖိုးလပြည့်အား အလဲထိုးအနိုင်ယူခဲ့ပြီး ရွှေနဒီ(ရွှေဘားလားကလပ်)နှင့် ကမ္ဘောဒီးယားနိုင်ငံသူ နိုဆရီပေါ့တို့ ယှဉ်ပြိုင်ခဲ့ကြသည့် အမျိုးသမီး ဖယ်သာ ဝိတ်တန်းပွဲစဉ်တွင် နိုဆရီပေါ့က သုံးချီပြည့် ယှဉ်ပြိုင်အနိုင်ယူခဲ့သည်။

**သတင်း-မျိုးသူဟိန်း၊ ဓာတ်ပုံ- ကိုကိုစိုးညွန့်**

# မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတား၌ ကျပ်သိန်းပေါင်း ၉၀၀ တန်ဖိုးရှိ ဆိုဒီယမ်ဆိုင်ရာနိုက်များ ထိုင်းနိုင်ငံသား တစ်ဦးထံမှ ဖမ်းဆီးရမိ



တာချီလိတ် ဇွန် ၂

**ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတား၌ ထိုင်းနိုင်ငံသား မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ ငွေကျပ်သိန်းပေါင်း ၉၀၀ တန်ဖိုးရှိ ဆိုဒီယမ်ဆိုင်ရာနိုက်များကို ဇွန် ၂ ရက် နံနက်ပိုင်းက ဖမ်းဆီးရမိသည်။**

ဇွန် ၂ ရက် နံနက် ၁၁ နာရီခွဲက ထိုင်းနိုင်ငံ ONCB အဖွဲ့နှင့် သတင်းဖလှယ်ဆက်သွယ်ချက်အရ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များနှင့် အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်၊ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားတွင် ထိုင်းနိုင်ငံမှ တာချီလိတ်သို့ ထိုင်းနိုင်ငံသား Mr.Sawat Kaeodam မောင်းနှင်ဝင်ရောက်လာသည့် ထိုင်းနံပါတ်တပ် ၁၀ ဘီးယာဉ်နောက်ခန်းတွင် အနက်ရောင်မိုးကာဖြင့် အုပ်လျက် မသင်္ကာဖွယ်သံပုံးများတွေ့ရှိသဖြင့် မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်သို့ မောင်းနှင်ခေါ်ဆောင်၍ ပူးပေါင်းအဖွဲ့ဖြင့် သက်သေများရှေ့ဖွင့်ဖောက်စစ်ဆေးရာ အနက်ရောင်သံပုံးများဖြင့် ထည့်လျက် ဆိုဒီယမ်ဆိုင်ရာနိုက်၊ အလေးချိန် ၅၀ ကီလိုခန့်စီပါ ပုံး ၃၀၀ စုစုပေါင်း အလေးချိန် ၁၅ တန်ခန့် (ဒေသတန်ဖိုး ငွေကျပ်သိန်းပေါင်း ၉၀၀ခန့် )အား လည်းကောင်း၊ ပတ်စ်ပို့စာအုပ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိသည်။

ဆိုဒီယမ်ဆိုင်ရာနိုက်များနှင့်အတူ ဖမ်းဆီးရမိသော Mr. Sawat Kaeodam (၄၂ နှစ်) ဘန့်ရှောင်ရွာ ကျင်းရှဲန်မြို့နယ် ချင်းရိုင်းခရိုင် ထိုင်းနိုင်ငံနေသူအား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၃ -၆- ၂၀၁၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၀၀ - Breakfast News

၈း၃၅ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ (၅၄)**

၁၀း၀၀ - Sunday Talk

၁၁း၁၅ - လှပစုံလင်အာဆီယံတစ်ခွင်

၁၁း၃၀ - ကျန်းမာရေး မဂ္ဂဇင်း **အရေးပေါ် ဆီးချိုသွေးချိုတက်လျှင် ဘယ်လိုကုသရမလဲ** (အပိုင်း- ၁)

၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် **အဖေတစ်ခု သားတစ်ခု** စိန်မြင့်၊ ဇော်လင်း၊ ဆွေဇင်ထိုက် (ဒါရိုက်တာ- မောင်နန္ဒ)

**ညပိုင်း**

၁၅း၁၅ - Myanmar Nation-al League 2018 **ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်** (Southern Myanmar FC Vs Zwekepin United FC)

၁၈း၃၅ - **အနာဂတ်အလင်းရောင် MSMEs မှဖော်ဆောင်**

၁၉း၁၅ - အိန္ဒိယဇာတ်လမ်းတွဲ **မြွေပျိုမယ်ရဲ့ မာယာလှည့်ကွက်** (အပိုင်း-၉၅)

၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ

၂၀း၃၅ - **In&Out** (Taiwan ခရီးစဉ်) (အပိုင်း-၂) (လေးဖြူနှင့် အဖွဲ့)

- **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် အလင်္ကာဝတ်ရည် တေးဂီတအဖွဲ့ ပူးပေါင်းဖျော်ဖြေတင်ဆက်သည့် မြန်မာမှု တေးဂီတ တင်ဆက်ပွဲ**
- **တိမ်စင်လ**

# YBS-20 ယာဉ်မောင်း ဦးတိုက်လျှောက်တိုင်တန်းမှု လှိုင်သာယာတရားရုံးက စွပ်စွဲခံရသူတို့အား စစ်ဆေးရန် ဇွန် ၁၅ ရက်သို့ ရုံးမိန့်ထုတ်ဆင့်

**ရန်ကုန် ဇွန် ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ဒဂုံ-ဈေး အဝေးပြေးအနီး OMMI FOCUS ကုမ္ပဏီပိုင် YBS-20 ယာဉ်ရပ်နားစခန်းဝင်းအတွင်း ခရီးသည်တင်ယာဉ် နှစ်စီး တိုက်မိရာမှ YBS-20 ယာဉ်မောင်း က မြို့နယ်တရားရုံးသို့ နာကျင်စေမှုဖြင့် ဦးတိုက်လျှောက်ထားသည့်အပေါ် ဇွန်လ ၁ ရက်နေ့ ရုံးချိန်း၌ စွပ်စွဲခံရသူ နှစ်ဦးအား နောက်တစ်ပတ်ရုံးချိန်တွင် စစ်ဆေးရန် အမိန့်ချမှတ်ခဲ့ပြီး ဇွန်လ ၁၅ ရက် သောကြာနေ့ ရုံးတော်ရှေ့ လာရောက်ရန်လည်း သမ္မန်စာထုတ်ဆင့်ထားကြောင်း အဆိုပါတရားရုံးမှ သိရသည်။

လှိုင်သာယာမြို့နယ်တရားရုံး သတင်းနှင့် ပြန်ကြားရေးအရာရှိ မြို့နယ်တရားသူကြီး ဦးကျော်သူစိုးက "လှိုင်သာယာတရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီး အမှုအမှတ် ၁၃၉၈ တရားလို ဦးအောင်မြတ် မေလ ၁၁ ရက် ဦးတိုက်လျှောက်ထားမှု စွပ်စွဲခံရသူ YBS-20 ယာဉ်ပိုင်ရှင် ဦးကျော်နေဝင်းနှင့် ဦးဇွဲနေဝင်းတို့ အမှုအကြောင်းက ဧပြီ ၂၈ ရက်မှာ ဒဂုံ-ဈေးအဝေးပြေး YBS-20 ခရီးသည်တင်ယာဉ်နှစ်စီးက တိုက်မှုဖြစ်တယ်၊ ဘေးမှန်နှစ်ချပ်ကွဲတယ်၊ ယာဉ်ပိုင်ရှင်နှစ်ဦး ယာဉ်မောင်းဦးအောင်မြတ်ကို ခြေနဲ့ ကန်တယ်၊ လက်နဲ့ရိုက်တယ်၊ လည်ပင်းညှစ်တယ်၊ မေ ၅ ရက် လှိုင်သာယာဆေးရုံမှာ ကုသခံရတယ်၊ ဒါနဲ့ ပတ်သက်ပြီး တရားရုံးလုပ်ထုံးလုပ်နည်းနဲ့အညီ ကျင့် ၂၀၀ နဲ့ ကျမ်းကျိန်လက်ခံခဲ့ပြီး မေ ၂၅ ရက် ချိန်းဆိုခဲ့တယ်၊ စွပ်စွဲခံရသူကို စွပ်စွဲသင့် မသင့် စစ်ဆေးနိုင်ဖို့ သောင်ကြီးအပိုင်ရဲစခန်းကို စုံစမ်းစေခဲ့တယ်၊ ကျင့် ၂၀၂ အရ တင်ပြလာတဲ့ ရဲတပ်ဖွဲ့အစီရင်ခံစာအပေါ် ကျင့် ၂၀၂ ပုဒ်မခွဲ(၂)(၁) အရ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၉၄ နဲ့ ပုဒ်မ ၃၂၃ အရ ဆက်လက်စစ်ဆေးအရေးယူဆောင်ရွက်သွားမယ့်အကြောင်း မေ ၁ ရက်မှာ အမိန့်ချမှတ်ခဲ့တာပါ၊ ဇွန်လ ၁၅ ရက်သောကြာနေ့ ရုံးချိန်း စွပ်စွဲခံရသူတို့ ရုံးရှေ့လာရောက်ဖို့ သမ္မန်စာလည်း ထုတ်ဆင့်ပေးထားပါတယ်" ဟု မီဒီယာများကို ရှင်းလင်းပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ရေပူစစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့မုန့်မျိုးစုံနှင့် လူသုံးကုန်ပစ္စည်းများ ဖမ်းမိ

**နေပြည်တော် ဇွန် ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၆၉ စီး၊ သွင်းကုန် ၉၃၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၃၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၃၆၄ သန်းခန့်၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၅၁၅ သန်းခန့် စုစုပေါင်းတားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၉ ဒသမ ၈၇၉ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ထူးခြားသည့် ဖမ်းဆီးမှုအနေဖြင့် ဇွန် ၁ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ကင်တာ ခြောက်ဘီးယာဉ် လေးစီးနှင့် ယာဉ်ငယ်နှစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံ ထုတ်မုန့်မျိုးစုံ ၂၄၆ ဖာအပါအဝင် လူသုံးကုန်ပစ္စည်း ငါးမျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၃၆၄ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အလားတူ မေ ၃၁ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ်အား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Cotton Fabrics အလှကုန်နှင့် စားသောက်ကုန်နှစ်မျိုး စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၅ ဒသမ ၄၂၈ သန်းခန့်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြေနီကုန်း ခုံးကျော်တံတားပေါ်၌ ကားတစ်စီးမီးလောင်မှုဖြစ်

**ရန်ကုန် ဇွန် ၂**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း ခုံးကျော်တံတားပေါ်၌ ဇွန် ၂ ရက် မွန်းလွဲ ၁၂ နာရီ ၅၈ မိနစ်ခန့်က မော်တော်ယာဉ်တစ်စီး ရုတ်တရက်မီးလောင်မှု ဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

အလုံမှ မြေနီကုန်းဘက်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသော 6I/---- နံပါတ် ကိုယ်ပိုင်ယာဉ်သည် မြေနီကုန်းခုံးကျော်တံတားပေါ် သို့ အရောက်တွင် အင်ဂျင်ခန်းတွင်းမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခြင်း ဖြစ်သည်။

မီးလောင်ရာသို့ အနောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးဌေးဝင်း ဦးဆောင်သော အုပ်ချုပ်ရေးယာဉ်နှင့်အတူ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်ရေယာဉ်တို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

**ကိုကြီးတင်**



# တပ်ကုန်းမြို့၌ ရထားနှင့်ဆိုင်ကယ် တိုက်မှု တစ်ဦးသေဆုံး

**တပ်ကုန်း ဇွန် ၂** - နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ရန်ကုန်-မန္တလေး မီးရထားလမ်း မိုင်တိုင်အမှတ် ၂၅၄/၂၁ နှင့် ၂၅၄/၂၂ ကြားတွင် ဇွန် ၁ ရက် ညနေ ၄နာရီ မိနစ် ၄၀ က အမှတ်(၂)အစုန်စာပို့ရထားနှင့်ဆိုင်ကယ် တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

တပ်ကုန်းမြို့၏ မြောက်ဘက် ဥတ္တရသီရိမြို့နှင့်ဆက်သွယ်ထားသောကားလမ်းရှိ မီးရထားသံလမ်းကူးမောင်းတံကို ဝင်တိုက်မောင်းနှင်လာသည့် ဆိုင်ကယ်ယာဉ်မောင်း စန်းလွင် (၃၉)နှစ်၊ နောက်မှစီးနင်းသူကိုပု အသက်(၄၀ နှစ်) ရွှေးစုကျေးရွာ(မ) တပ်ကုန်းမြို့နေသူတို့သည် အမှတ်(၂)အစုန် စာပို့ရထားကို တိုက်မိခဲ့သဖြင့် ဆိုင်ကယ်မောင်းနှင်သူ စန်းလွင်သည် အခင်းဖြစ်နေရာတွင် ပွဲချင်းပြီး သေဆုံး၍ နောက်မှစီးနင်းသူ ကိုပုမှာ (စိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# သက်ငယ်မုဒိမ်းမှု ပုသိမ်ခရိုင်တရားရုံးက ထောင်ဒဏ်အနှစ် ၂၀ ချမှတ်

**ပုသိမ် ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တရားရုံးတော်က မေ ၃၁ ရက်တွင် သက်ငယ်မုဒိမ်းမှုကျူးလွန်သူကို ထောင်ဒဏ် အနှစ် ၂၀ ပြစ်ဒဏ်ပေးလိုက်သည်။

ဖြစ်စဉ်မှာ ၂၀၁၇ ခုနှစ် မေလပိုင်း (ရက်မမှတ်မိ) အချိန်က ငပုတောမြို့နယ် ကျေးရွာနေ မ ---- (၁၅ နှစ်) သည် ပုသိမ်မြို့အမှတ် ၈ နယ်မြေ မဟာဗောဓိလမ်းအနီးရှိ ရွှေလက်ရာစားသောက်ဆိုင်တွင် အကူအလုပ်သမားအဖြစ် ဝင်ရောက်လုပ်ကိုင်စဉ် ဆိုင်ပိုင်ရှင် ဒလစ်(ခ) ဇော်မင်းဦးက မ----- အား အလိုမတူဘဲ သားမယား သုံးကြိမ်ပြုကျင့်ပြီး မိဘများအားပြန်မပြောရန်၊ တစ်ဦးဦး သိရှိသွားပါက သတ်ပစ်မည်ဟု ခြိမ်းခြောက်ထားခြင်းခံရကြောင်း၊ မကြာမီ မိခင်ကို ဆိုင်မှထွက်လိုကြောင်း ပြောဆိုပြီး အမှတ် ၈ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်သူထံ သွားရောက်တိုင်ကြားသည့်အခါ သက်ငယ်မုဒိမ်းမှုဖြစ်နေသဖြင့် ပုသိမ်နယ်မြေရဲစခန်းသို့ လွှဲပြောင်း၍ မိခင်ဖြစ်သူက အမှုဖွင့်လှစ်ခဲ့ရာ ဒလစ်(ခ) ဇော်မင်းဦးအား ဖမ်းဆီးအရေးယူ၍ ပုသိမ်ခရိုင်တရားရုံး၌ စစ်ဆေးခဲ့ကြောင်း၊ တရားသူကြီး ဦးကျော်စိုးက အကြိမ်ကြိမ် အပြန်အလှန် စစ်ဆေးပြီးနောက် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ၂၀၁၈ ခုနှစ် မေ ၃၁ ရက်တွင် ဒလစ်(ခ) ဇော်မင်းဦးအား သက်ငယ်မုဒိမ်းမှုဖြင့် ထောင်ဒဏ်အနှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်လိုက်ခြင်း ဖြစ်သည်။

**ပုသိမ်လုကြည်**

# စပိန်ဆိုရှယ်လစ်ခေါင်းဆောင် နိုင်ငံတော်၏ ဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာကျိန်ဆို

**မက်ဒရစ် ဇွန် ၂**

မာရီယာနိုရာဂျွိုင်းပါတီသည် လွှတ်တော်အတွင်း အကျင့်ပျက်ခြစားမှုပုံရိပ်ထင်ဟပ်နေသည့်အတွက် ယုံကြည်မှုမရှိ မဲရလဒ်ဖြင့် ရာထူးမှ ပြုတ်ကျပြီးနောက် စပိန်ဆိုရှယ်လစ်ခေါင်းဆောင် ပီဒရိုဆန်ချက်ဇ်သည် ဇွန် ၂ရက်က ဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

အစိုးရပိုင်းဆိုင်ရာ အတွေ့အကြုံမရှိသော အသက် ၄၆နှစ်ရှိ စီးပွားရေးသမားဆန်ချက်ဇ်သည် ယင်းနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် မက်ဒရစ်အနီး ဇာဇူးလားနန်းတော် ဘုရင်ဖီးလစ်၏ ရှေ့မှောက်၌ ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ဆိုရှယ်လစ်ခေါင်းဆောင်သည် ၎င်း၏ဝန်ကြီးအဖွဲ့ဝင်များကို ရွေးချယ်လျက်ရှိပြီး တရားဝင်အစိုးရသတင်းစာတွင် ဝန်ကြီးအဖွဲ့နာမည်များထုတ်ပြန်ကြေညာပြီးနောက် ဝန်ကြီးချုပ်ရာထူးကို စတင်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၅ နှင့် ၂၀၁၆ ခုနှစ် အထွေထွေရွေးကောက်ပွဲများတွင် ဆိုရှယ်လစ်များ ရှုံးနိမ့်ခဲ့ပြီး ဦးဆောင်နေစဉ် ဆန်ချက်ဇ်မှာ ပါတီမှနုတ်ထွက်ရန် ဖိအားပေးခြင်းခံခဲ့ရသည်။

သို့သော်လည်း ၂၀၁၇ ခုနှစ်တွင် ပါတီဝင်များက ၎င်းကို ပါတီခေါင်းဆောင်အဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခဲ့သည်။ ထို့နောက် ၂၀၁၁ ခုနှစ်ကတည်းက အာဏာဆုပ်ကိုင်ထားခဲ့သော အသက် ၆၃ နှစ်ရှိ စစ်ရေးအတွေ့အကြုံကြွယ်ဝသည့်နိုင်ငံရေးသမားရာဂျွိုင်းကို ဖြုတ်ချနိုင်ခဲ့သည်။

ရာဂျွိုင်း၏ကွန်ဆာဗေးတစ်ပါတီဖြစ်သည့် ပီပီပါတီမှ အရာရှိဟောင်းများသည် ရန်ပုံငွေအလွဲသုံးစားလုပ်သည့်ပြစ်မှုကျူးလွန်ကြောင်း တရားရုံးက တွေ့ရှိခဲ့ပြီးနောက် မေ ၂၅ ရက်က ဆန်ချက်ဇ်သည် ရာဂျွိုင်းအပေါ် အယုံအကြည်မရှိ ဆန္ဒမဲပေးခဲ့သည်။

ထို့နောက် ရာဂျွိုင်း၏အတိုက်အခံပါတီများကလည်း ရာဂျွိုင်းကိုဆန့်ကျင်ရန် တန်းစီစောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။



ရာဂျွိုင်းထက်နိုင်ငံရေးအတွေ့အကြုံရော အသိုင်းအဝိုင်းပါမယုဉ်နိုင်သည့် ဆန်ချက်ဇ်အနေဖြင့် ကြမ်းတမ်းခက်ထန်သည့် နိုင်ငံရေးခရီးလမ်းကို လျှောက်လှမ်းရမည်မှန်သော်လည်း ၎င်းကိုထောက်ခံသူများက ငါတို့စွမ်းနိုင်ရမည်ဟုဆိုကာ ၎င်းကို ချီးကျူးဂုဏ်ပြုခဲ့သည်။ **အေအက်ဖ်ပီ**



## ကမ္ဘာမြေလေ့လာရေးဂြိုဟ်တုသစ်တစ်လုံး တရုတ်လွှတ်တင်

**ကျူချွမ်း ဇွန် ၂**

စိုက်ပျိုးရေးဆိုင်ရာ အရင်းအမြစ်များအား သုတေသနပြုလုပ်ရေးနှင့် သဘာဝဘေးအန္တရာယ်စောင့်ကြည့်လေ့လာရေးတို့တွင် အဓိကအသုံးပြုမည့် ဂိုဖန်-၆အမည်ရှိ ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုသစ်တစ်လုံးကို တရုတ်နိုင်ငံက ဇွန် ၂ ရက်က လွှတ်တင်ခဲ့သည်။

ဂိုဖန်-၆ ဂြိုဟ်တုကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ကျူချွမ်းတွင် ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လောင်းမာ့ချ်-တူးဒီဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် လော့ဂျာ-၁ အမည်ရှိ သိပ္ပံပညာစမ်းသပ်မှု ဂြိုဟ်တုတစ်လုံးကိုလည်း အာကာသအတွင်းသို့ လွှတ်တင်ခဲ့ကြောင်း သိရသည်။

ယခုလွှတ်တင်မှုသည် လောင်းမာ့ချ် ဒုံးပျံ၏ ၂၇၅ ကြိမ်မြောက် လွှတ်တင်မှုဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## မိုင်ယာမီဈေးဝယ်ကုန်တိုက်တွင် ဗုံးဖောက်ခွဲရန်စီစဉ်ခဲ့သည့် ဟွန်ဒူးရပ်စ်နိုင်ငံသားတစ်ဦးကို ထောင်ဒဏ်ချမှတ်

**မိုင်ယာမီ ဇွန် ၂**

လူစည်ကားသည့် မိုင်ယာမီဈေးဝယ်ကုန်တိုက်တွင် ဗုံးထောင်ရန်ကြိုးစားမှုနှင့် ဂျိဟတ်အုပ်စုများကို ပစ္စည်းများ ထောက်ပံ့ရန် ကြိုးစားမှုတို့ဖြင့် ဖလော်ရီဒါတွင် နေထိုင်သည့် ဟွန်ဒူးရပ်စ်နိုင်ငံသားတစ်ဦးကို ဇွန် ၂ရက်က ထောင်ဒဏ် ၁၇ နှစ်ခွဲ ချမှတ်လိုက်သည်။

အသက် ၅၃ နှစ်ရှိ ဗီဆန်တီအဒေါ့ဖို ဆိုလန်နိုသည် မိုင်ယာမီဈေးဝယ်ကုန်တိုက်တွင် ဖောက်ခွဲရေးပစ္စည်းတစ်ခုကို ဖောက်ခွဲရန် အစီအစဉ်ချပြီးနောက် အိုင်အက်စ်အကြမ်းဖက်သမားများကို ပစ္စည်းများထောက်ပံ့သည့်ကိစ္စတွင် အပြစ်ရှိကြောင်း မတ် ၁၄ ရက်က ထွက်ဆိုခဲ့သည်ဟု အမေရိကန် အစိုးရရှေ့နေများက ကြေညာချက်တွင် ဖော်ပြခဲ့သည်။ အဆိုပါကြေညာချက်တွင် မည်သည့် ဈေးဝယ်ကုန်တိုက်ကို ပစ်မှတ်ထားဖောက်ခွဲမှုပြုလုပ်မည်ဆိုသည်ကို မဖော်ပြခဲ့ပေ။ ထို့အတူ မည်သည့်နေ့တွင် ဖောက်ခွဲမှုပြုလုပ်မည်ဆိုသည့်အချက်ကိုလည်း မဖော်ပြခဲ့ပေ။ ၂၀၁၇ ခုနှစ်အစောပိုင်းက ဆိုလန်နိုသည် သတင်းပေးဖြစ်လာမည့် အခြားသူတစ်ဦးကို ၎င်းအနေဖြင့် အမေရိကန်ပြည်ထောင်စုကို ဒေါသထွက်မိကြောင်း၊ ထို့ကြောင့် မိုင်ယာမီတွင်ဖောက်ခွဲမှုပြုလုပ်ချင်ကြောင်းနှင့် အိုင်အက်စ်အုပ်စုနှင့် ဆက်သွယ်သွားချင်ကြောင်း ပြောခဲ့သည်။

ဆိုလန်နိုက သတင်းပေးနှင့် အက်ဖ်ဘီအိုင်စုံထောက်နှစ်ဦးအား ၎င်း၏အစီအစဉ်ကိုပြောပြခဲ့ရာ ၎င်းအနေဖြင့် အိုင်အက်စ်ထောက်ခံသည့်ဖော်ပြချက်များကို ပြုလုပ်ခဲ့ပြီး အမေရိကန်ဆန့်ကျင်သည့် သဘောထားကို ဖော်ပြခဲ့သည်။

၎င်းကို ဖမ်းမမိခင်ဆိုလန်နိုသည် ဖောက်ခွဲမှုပြုလုပ်ရန်ဖောက်ခွဲရေးပစ္စည်းဟု ယူဆရသည့် အထုပ်တစ်ထုပ်ကို ယူဆောင်သွားပြီး မိုင်ယာမီ ဈေးဝယ်ကုန်တိုက်ဝင်ပေါက်သို့ လမ်းလျှောက်သွားခဲ့ကြောင်း၊ သို့သော်လည်း အဆိုပါပစ္စည်းမှာ ပေါက်ကွဲချိန်မရဘဲ ၎င်းအနေဖြင့် ဈေးဝယ်ကုန်တိုက်သို့ ဝင်ရောက်နေချိန်တွင် ဖမ်းမိသွားခဲ့ခြင်းဖြစ်ကြောင်းနှင့် ပြစ်ဒဏ်ခံရန် ဟွန်ဒူးရပ်စ်သို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## အမေရိကန်သမ္မတနှင့် မြောက်ကိုရီးယား ခေါင်းဆောင်တို့ တွေ့ဆုံပွဲတွင် မည်သည့်စာချုပ်မှ လက်မှတ်ထိုးမည်မဟုတ်

**ဝါရှင်တန် ဇွန် ၂** -အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ၎င်း၏ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းနှင့်တွေ့ဆုံရန်စီစဉ်ထားသည့် အစည်းအဝေးသည် နှစ်နိုင်ငံဆက်ဆံရေးတည်ဆောက်ရန်အစပျိုးခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားအဆင့်မြင့်ကိုယ်စားလှယ်ကင်ရောင်ချိုနှင့် တွေ့ဆုံပြီးနောက်နှင့် မြောက်ကိုရီးယားခေါင်းဆောင်ထံမှ ပေးစာတစ်စောင်လက်ခံရပြီးနောက် သတင်းထောက်များကို ပြောခဲ့သည်။ ကနဦးစီစဉ်ထားသည့်အတိုင်း ၎င်းအနေဖြင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် စင်ကာပူ၌ ဇွန် ၁၂ ရက်တွင်တွေ့ဆုံသွားမည်ဖြစ်ကြောင်း ထရန့်က ပြောခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့် ကိုရီးယားကျွန်းဆွယ်နျူကလီးယားကင်းစင်ရေးအတွက် နှစ်နိုင်ငံကွာဟချက်များကျဉ်းမြောင်းရန် ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ နှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့် တွေ့ဆုံဆွေးနွေးမှုတွင် မည်သည့်သဘောတူစာချုပ်မှ လက်မှတ်ရေးထိုးမည်မဟုတ်ကြောင်းပြောကြားခဲ့သည်။ သို့သော်လည်း အစည်းအဝေးအဆုံးသတ်တွင် အပြုသဘောဆောင်သည့်ရလဒ်ထွက်ပေါ်လာမည်ဟု ကြိုတင်ခန့်မှန်းကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားမှုကို ရှောင်ရှားရန် အမေရိကန်ကုန်သွယ်ရေးဝန်ကြီးတရုတ်သို့ ရောက်ရှိ

**ပေကျင်း ဇွန် ၂**

ကမ္ဘာ့အင်အားကြီးစီးပွားရေးပြိုင်ဘက်နှစ်ခုအကြား ကုန်သွယ်ရေးစစ်ပွဲကြီး ဖြစ်ပေါ်စေမည့် စိုးထိတ်မှုများလွှမ်းမိုးနေသော အခွန်အကောက်များနှင့်ပတ်သက်သည့် တင်းမာမှုများလျော့နည်းစေရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ရန် အမေရိကန်ကုန်သွယ်ရေးဝန်ကြီး ဝယ်လ်ဘာရော့စ်သည် ပေကျင်းသို့ ဇွန် ၂ ရက်က ရောက်ရှိလာခဲ့သည်။

ယခင်လအစောပိုင်းတွင် အခွန်အကောက်များနှင့် ပတ်သက်ပြီး ယာယီအဆင်ပြေချောမွေ့ကြောင်းကြေညာခဲ့သော်လည်း အမေရိကန်ပြည်ထောင်စုအနေဖြင့် တရုတ်ရင်းနှီးမြှုပ်နှံမှုများကို ကန့်သတ်ခြင်း၊ တင်ပို့မှုကို ထိန်းချုပ်ခြင်းနှင့် တရုတ်နည်းပညာ ကုန်စည်တန်ဖိုး ၅၀ ဘီလီယံတွင် ၂၅ ရာခိုင်နှုန်းအခွန်ကောက်ခံခြင်းတို့အပါအဝင် နောက်ဆုံးတွင် တရုတ် နိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ရန် ကြိုးစားခဲ့သည်။ ထို့ကြောင့် တရုတ်နိုင်ငံကလည်း အမေရိကန်ကုန်စည်များနှင့် ပတ်သက်သည့် အကောက်ခွန်များနှင့် ပတ်သက်ပြီး တန်ပြန်ခြိမ်းခြောက်မှုများ ပြန်လည်ပြုလုပ်ခဲ့သည်။

အမေရိကန်ကုန်သွယ်ရေးဝန်ကြီး ဝယ်လ်ဘာရော့စ်သည် တရုတ်နိုင်ငံ၏ မြို့တော်ပေကျင်း၌ ဇွန် ၃ ရက်အထိနေပြီး လိုအပ်သည်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမေရိကန်အစိုးရအရာရှိတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

အမေရိကန်ကုန်သွယ်ရေးဝန်ကြီး ဝယ်လ်ဘာရော့စ် တရုတ်နိုင်ငံသို့ ရောက်ရှိလာသည့်အတွက် တရုတ်နိုင်ငံ အနေဖြင့် ၎င်း၏ သဘောထားအနည်းငယ်ပျော့ပျောင်းလာမည်ဟု ယူဆရကြောင်း အေအက်ဖ်ပီသတင်းတွင် ဆက်လက်ဖော်ပြထားသည်။

**အေအက်ဖ်ပီ**



## နိုင်ငံတကာ သတင်းတိုထွာ

### ဂျာမနီနိုင်ငံ၌ မုန်တိုင်းတိုက်ခတ်ပြီးနောက် အန္တရာယ်ရှိ တိရစ္ဆာန်များ တိရစ္ဆာန်ရုံမှ လွတ်မြောက်

**ဘာလင် ဇွန် ၂**

မုန်တိုင်းတိုက်ခတ်ပြီးနောက် ဂျာမနီနိုင်ငံ ရိန်းလန့်ဒ်ပီဖက်ဇ်ပြည်နယ် လွန်းဘတ်ချ်မြို့ရှိ တိရစ္ဆာန်လှောင်အိမ်များပျက်စီးသွားကာ ခြင်္သေ့၊ ကျားနှင့် ကျားသစ်များ အပါအဝင် အခြားအန္တရာယ်ရှိ တိရစ္ဆာန်များ တိရစ္ဆာန်ရုံမှ လွတ်မြောက်သွားခဲ့ကြောင်း ပြည်တွင်းသတင်းတွင် မကြာသေးမီက ဖော်ပြခဲ့သည်။

ယမန်နေ့များက တိုက်ခတ်ခဲ့သော မုန်တိုင်းကြောင့် လွန်းဘတ်ချ်မြို့ရှိ တိရစ္ဆာန်ရုံ တစ်ခု၏ လှောင်အိမ်များ ရေနစ်မြုပ်ကာ ပျက်စီးခဲ့ကြောင်း ခရိုင်အုပ်ချုပ်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဘစ်တ်ဘာ့ချ်-ပရွန်းက ပြောခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် ဝက်ဝံတစ်ကောင်၊ ခြင်္သေ့နှစ်ကောင်၊ ကျားနှစ်ကောင်နှင့် ကျားသစ်တစ်ကောင် လွတ်သွားပြီး ဝက်ဝံအား အချိန်မီ ပြန်လည်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါနေရာသို့ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်ဝန်ထမ်းများ ရောက်ရှိနေကြောင်း သိရသည်။ သက်ဆိုင်ရာအာဏာပိုင်များက ဒေသခံပြည်သူများအား နေအိမ်အတွင်းတွင်သာ နေထိုင်ကြရန်နှင့်ပြတင်းပေါက်များကို ပိတ်ထားကြရန် တိုက်တွန်းထားကြောင်း သိရသည်။ **အေအက်ဖ်ပီ**

### တူရကီ၌ အိုင်အက်စ် အကြမ်းဖက်အဖွဲ့နှင့် ဆက်စပ်သည့် သံသယရှိသူများကို ဖမ်းဆီး

**အန်ကာရာ ဇွန် ၂**

တူရကီနိုင်ငံတွင် မကြာသေးမီက အိုင်အက်စ်အကြမ်းဖက်အဖွဲ့နှင့် ဆက်စပ်နေသည်ဟု သံသယရှိသူ ၃၆ ဦးကို ဖမ်းဆီးခဲ့ကြောင်း အနာဒိုလူသတင်းဌာနတွင် ဖော်ပြခဲ့သည်။

သံသယရှိသူများတွင် တူရကီနိုင်ငံသားများ၊ အီရတ်နိုင်ငံသားများနှင့် ဆီးရီးယားနိုင်ငံသားများပါဝင်ခဲ့ကြောင်း သိရသည်။ ၎င်းတို့ကို တူရကီအနောက်မြောက်ပိုင်း ဆာကာရာပြည်နယ်တွင် ပြုလုပ်ခဲ့သော စစ်ဆင်ရေးများတွင် ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးရမိခဲ့သော သံသယရှိသူများ အနက်လူ ၂၀ ကို အကြီးတန်းအိုင်အက်စ် အဖွဲ့ဝင်များဖြစ်မှု၊ လူသစ်စုဆောင်းမှုနှင့် ငွေကြေးထောက်ပံ့မှုတို့ဖြင့် တရားစွဲဆိုထားကြောင်း သိရသည်။

တခြားသံသယရှိသူ ၁၆ ဦးကို ကလေးငယ်များအား တရားမဝင်ကျောင်းပြင်ပစာသင်ကြားပြီးအိုင်အက်စ်အဖွဲ့အား ထောက်ပံ့နေမှုဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ တူရကီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက တူရကီနိုင်ငံသည် အိုင်အက်စ်အကြမ်းဖက်အဖွဲ့အစည်းကို တိုက်ခိုက်ချေမှုန်းရန် နိုင်ငံ၏စွမ်းဆောင်ရည်များကို အကောင်းဆုံးအသုံးချသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

**ဆင်ဟွာ**

# လူဝင်မှုကြီးကြပ်ရေး မူဝါဒနဲ့ ပတ်သက်ပြီး ထရန့်ဝေဖန်တိုက်ခိုက်ခံနေရ

**တင်လင်းအောင်**




လူ့အခွင့်အရေးအုပ်စုပေါင်းများစွာဟာ အမေရိကန်ပြည်ထောင်စုရဲ့မြို့အတော်များများမှာ အမေရိကအလယ်ပိုင်းက ရွှေ့ပြောင်းအခြေချကလေးငယ်တွေကို သူတို့ရဲ့ မိဘတွေနဲ့ သီးခြားခွဲထားတဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ လူဝင်မှုကြီးကြပ်ရေး မူဝါဒကို ဆန့်ကျင်ဆန္ဒပြမှုတွေပြုလုပ်ခဲ့ပါတယ်။

**လူ့အခွင့်အရေး အလွဲသုံးစား လုပ်နေတယ်လို့ အိမ်ဖြူတော်စွပ်စွဲခံနေရ**

အခုလို ရွှေ့ပြောင်းအခြေချကလေးငယ်တွေကို သူတို့ရဲ့မိဘတွေနဲ့ သီးခြားခွဲထားတဲ့ အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်ရဲ့ လူဝင်မှုကြီးကြပ်ရေး မူဝါဒနဲ့ ပတ်သက်ပြီး လူ့အခွင့်အရေးအလွဲသုံးစားလုပ်နေတယ်လို့ အိမ်ဖြူတော်အနေနဲ့ စွပ်စွဲခံနေရပါတယ်။ သို့သော်လည်း အမေရိကန်အစိုးရက ဒါဟာ တရားမဝင် ရွှေ့ပြောင်း အခြေချသူတွေကို တားဆီးတာဖြစ်တယ်လို့ ပြောနေပေမယ့် ဝေဖန်ရေးသမားတွေကတော့ အမေရိကအလယ်ပိုင်း အကြမ်းဖက်မှုတွေက ထွက်ပြေးလာတဲ့ ရွှေ့ပြောင်းအခြေချသူတွေအပေါ် ရက်စက်တဲ့ လုပ်ရပ်လို့ ပြောခဲ့ပါတယ်။

ဒီမိသားစုတွေဟာ ခိုးကြောင်ခိုးဝှက်ဝင်လာဖို့ ကြိုးစားတဲ့သူတွေ မဟုတ်ဘဲ သူတို့ဟာ နယ်စပ်အထိလာပြီး ကျွန်တော်တို့ရဲ့ အကူအညီကို တောင်းခံတဲ့သူတွေ ဖြစ်ပါတယ်လို့ ကယ်လီဖိုးနီးယားလွှတ်တော်အမတ် ဂျင်မီဂိုမက်က လော့စ်အိန်ဂျလိစ် လူထုချီတက်ဆန္ဒပြပွဲမှာ ပြောခဲ့ပါတယ်။

ကျွန်တော်တို့ရဲ့နယ်စပ်ထိရောက်အောင်လာပြီး ကျွန်တော်တို့ထံမှာ အကူအညီတောင်းခံတာဟာ တရားမဝင်ခိုးကြောင်ခိုးဝှက် ဝင်လာဖို့ ကြိုးစားတာ မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားပါတယ်။

တရားမဝင်ရွှေ့ပြောင်းအခြေချမှုကို တားဆီးသွားမယ်လို့ ကတိပေးခဲ့တဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် တစ်ယောက် လူမှုရေး၊ နိုင်ငံရေးကိစ္စများအပေါ် လူအများရဲ့ တုံ့ပြန်ဝေဖန်မှုကို ခံနေရပါတယ်။ ဒေါ်နယ်ထရန့် တစ်ယောက် သူ့ရဲ့နောင်တော် အိုဘားမားအစိုးရရဲ့ခွဲထုတ်ရေးမူဝါဒနဲ့ ပတ်သက်ပြီး ပြစ်တင်မှုတွေလည်း လုပ်နေသလို လွှတ်တော်မှာရှိတဲ့ ဒီမိုကရက်အင်အားစုတွေကိုလည်း အခဲမကျေနိုင်ဘဲ ပြစ်တင်မှုတွေ လုပ်လျက်ရှိပါတယ်။

**ခွဲထုတ်ရေးမူဝါဒကျင့်သုံးနေခြင်း အပေါ် ရပ်တန့်ရန်တောင်းဆို**

မိသားစုတွေကို အကွဲကွဲအပြားပြား ဖြစ်အောင် ခွဲထားခြင်းဟာ ရက်စက်တာထက်ပိုသလို မလိုလားအပ်တဲ့ကိစ္စလည်းဖြစ်ပြီး နှိပ်စက်ကလူပြုမှုမှုလည်းဖြစ်ပါတယ်လို့ အမေရိကန်အရပ်ဘက်လွတ်မြောက်ရေး သမဂ္ဂအဖွဲ့က ပြောခဲ့ပါတယ်။ အမေရိကန် အရပ်ဘက်လွတ်မြောက်ရေး သမဂ္ဂအဖွဲ့ဟာ လက်ရှိမှာ အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်ရဲ့ ခွဲထုတ်ရေး မူဝါဒကျင့်သုံးနေခြင်းအပေါ် ရပ်တန့်ရန် တောင်းဆိုနေတဲ့အဖွဲ့ဖြစ်ပါတယ်။

အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်ရဲ့သမီး အီဗန်ကာဟာ သူမကိုင်တိုင်သူမရဲ့သားလေးကိုချီထားတဲ့ပုံကို အွန်လိုင်းပေါ်တင်လိုက်တဲ့အခါမှာ ဝေဖန်ရေးသမားတွေရဲ့ဝေဖန်မှုတွေဟာ လူမှုမီဒီယာမှာ ချက်ချင်းမြင့်တက်သွားခဲ့ပါတယ်။ ဝေဖန်ရေးသမားတွေက သူမကို ရွှေ့ပြောင်းအခြေချမိခင်တွေရဲ့ ခံစားချက်အပေါ် စာနာစိတ်ကင်းမဲ့တယ်လို့ ဝေဖန်ခဲ့ပါတယ်။

ကိုယ့်ရဲ့ကလေးကို ကိုယ်ကိုယ်တိုင် ပွေ့ချီထားရတာ ကောင်းပါတယ်။ ဒါပေမယ့် ကလေးအများစုဟာ အဲလို ပွေ့ချီခြင်းမခံရဘဲ ကြင်နာစွာထွေးပွေ့ထားမယ့် လက်တစ်စုံကင်းမဲ့နေပါတယ်လို့ လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်တဲ့ တွစ်တာမှာ @ Iwhiskyogi ဆိုတဲ့ တွစ်တာအကောင့်အသုံးပြုနေသူတစ်ဦးက ဆိုပါတယ်။

**ရွှေ့ပြောင်းအခြေချသူတွေရဲ့ ခိုလှုံခွင့်ရရေး တောင်းဆိုမှုမြင့်မားလာ**

ဒီခွဲထုတ်ရေး မူဝါဒရဲ့ရည်ရွယ်ချက်ကတော့ ဂွါတီမာလာ၊ အယ်လ်ဆယ်လ်ဗေဒါးနဲ့ ဟွန်ဒူးရပ်စ်နိုင်ငံမှ အမေရိကန်ပြည်ထောင်စုကိုစီးဝင်လာတဲ့ ဆင်းရဲသားမိသားစုတွေရဲ့ တောင်းဆိုမှုတွေကို ရပ်တန့်အောင်လုပ်ချင်တဲ့ သဘောပဲဖြစ်ပါတယ်။

သူတို့ရဲ့နိုင်ငံတွေမှာ နေ့စဉ်အကြမ်းဖက်မှုတွေ ကြုံတွေ့နေတဲ့အတွက် တစ်ပတ်ကို လူပေါင်းထောင်ချီဟာ အမေရိကန် - မက္ကဆီကို နယ်စပ်တွေကိုဖြတ်ကျော်ပြီး သက်ဆိုင်ရာအာဏာပိုင်တွေဆီမှာ ရွှေ့ပြောင်းအခြေချနေထိုင်သူတွေအဖြစ် ခိုလှုံခွင့်ရရေး အသနားခံတောင်းဆိုခဲ့ကြပါတယ်။

**ထရန့်အတော်လေး ဒေါသထွက်**

ဒီလိုမျိုးအခြေအနေတွေဟာ တရားမဝင်လူဝင်မှုကြီးကြပ်ရေးတွေကို ပြန်လည်ဖြစ်စေတဲ့ အကြောင်းတရားအနက် တစ်ခုဖြစ်တယ်လို့ အမေရိကန် သမ္မတ ထရန့်ကယုံကြည်တဲ့အတွက် ဒီအပေါ် အတော်လေး ဒေါသထွက်လျက်ရှိပါတယ်။

စာရွက်စာတမ်းတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိဘဲ နယ်စပ်ဖြတ်ကျော်ဝင်လာတဲ့အတွက် ဧပြီလတစ်လထဲကိုပဲ လူပေါင်း ၅၀၉၂၄ ဦးလောက်ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရပါတယ်။ အဲဒီထဲမှာ ကလေးတွေကြီးပဲ ၄၃၁၄ ဦးလောက်နဲ့ တခြားမိသားစုဝင် ၉၆၄၇ ဦးလောက်ပါပါတယ်လို့ အမေရိကန်အကောက်ခွန်နဲ့နယ်စပ်ကင်းထောက်အဖွဲ့က ဆိုပါတယ်။

အိုဘားမားအစိုးရ လက်ထက်ကတော့ ထိန်းသိမ်းရေးစင်တာများလည်း ရှိပြီး တရားရေးစနစ်ကအားကောင်းနေတာကြောင့် ခိုလှုံခွင့်တောင်းခံသူများကို အစီအစဉ်တကျဆောင်ရွက်စေခဲ့ပါတယ်။ ထို့အတူ ခွင့်ပြုချက်စောင့်ဆိုင်းနေစဉ်အတွင်း လျှောက်လွှာတင်ထားတဲ့ မိသားစုဝင်တွေကို နိုင်ငံတွင်းကို အတူတကွဝင်ရောက်စေပါတယ်။ ခွင့်ပြုချက်စောင့်ဆိုင်းရတဲ့ ပမာဏသက်တမ်းဟာ တစ်နှစ်ကျော်လောက် ပိုမိုကြာတတ်ပါတယ်။

လွန်ခဲ့တဲ့နှစ်စက ဒေါ်နယ်ထရန့်အစိုးရဟာ တရားမဝင်နယ်စပ်ဖြတ်ကျော်လာသူအချို့ကို သူတို့ရဲ့ ကလေးတွေနဲ့ ခွဲထားပါတယ်။ ကလေးငယ်တွေကိုလည်း အမေရိကန်မှာ ရှိပြီးဖြစ်တဲ့ သူတို့ရဲ့မိဘတွေသို့မဟုတ် ဆွေမျိုးတွေဆီကို မလွှဲပြောင်းပေးခင် ရက်သတ္တပတ်အတော်ကြာကြာ ကလေးထိန်းသိမ်းရေးနေရာကို ပို့ဆောင်ခဲ့ပါတယ်။

အောက်တိုဘာလမှ ဧပြီလအထိ ကလေးငယ် ၇၀၀ လောက် သူတို့ရဲ့မိဘတွေနဲ့ ခွဲထားခဲ့ပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့်လည်း ရွှေ့ပြောင်းအခြေချသူတွေ အမေရိကန်ပြည်ထောင်စုအတွင်း စီးဝင်လာမှုကို မဟန့်တားနိုင်ခဲ့ပါဘူး။

**zero tolerance မူဝါဒ**

မေ ၇ရက်နေ့မှာ ရှေ့နေချုပ် ဂျက်ဖ်ဆက်ရှင်က zero tolerance မူဝါဒ ကြေညာခဲ့ပြီး နယ်စပ်ကိုတရားမဝင်ဖြတ်သန်းခဲ့ပါက တရားစွဲဆိုခံရမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ကလေးတစ်ယောက်ကို အမေရိကန်သို့ ဝင်ရောက်နိုင်ရေး တရားမဝင် မှောင်ခိုပြုလုပ်ခဲ့ပါက တရားစွဲဆိုခံရမည်ဖြစ်ကာ ဥပဒေအရ ကလေးကိုလည်း မိဘများနဲ့ ခွဲထားမှာဖြစ်ပါတယ်လို့ သူကဆက်ပြောခဲ့ပါတယ်။ အကယ်၍ ယခုမူဝါဒကို သဘောမကျဘူးဆိုပါက ကလေးများကို နယ်စပ်ကိုဖြတ်ပြီး တရားမဝင်မှောင်ခိုမလုပ်နဲ့ဟု သူကထပ်မံပြောခဲ့ပါတယ်။

ဆက်ရှင်က အဆိုပါမူဝါဒကို ကြေညာပြီး နှစ်ပတ်အကြာမှာတော့ သက်ဆိုင်ရာအာဏာပိုင်များဟာ ကလေးငယ် ၆၅၈ ဦးကို အရွယ်ရောက်ပြီးသူ ၆၃၈ ဦးနဲ့အတူ ဖမ်းဆီးရမိခဲ့ကြောင်း အမေရိကန်နယ်စပ်ကင်းထောက်စစ်ဆင်ရေး ဒုတိယအကြီးအကဲ ရစ်ခ်ချက်ဒ်ဟွတ်ဒ်စိန်က ပြောပါတယ်။ သို့သော်လည်း မိသားစုဘယ်လောက်ကို ခွဲထားမှုတွေပြုလုပ်ခဲ့သလဲဆိုတဲ့ အချက်ကိုတော့ မပြောခဲ့ဘူး။ နယ်စပ်ဖြတ်ကျော်ပြီး ကလေးတွေကို ဒီဘက်ကိုပို့လိုက်တဲ့မိသားစုတွေဟာ လူမှောင်ခိုကူးသူတွေနဲ့ ပူးပေါင်းလုပ်ဆောင်ပြီး အဲဒီလူမှောင်ခိုသမားတွေက သူတို့ကို ခိုလှုံခွင့်ရရှိရေး ဘယ်လိုပြော၊ ဘယ်လိုလုပ်နဲ့ သင်ပေးလိုက်ကြောင်း အာဏာပိုင်တွေက ဆိုပါတယ်။

ရွှေ့ပြောင်းအခြေချသူတွေကတော့ သူတို့ရဲ့ ပြည်တွင်းမှာ အကြမ်းဖက်မှုတွေရှိနေလို့ တကယ့်အန္တရာယ်တောထဲကနေ ပြေးထွက်လာခဲ့တယ်လို့ ဆိုပါတယ်။

"ကျွန်မတို့အားလုံးရဲ့ဆန္ဒကတော့ ကျွန်မတို့ရဲ့ မိသားစုတွေကို စောင့်ရှောက်ကာကွယ်သွားရေးပဲ ဖြစ်ပါတယ်။ ကျွန်မတို့ဟာ ကျွန်မတို့နိုင်ငံမှာ ဖြစ်ပွားနေတဲ့ ဒုက္ခအပေါင်းကလွတ်မြောက်ဖို့အတွက် ကြိုးစားနေတဲ့၊ အတိဒုက္ခရောက်နေတဲ့ ရွှေ့ပြောင်းအခြေချသူတွေပဲဖြစ်ပါတယ်"လို့ ဂွါတီမာလာနိုင်ငံကနေ ထွက်လာတဲ့ ရာနီရာ လိုပက်ဇ်လူးကပ်စ်က ဆိုပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး သက်ဆိုင်ရာအစိုးရအနေနဲ့ အရမ်းကြီးပြင်းပြင်းထန်ထန်မဆက်ဆံသင့်ပါဘူးလို့ သူမက ဆက်လက် ပြောကြားခဲ့ပါတယ်။ ။

**ကိုးကား - အေအက်ဖ်ပီ**

> **"ရွှေ့ပြောင်းအခြေချကလေးငယ်တွေကို သူတို့ရဲ့ မိဘတွေနဲ့ သီးခြားခွဲထားတဲ့ အမေရိကန်သမ္မတဒေါ်နယ်ထရန့်ရဲ့ လူဝင်မှုကြီးကြပ်ရေး မူဝါဒနဲ့ပတ်သက်ပြီး လူ့အခွင့်အရေး အလွဲသုံးစားလုပ်နေတယ်လို့ အိမ်ဖြူတော်အနေနဲ့ စွပ်စွဲခံနေရပါတယ်။ သို့သော်လည်း အမေရိကန်အစိုးရက ဒါဟာ တရားမဝင် ရွှေ့ပြောင်းအခြေချသူတွေကို တားဆီးတာဖြစ်တယ်လို့ ပြောနေပေမယ့် ဝေဖန်ရေးသမားတွေကတော့ အမေရိက အလယ်ပိုင်း အကြမ်းဖက်မှုတွေက ထွက်ပြေးလာတဲ့ ရွှေ့ပြောင်းအခြေချသူတွေအပေါ် ရက်စက်တဲ့လုပ်ရပ်လို့ပြောခဲ့ပါတယ်"**

## ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ သုံးဘာသာဂုဏ်ထူးရှင်သုံးဦး နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးထွက်ပေါ်

**ဇွန် ၂ ရက် နံနက်က ၂၀၁၇/၂၀၁၈ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ခဲ့သည်။**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ အ.ထ.က (၂) ကြည့်မြင်တိုင်စာစစ်ဌာနတွင် ခြောက်ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ လေးဦး အောင်မြင်ခဲ့သည်။**

အောင်မြင်သည့်လေးဦးတွင် သုံးဘာသာဂုဏ်ထူးရှင်သုံးဦးနှင့် နှစ်ဘာသာဂုဏ်ထူးရှင်တစ်ဦး ထွက်ပေါ်ခဲ့သည်။ ထိုဂုဏ်ထူးရှင် လေးဦးနှင့် မြန်မာ့အလင်းသတင်းအဖွဲ့မှ တွေ့ဆုံခဲ့ရာတွင်-

ပထဝီ၊ သမိုင်း၊ ဘောဂဗေဒ ဘာသာရပ်နဲ့ အောင်မြင်ခဲ့သူ မောင်ရဲထက်နိုင်က "မိဘတွေက ပုသိမ်မြို့ကပါ၊ ဒီကျောင်းကိုရောက်တာ ၂၀၁၄ ခုနှစ်ထဲက၊ ဒီကျောင်းရောက်တော့အလယ်တန်းကို အ.လ.က (၄) ကြည့်မြင်တိုင်မှာထားပေးပြီး အထက်တန်းကို အ.ထ.က (၅) ကြည့်မြင်တိုင်မှာ ထားပေးပါတယ်၊ နှစ်ချင်းပေါက်အောင်မြင်ခဲ့တာပါ၊ ဂုဏ်ထူးတွေကတော့ ပထဝီ၊ သမိုင်းနဲ့ဘောဂဗေဒ ဘာသာတွေပါ။ မနက်ခြောက်နာရီမှာ ကျောင်းအုပ်ဆရာကြီးလည်း ပါပါတယ်၊ သွားကြည့်တယ်၊ ကိုယ်ကတော့မမြင်ရဘူး ဖတ်ကြတဲ့သူက ခုံနံပါတ် အမည်နဲ့ ရတဲ့ဘာသာတွေ ကြားရတော့ ရင်ထဲမှာ ဘယ်လိုဖြစ်လာမှန်းမသိဘူး၊ ပျော်လိုက်တာ ဘယ်လိုပြောရမှန်းတောင်မသိဘူး၊ ရည်ရွယ်ချက်ကတော့ တက္ကသိုလ်ဆက်တက်မယ်၊ အင်္ဂလိပ်ဘာသာကို အထူးပဲလေ့လာချင်တယ်၊ ဒါမှ နိုင်ငံတကာနဲ့ ဆက်ဆံနိုင်ပြီး သူတို့ဆီက ကိုယ့်လို မျက်မမြင်တွေရဲ့ဘဝ ရုန်းကန်မှု၊ နေထိုင်မှုတွေသိလာမယ်၊ ဒီလိုဖြစ်အောင် ကြိုးစားချင်တယ်"ဟု ရင်တွင်းစကား ဖွင့်ဟခဲ့သည်။



မောင်ရဲထက်နိုင်



မဝေဇာခိုင်

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့မှ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းတွင် လာရောက်တက်နေသည့် မဝေဇာခိုင်က "ဒီကျောင်းရောက်တာ သုံးနှစ်ရှိပါပြီ၊ အဋ္ဌမတန်းကိုတော့ ကြည့်မြင်တိုင် အ.လ.က (၄)မှာ သင်ယူပြီး ကိုးတန်း၊ ဆယ်တန်းကိုတော့ အ.ထ.က(၅) ကြည့်မြင်တိုင်မှာ တက်ခဲ့ပါတယ်၊ နှစ်ချင်းပေါက်ပါပဲ၊ ဂုဏ်ထူးတွေကတော့ ပထဝီ၊ သမိုင်းနဲ့ဘောဂဗေဒပါ၊ ရည်ရွယ်ချက်အနေနဲ့ကတော့ ထွက်လာတဲ့အမှတ်ပေါ်မှာပဲ ဆုံးဖြတ်သွားရမှာပါ"ဟု ရိုးရှင်းစွာပြောခဲ့သည်။

မှန်းထားသော ဂုဏ်ထူးများထက် ပိုမိုဂုဏ်ထူးပါလာသူ မောင်တင်လင်းအောင်က "ကျွန်တော်က သူတို့ပျော်တာထက်ပိုပျော်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပထဝီမှာ နည်းနည်းစိတ်ထင့်နေခဲ့တယ်၊ မပါနိုင်ဘူးထင်ခဲ့တာ၊ အခုထွက်လာတော့ သမိုင်း၊ ဘောဂအပြင် ပထဝီပါ ပါလာတော့ ပိုပျော်ပါတယ်၊ အခု ဖြေပေးတဲ့သူတွေက တော်ပါတယ်၊ သူတို့ကို ဒီလိုဖြေပေးနိုင်အောင် ပညာရေးဌာနက လေ့ကျင့်ပေးပြီးမှ လွှတ်တာလို့ သိရပါတယ်"ဟု ဝမ်းသာစကားကို တစ်ဝကြီး ပြောသွားခဲ့သည်။



မောင်တင်လင်းအောင်



မောင်ညီညီအောင်

ပထဝီ၊ သမိုင်း နှစ်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့သူ မောင်ညီညီအောင်က "ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်ကပါ၊ မနှစ်ကမှ ဒီကျောင်းကို ရောက်ခဲ့တာပါ၊ နှစ်ချင်းပေါက်ပါပဲ၊ ဒီကျောင်းကပဲ တက္ကသိုလ်ဆက်တက်မှာပါ၊ ကိုယ့်လိုဘဝတူတွေအတွက် ကျောင်းဆရာပြန်လုပ်ချင်ပါတယ်"ဟု ဖြေကြားခဲ့သည်။

ကျောင်းအုပ်ဆရာမကြီးကို ဝင်ရောက်တွေ့ဆုံခဲ့ရာတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညိုထွန်းက "ကလေးခြောက်ယောက်စလုံး တော်ကြပါတယ်၊ နှစ်ယောက်အတွက်ကတော့ ကံကိုပဲ ယိုးမယ်ဖွဲ့ရမှာပေါ့၊ စိတ်တော့မကောင်းပါဘူး၊ သူတို့လေးတွေ ဒီလိုထွန်းထွန်းပေါက်ပေါက်ဖြစ်ဖို့ အခုလိုအောင်မြင်အောင် သင်ကြားပေးတဲ့ ဆရာ ဆရာမတွေ၊ စာဖြေရာမှာ အကူအညီပေးတဲ့ ပညာရေးဌာနအပြင် ရေးဖြေပေးတဲ့ကလေးတွေပါ အထူးပဲကျေးဇူးတင်ပါတယ်"ဟု ကျေးဇူးတင်စကားပြောခဲ့သည်။

ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုရာတွင် နဝမတန်းကလေးများအား ပညာရေးဌာနမှ အထူးလေ့ကျင့်မှုများ ပြုလုပ်ပေးခဲ့ပြီး အကူအညီပေးခဲ့ခြင်းဖြစ်သည့်အပြင် စာဖြေသူတစ်ဦးအတွက် တစ်ဘာသာလျှင် တစ်ဦးနှုန်းဖြင့် ခြောက်ဦးစီ စုစုပေါင်း ၃၆ ယောက်က အကူအညီပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# မြန်မာနိုင်ငံပညာရေးလောက အနာဂတ်ကြယ်ပွင့်သူရဲကောင်းများ ရင်တွင်းစကားသံ

ရန်ကုန် ဇွန် ၂

**ပညာရေးဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၏ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းများ ယနေ့နံနက်တွင် နိုင်ငံတစ်ဝန်း ကြေညာခဲ့သည်။ ယင်းအထဲမှ မအောင်မြင်မှုများရှိသလို၊ အောင်မြင်သူများ၊ ထူးချွန်သူများလည်း အသီးသီးရှိခဲ့ရာ မြန်မာတစ်နိုင်ငံလုံး၏ သိပ္ပံဘာသာရပ်တွင် ထူးချွန်စွာဖြင့် အမှတ်အများဆုံးအောင်မြင်ခဲ့သော အဆင့် ၁- မှ အဆင့်-၅ အတွင်း ဆွတ်ခူးခဲ့သည့် မြန်မာနိုင်ငံ၏ အနာဂတ်ကြယ်ပွင့်ပညာရေးသူရဲကောင်းလေးများအား မြန်မာ့အလင်းသတင်းအဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည်။**



မသင်းမြန္မေး



မစုရည်ဝင်း



မစုနေခြည်မိုး



မောင်ထက်မြက်မင်းထွန်း

**မသင်းမြန္မေး (အထက-၁၊ ဒဂုံ)**
**(တစ်နိုင်ငံလုံး သိပ္ပံဘာသာတွဲ ပထမအဆင့်)**

တစ်နိုင်ငံလုံးမှာ 1 to 10 ဝင်ဖို့ ရည်ရွယ်ချက်ထား ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် အခုလို တစ်နိုင်ငံလုံးမှာ ပထမရတယ်လို့ သိလိုက်ရတော့ အလွန်အံ့အားသင့်ခဲ့တယ်။ အတိုင်းမသိ ပျော်လည်းပျော်ခဲ့ရပါတယ်၊ ရည်ရွယ်ပြီး ကြိုးစားခဲ့တာ မှန်ပေမယ့် တကယ်ရလိုက်တော့ အတော်လေး အံ့သြတုန်လှုပ်မိခဲ့တယ်၊ အခုလိုရခဲ့တာကလည်း နှစ်စကတည်းက တစ်နေ့စာကို တစ်နေ့အကြွေးမထားဘဲ ကျက်မှတ်ခဲ့တယ်၊ အားနည်းတဲ့ဘာသာရပ်ဆို အချိန်ပေးပြီး ပိုလုပ်ဖြစ်ခဲ့တယ်။ စာဘက်မှာကြိုးစားခဲ့သလို ကျန်းမာရေးကောင်းအောင်လည်း ကိုယ့်ကိုယ်ကိုယ် အမြဲဂရုစိုက်ခဲ့တယ်။ စာကျက်ချိန်ကို တိတိကျကျတော့ သတ်မှတ်ထားတာမရှိပါဘူး။ စိတ်ကြည်လင်၊ စိတ်စုစည်းမိတဲ့ အချိန်တွေမှာ ပိုပြီးအာရုံစိုက်လုပ်ဖြစ်ခဲ့တယ်။ ဆရာသမားတွေရဲ့ သင်ပြပေးမှုတွေ၊ မိဘတွေရဲ့ ကူညီထောက်ပံ့ပေးမှုတွေကြောင့် ခုလိုရခဲ့တဲ့အတွက် အားလုံးကို ဒီနေရာကနေ ဂါရဝပြုပါတယ်။ ခုတက္ကသိုလ်ဝင်တန်းတက်နေတဲ့ ညီမလေး၊ မောင်လေးတွေကို ပြောချင်တာက မေးခွန်းအသစ်ဖြစ်သွားပြီဆိုတော့ မေးခွန်းပုံစံကို နားလည်အောင်၊ အကျွမ်းတဝင်ဖြစ်အောင် လေ့လာပါ။ ဆရာသမားတွေသွန်သင်မှုကို လိုက်နာဆောင်ရွက်ပြီး ဘာသာတရားကိုလည်း ကိုင်းရှိုင်းကြပါ။ ကျန်းမာရေးကိုလည်း ဂရုစိုက်ကြပါလို့ ပြောချင်ပါတယ်။ အင်တာနက်တို့၊ ခုလူငယ်တွေ အများစုသုံးနေတဲ့ Facebook တို့ကိုလည်း အပန်းဖြေတာလောက် နည်းနည်းပဲ သုံးသင့်တယ်လို့ပြောချင်ပါတယ်။ စာသင်နေတဲ့အရွယ်မှာ အဲဒီလို Facebook တွေကို စိတ်အလိုလိုက်ပြီး မသုံးမိဖို့ ပြောချင်ပါတယ်။

မြန်မာတစ်နိုင်ငံလုံး၏ တက္ကသိုလ်ဝင်တန်းသိပ္ပံဘာသာတွဲတွင် အမှတ်အများဆုံး ပထမရရှိသော မသင်းမြန္မေးသည် အထက-၁ ဒဂုံမှ ဆဒဂ-၂၉၁ ဖြင့် အောင်မြင်ခဲ့သူဖြစ်ပြီး သူသည် မူလတန်းမှ အဋ္ဌမတန်းအထိ နှစ်စဉ် အတန်းတိုင်း ပထမ၊ ဒုတိယ ရရှိခဲ့ပြီး စတုတ္ထတန်းတွင် ဘက်စုံထူးချွန်ဆုရရှိခဲ့သူဖြစ်သည်။ မြို့နယ်အဆင့်၊ တိုင်းအဆင့် သင်္ချာထူးချွန်ရခဲ့ပြီး အဋ္ဌမတန်းတွင်လည်း တိုင်းအဆင့် မြန်မာစာ ထူးချွန်ရရှိခဲ့သူတစ်ဦးဖြစ်ကာ စာစီစာကုံးပြိုင်ပွဲများတွင်လည်း ဆုများရရှိခဲ့သူဖြစ်ပြီး လောလောဆယ်အနေဖြင့် ဆေးတက္ကသိုလ်နှင့် စက်မှုတက္ကသိုလ်တစ်ခုခု တက်ရောက်သင်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မစုရည်ဝင်း (အထက-၁၊ ဒဂုံ)**
**(တစ်နိုင်ငံလုံး သိပ္ပံဘာသာတွဲ ဒုတိယအဆင့်)**

ဒုတိယအဆင့်ရရှိခဲ့တယ်ဆိုတော့ အတိုင်းမသိဝမ်းသာပါတယ်။ အမှန်အတိုင်းပြောရရင် မျှော်တော့မျှော်လင့်ခဲ့ပါတယ်။ အခုလို တစ်နိုင်ငံလုံးရဲ့ ဒုတိယအဆင့်ထိတော့ မျှော်လင့်မထားပါဘူး။ ကြိုးစားရကျိုးနပ်တယ်လို့ ပြောရမှာပါ။ အခုလိုရခဲ့တာကလည်း ဆရာ၊ ဆရာမတွေ ပြောတဲ့စကားတွေကို သေသေချာချာနားထောင်၊ သေသေချာချာ ကျက်မှတ်လေ့ကျင့်ခဲ့တာပါသလို၊ မိဘတွေကလည်း အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးပေးခဲ့တဲ့အတွက် အခုလိုရတာပါ။ စာသင်ချိန်မှာလည်း နားမလည်တာရှိရင်လည်း ဆရာ၊ ဆရာမတွေကို တွန့်ဆုတ်မနေဘဲ မေးခဲ့၊ မှတ်သားခဲ့ပါတယ်။ အချိန်ဇယားဆွဲပြီး စာကျက်ခဲ့တာတော့ မရှိခဲ့ပါဘူး။ တစ်နေ့စာတစ်နေ့ အကြွေးမထားဘဲ ပြီးအောင် လုပ်ခဲ့ပါတယ်။ ဒါကြောင့် ခုတက္ကသိုလ်ဝင်တန်းတက်ရောက်နေတဲ့ ညီငယ်၊ ညီမငယ်တွေကို ပြောချင်တာက ကျက်ပြီး စာတွေကို ထပ်တလဲလဲ ပြန်ကျက်တဲ့ အလေ့အကျင့်လေးလုပ်ပေးပါ။ ဆရာ၊ ဆရာမတွေပြောတဲ့ စကားတွေကိုလည်း လိုက်နာကျင့်သုံး နားထောင်ပါလို့ ပြောချင်ပါတယ်။

မြန်မာတစ်နိုင်ငံလုံး၏ တက္ကသိုလ်ဝင်တန်း သိပ္ပံဘာသာတွဲတွင် အမှတ်အများဆုံး ဒုတိယအဆင့်ရရှိသော မစုရည်ဝင်းသည် အထက-၁ ဒဂုံမှ ဆဒဂ-၅၆၅ ဖြင့် အောင်မြင်ခဲ့သူဖြစ်ပြီး သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ အတန်းတိုင်း၌ အဆင့် ၁၀ အတွင်း ရရှိခဲ့သူဖြစ်သည်။ သူသည် စာပေဝါသနာပါသူဖြစ်ပြီး တိုင်းပြည်မှ အားကိုးအားထားပြုရသော ထူးချွန်ဆရာဝန်တစ်ဦးဖြစ်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။

**မစုနေခြည်မိုး (အထက-၁၊ ဒဂုံ)**
**(တစ်နိုင်ငံလုံး သိပ္ပံဘာသာတွဲ တတိယအဆင့်)**

မျှော်မှန်းမထားဘဲ အခုအောင်မြင်ခဲ့လို့ ကျေနပ်ပါတယ်။ အထူးကြိုးစားခဲ့တာတော့ မရှိပါဘူး။ ကျောင်းသားတစ်ယောက်ရဲ့ ကြိုးစားသင့်၊ ကြိုးစားထိုက်သလောက်ပဲ ကြိုးစားခဲ့တာပါ။ ကြိုးစားတယ်ဆိုတာကလည်း အချိန်ရှိသလောက်ကို အကျိုးရှိရှိ လုပ်ဆောင်နိုင်ခဲ့တာပါပဲ။ သူများတွေလို ကျူရှင်တွေ၊ ဝိုင်းတွေ အများကြီး လိုက်တက်ပြီး အချိန်လုနေရတယ်လို့တော့ မရှိခဲ့ပါဘူး။ အဲဒီလိုလည်း မဖြစ်သင့်ဘူးထင်ပါတယ်။ ကျွန်မက စနေ၊ တနင်္ဂနွေ နှစ်ရက်ပဲ ဝိုင်းသွားတက်ခဲ့တာ။ အဲဒါကြောင့် စာကျက်ချိန်လည်း ပိုပြီးရခဲ့တယ်။ အခုလို ထူးချွန်အောင် ကူညီထောက်ပံ့ပေးခဲ့တဲ့ မိဘနှစ်ပါးရယ် အနီးကပ်ကြီးကြပ်သင်ကြားပေးတဲ့ ဆရာ၊ ဆရာမတွေကို အထူးကျေးဇူးတင်ပါတယ်။ လောလောဆယ် တက္ကသိုလ်ဝင်တန်းတက်နေတဲ့ မောင်လေး၊ ညီမလေးတွေကို ပြောချင်တာက ကိုယ်ပိုင်စာကြည့်ချိန်ကို အကျိုးရှိရှိ အသုံးချကြပါ။ ကျူရှင်တွေ အများကြီး အချိန်လုတက်နေတာကလည်း နည်းလမ်းမှန်မဟုတ်ဘူးလို့ ပြောချင်ပါတယ်။ အချိန်ကို မဖြုန်းတီးမိဖို့ လိုပါတယ်။

မြန်မာတစ်နိုင်ငံလုံး၏ တက္ကသိုလ်ဝင်တန်း သိပ္ပံဘာသာတွဲတွင် အမှတ်အများဆုံး တတိယအဆင့်ရရှိသော မစုနေခြည်မိုးသည် အထက-၁ ဒဂုံမှ ဆဒဂ-၃၆၀ ဖြင့် အောင်မြင်ခဲ့သူဖြစ်ပြီး သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ အတန်းတိုင်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆုများ ရရှိခဲ့သူဖြစ်သည်။ သတ္တမတန်း၌ မြို့နယ်အဆင့် အင်္ဂလိပ်စာထူးချွန်ပထမဆုရရှိခဲ့ပြီး အဋ္ဌမတန်းတွင်လည်း ကျောင်းတွင် ဆဋ္ဌမဆု ရရှိခဲ့သူဖြစ်ကာ လောလောဆယ်တွင် ဆေးတက္ကသိုလ်တက်ရောက်ရန် ရည်ရွယ်ထားသူတစ်ဦး ဖြစ်သည်။

**မောင်ထက်မြက်မင်းထွန်း (အထက TTC၊ ကမာရွတ်)**
**(တစ်နိုင်ငံလုံး သိပ္ပံဘာသာတွဲ စတုတ္ထအဆင့်)**

မှန်းထားတာ 1 to 10 ဆိုပေမယ့် အမှန်အတိုင်းပြောရရင် ခုလိုအဆင့် (၄) ရတာ စိတ်မကောင်းဖြစ်မိတယ်။ ဘာကြောင့်လဲဆိုတော့ ဒီထက်ပိုမှန်းထားတာပါ။ ခုတော့လည်း ရတာကျေနပ်ရတော့မှာပေါ့။ နှစ်စကနေ နှစ်ဆုံးထိ နေ့စဉ်ကြိုးစားကျက်မှတ်ခဲ့ရပါတယ်။ ကျောင်းစာတစ်ခုတည်းမှာပဲ အာရုံစိုက်လုပ်ခဲ့တယ်။ ကျူရှင်လည်း အိမ်မှာဆိုတော့ အားတဲ့အချိန် ကျောင်းစာတွေပဲ လုပ်ဖြစ်တယ်။ အခုလိုရခဲ့တာလည်း ဖေဖေနဲ့ မေမေ လိုအပ်တာမှန်သမျှ ကူညီထောက်ပံ့ပေးတဲ့အတွက် ခုလိုရခဲ့တာပါ။ အဲဒီအတွက်လည်း ကျေးဇူးတင်ပါတယ်။ ပြီးတော့ အတန်းထဲမှာ နားမလည်တာ စိတ်ရှည်၊ လက်ရှည်နဲ့ ပြန်ရှင်းပြတဲ့ ဆရာ၊ ဆရာမတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ခုလိုဖြစ်အောင် တစ်နေ့ ရှစ်နာရီလောက်ထိ စာကျက်ခဲ့ရတယ်။ လုပ်ရင်ဖြစ်ရမယ်လို့တော့ ယုံကြည်ခဲ့လို့ အခုလိုဖြစ်ခဲ့တာပါ။ တက္ကသိုလ်ဝင်တန်းတက်နေတဲ့ ညီငယ်၊ ညီမငယ်တွေကို ဗွေမလျှော့ဘဲ အမြဲကြိုးစားအားထုတ်ဖို့ ပြောချင်တယ်။ အခွင့်အလမ်းတွေက မမြင်နိုင်ဘူး။ အမြဲမပြတ်ရှိနေတာဆိုတော့ ကြိုပြီးကြိုးစားထားမှ အဆင်ပြေမှာပါ။ ကျွန်တော် တစ်ခုပြောချင်တာက ပညာသင်ကြားတဲ့အချိန်မှာ Facebook သုံးဖို့မပြောနဲ့ ဖုန်းကအစ မကိုင်တာအကောင်းဆုံးပါပဲ။

မြန်မာတစ်နိုင်ငံလုံး၏ တက္ကသိုလ်ဝင်တန်း သိပ္ပံဘာသာတွဲတွင် အမှတ်အများဆုံး စတုတ္ထအဆင့်ရရှိသော မောင်ထက်မြက်မင်းထွန်းသည် အထက (TTC) ကမာရွတ်မှ ဆကရ-၁၉၇ ဖြင့် အောင်မြင်ခဲ့သူဖြစ်ပြီး သတ္တမတန်း၊ အဋ္ဌမတန်းနှင့် နဝမတန်း သုံးနှစ်ဆက် လူရည်ချွန်ရရှိထားသော TTC ကမာရွတ်၏ ကျောင်းသားတစ်ဦးဖြစ်ကာ ပညာသင်ချိန်တစ်လျှောက်လုံးတွင် ထူးချွန်ဆုပေါင်း ၈၀ ကျော် ရရှိထားသူတစ်ဦး ဖြစ်သည်။

**မောင်အောင်ဖုန်းပြည့်**
**(အထက TTC၊ ကမာရွတ်)**
**(တစ်နိုင်ငံလုံး သိပ္ပံဘာသာတွဲ ပဉ္စမအဆင့်)**



တက္ကသိုလ်ဝင်တန်း စတက်ကတည်းက မြန်မာတစ်နိုင်ငံလုံးရဲ့ 1 to 10 ထဲ ဝင်ရမယ်ဆိုပြီး ရည်ရွယ်ချက်ထားကြိုးစားခဲ့တာပါ။ အခက်အခဲတော်တော်များများနဲ့ ရင်ဆိုင်ခဲ့ရသလို တော်တော်လေးလည်း ပင်ပန်းခဲ့ပါတယ်။ စတက်တက်ချင်း သုံးလလောက်တော့ အခက်အခဲ အများကြီး မရှိသေးပါဘူး။ ပုံမှန်တစ်နေ့စာ တစ်နေ့ လုပ်ရင်းနဲ့ပဲ ပြီးသွားတယ်။ ကျောင်းစတက်တဲ့ အချိန်မှာတော့ ကျောင်းတစ်ဖက်၊ ကျူရှင်တစ်ဖက်နဲ့ အချိန်တော်တော်လေးလုခဲ့ရတယ်။ ပင်ပန်းတဲ့နေ့တွေဆို တော်တော်လေး စိတ်တင်းပြီး ကြိုးစားခဲ့ရသလို နောက်ရက်ပြန်အစားထိုးခဲ့ရတာတွေလည်းရှိပါတယ်။ အတတ်နိုင်ဆုံး တစ်နေ့စာတစ်နေ့သင်တဲ့စာကို လုပ်ဖြစ်ပါတယ်။ အတိုင်းမသိလည်း ဝမ်းသာပျော်ရွှင်ခဲ့ရပါတယ်။ ကြိုးစားရကျိုးနပ်တယ်လို့ပဲ ပြောရမှာပါ။ အခုလိုရတာကလည်း နှစ်စကနေ နှစ်ဆုံးထိ လိုလေသေးမရှိထောက်ပံ့ပေးတဲ့ မိဘတွေကြောင့်ရယ်၊ ငယ်စဉ်ကတည်းက ခုချိန်ထိ ဆုံးမသွန်သင်ပေးတဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အားလုံးကြောင့်ပါ။ ပညာသင်ချိန်မှာ ကျန်းမာရေးကိုတော့ သေသေချာချာ ဂရုစိုက်ရပါတယ်။ တက္ကသိုလ်ဝင်တန်းတက်နေတဲ့ ညီငယ်၊ ညီမငယ်တွေကို ပြောချင်တာက စာကိုကြိုးစားကျက်မှတ်ကြပါ။ နှစ်စမှနှစ်ဆုံးထိ တစ်နေ့စာ တစ်နေ့ လုပ်ကြပါ။ မနိုင်ရင်တော့ နောက်တစ်နေ့ ပြန်အစားထိုးပြီးလုပ်ဖို့ ပြောချင်ပါတယ်။ ဘုရား၊ တရားကိုလည်း မမေ့လျော့ဘဲ မိဘ၊ ဆရာတွေကိုလည်း မပြစ်မှားမိအောင် နေပြီး နေ့စဉ်ကန်တော့ကြပါလို့ ပြောချင်ပါတယ်။

မြန်မာတစ်နိုင်ငံလုံး၏ တက္ကသိုလ်ဝင်တန်း သိပ္ပံဘာသာတွဲတွင် အမှတ်အများဆုံး ပဉ္စမအဆင့်ရရှိသော မောင်အောင်ဖုန်းပြည့်သည် အထက (TTC) ကမာရွတ်မှ ဆကရ-၂၆၁ ဖြင့် အောင်မြင်ခဲ့သူဖြစ်ကာ ပထမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ အတန်းတိုင်းတွင် အဆင့် ၁၀ အတွင်းဝင်ခဲ့ပြီး ပညာရေးထူးချွန်ဆုပေါင်း ၃၀ ကျော် ရရှိထားသော ကျောင်းသားတစ်ဦးဖြစ်သည်။ လောလောဆယ်တွင် အနာဂတ်ခရီး၌ မြန်မာနိုင်ငံ၏ အင်ဂျင်နီယာကောင်းတစ်ဦးဖြစ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# တက္ကသိုလ်ဝင်တန်းအောင်စာရင်း မြို့နယ်အလိုက်ထုတ်ပြန်

### ကျောင်းကုန်း

တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်အနေဖြင့် ၂၈ ဒသမ ၆၀ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြောင်း သိရသည်။ အခြေခံပညာအထက်တန်းကျောင်း ၁၈ ကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းနှစ်ကျောင်းတွင် အလွတ်ဖြေစာရင်းရှိ ၃၂၇၉ ဦးတွင် ဖြေဆိုသူ ၃၀၆၆ ဦး ထဲမှ အောင်မြင်သူ ၈၇၇ ဦးဖြစ်ပြီး၊ ငါးဘာသာသုံးဦး၊ လေးဘာသာ ၁၁ ဦး၊ သုံးဘာသာ ၅၉ ဦး၊ နှစ်ဘာသာ ၇၈ ဦး၊ တစ်ဘာသာ ၁၉၈ ဦးနှင့် ရိုးရိုးအောင် ၅၂၈ ဦးဖြစ်ကြောင်း သိရသည်။ မနှစ်က ၂၇ ဒသမ ၅၉ ရာခိုင်နှုန်းမှ ယခုနှစ် ၂၈ ဒသမ ၆၀ ရာခိုင်နှုန်းဖြစ်၍ တစ်ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ကျောင်းကုန်း တစ်မြို့နယ်လုံး၌ ကံ့ကော်မြိုင်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ၅၆ ဒသမ ၆၇ ရာခိုင်နှုန်းဖြင့် အောင်ချက်အကောင်းဆုံးဖြစ်ပြီး အ.ထ.က (ခွဲ)ရင်ဆိုင်ကျောင်းမှာ ၅ ဒသမ ၈၈ ရာခိုင်နှုန်းဖြင့် အောင်ချက်အညံ့ဆုံးဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

### မြန်အောင်

မြန်အောင်မြို့နယ်မှ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ၂၄၆၁ ဦး ဝင်ရောက်ဖြေဆိုရာ ၇၇၅ ဦး အောင်မြင်ပြီး ငါးဘာသာဂုဏ်ထူးရှင်လေးဦး၊ လေးဘာသာ ၁၀ ဦး၊ သုံးဘာသာ ၈၁ ဦး၊ နှစ်ဘာသာ ၁၀၀ နှင့် တစ်ဘာသာ ၁၈၇ ဦး ရရှိပြီး မြန်အောင်မြို့နယ်၏ အောင်ချက်ရာနှုန်းမှာ ၃၁ ဒသမ ၄၉ ရာခိုင်နှုန်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဝင်းဗိုလ် (ပြန်/ဆက်)**

### မုဒုံ

မုဒုံမြို့နယ်၌ မုဒုံစာစစ်ဌာနမှ ဝင်ရောက်ဖြေဆိုသူ ၂၆၀၇ ဦးထဲမှ အောင်မြင်သူ ၁၃၉၉ ဦးရှိခဲ့ပြီး ၅၃ ဒသမ ၆၆ ရာခိုင်နှုန်းရှိကြောင်း၊ မုဒုံမြို့နယ်မှ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)မှ ဖြေဆိုသူ ၇၁၁ ဦးမှ ၄၇၀ အောင်မြင်ပြီး ၆၆ ဒသမ ၁၁ ရာခိုင်နှုန်းဖြင့် ပထမ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နိုင်လုံ့ကျေးရွာမှ ဖြေဆိုသူ ၄၄ ဦး အနက် ၂၇ ဦး အောင်မြင်ပြီး ၆၁ ဒသမ ၄၆ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ မုဒုံမြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ် (၃)မှ ဖြေဆိုသူ ၁၃၅ ဦးအနက် ၇၁ ဦး အောင်မြင်ပြီး ၅၂ ဒသမ ၅၉ ရာခိုင်နှုန်းဖြင့် တတိယရရှိခဲ့ကြောင်း၊ ခြောက်ဘာသာ ဂုဏ်ထူးနှစ်ဦး၊ ငါးဘာသာဂုဏ်ထူး ၁၄ ဦး၊ လေးဘာသာဂုဏ်ထူး ၅၀ နှင့် ဂုဏ်ထူးရရှိသူ စုစုပေါင်း ၆၀၁ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးအောင်စာရင်းအရ သိရသည်။

**မုဒုံ-မောင်မောင်**

### လှိုင်းဘွဲ့

ကရင်ပြည်နယ်အတွင်းရှိ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား ကျောင်းသူပေါင်း ၁၇၅၉၃ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၅၁၈၂ ဦး အောင်မြင်ခဲ့ပြီး အောင်ချက်ရာခိုင်နှုန်း ၂၉ ဒသမ ၄၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ၂၀၁၇-၂၀၁၈ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား ကျောင်းသူပေါင်း ၂၆၀၃ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ၈၀၉ ဦး အောင်မြင့်ခဲ့ကြောင်း၊ ယခင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် ၃၅ ရာခိုင်နှုန်းရှိပြီး ယခုနှစ်မှာ ၃၁ ဒသမ ၀၈ ရာခိုင်နှုန်း ရှိသောကြောင့် အောင်ချက်ရာခိုင်နှုန်းနိမ့်ကျကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မော်လမြိုင်

မွန်ပြည်နယ်အနေဖြင့် ယခင်နှစ်က မြန်မာတစ်နိုင်ငံလုံးတွင် ပထမရရှိခဲ့ပြီး ယခုနှစ်တွင် တတိယသာရရှိခဲ့သည်။ မြန်မာတစ်နိုင်ငံလုံးတွင် မန္တလေးက (ပထမ)၊ ရန်ကုန်တိုင်းက (ဒုတိယ)နှင့် မွန်ပြည်နယ်က တတိယရရှိခဲ့ပြီး မွန်ပြည်နယ်၌ ဖြေဆိုသူ ၂၅၉၁၈ ဦးအနက် ၉၆၉၉ ဦး အောင်မြင်ခဲ့ပြီး ခြောက်ဘာသာဂုဏ်ထူးရှင် ၁၃ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၄၅ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၆၆ ဦး၊ သုံးဘာသာဂုဏ်ထူးရှင်၂၅၅ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၄၂၂ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၂၁၉၃ ဦး၊ စုစုပေါင်း ဂုဏ်ထူးရရှိသူ ၃၀၉၄ ဦးဖြစ်၍ အောင်ချက်မှာ ၃၇ ဒသမ ၄၂ ရာခိုင်နှုန်းဖြစ်သည်။ အောင်ချက်ရာခိုင်နှုန်းသည် ယမန်နှစ်ထက် လျော့နည်းခဲ့ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

**တင်ထွန်း(မော်လမြိုင်)**

### မြစ်ကြီးနား

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် မြစ်ကြီးနားမြို့မှ တက္ကသိုလ်ဝင်စာမေးပွဲကို ၉၂၁၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၂၈၅၅ ဦး အောင်မြင်ပြီး၊ ခြောက်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၃၆ ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၄၉ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၈၅ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၄၉၇ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၆၈၇ ဦးဖြစ်ပြီး အောင်ချက်ရာခိုင်နှုန်း ၃၀ ဒသမ ၉၇ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်ရှိ မြို့နယ် ရှစ်မြို့နယ်မှ တက္ကသိုလ်ဝင်တန်း ဖြေဆိုသူ ၃၈၂၇၂ ဦးတွင် ၁၂၂၁၄ ဦး အောင်မြင်ခဲ့ပြီး အောင်ချက်ရာခိုင်နှုန်း ၃၁ ဒသမ ၉၁ ရာခိုင်နှုန်းရှိကြောင်း၊ ကျောင်းသူ ၂၀၇၈၁ ဦးနှင့် ကျောင်းသား ၁၇၄၉၁ ဦးတို့ ဖြေဆိုခဲ့ကြောင်း၊ အဆိုပါ ရှစ်မြို့နယ်မှ ခြောက်ဘာသာဂုဏ်ထူးရှင်ထွက်ပေါ်သော မြို့နယ်တို့မှာ လှိုင်သာယာ၊ လှည်းကူးမှ ဘာသာစုံဂုဏ်ထူးရှင်တစ်ဦး၊ ရွှေပြည်သာမှ သုံးဦး၊ မင်္ဂလာဒုံမှ ခုနစ်ဦးနှင့် အင်းစိန်မြို့နယ်မှ ၁၃ ဦးတို့ဖြစ်ပြီး မင်္ဂလာဒုံမြို့နယ်မှ ငါးဘာသာဂုဏ်ထူးရှင် ၂၈ ဦး၊ အင်းစိန်မြို့နယ်မှ ၂၇ ဦး၊ မှော်ဘီမြို့နယ်မှ ၁၂ ဦး၊ ရွှေပြည်သာမှ ၁၁ ဦး၊ လှည်းကူးမှ ခုနစ်ဦး၊ လှိုင်သာယာမှ ခြောက်ဦးနှင့်တိုက်ကြီးမှ ငါးဦးတို့ဖြင့် အသီးသီးရရှိကြပြီး မြို့နယ်ရှစ်မြို့နယ်၌ လေးဘာသာဂုဏ်ထူးရှင် ၁၈၆ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၈၂ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၅၇၉ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၂၃၉၃ ဦးတို့ ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**



## ယနေ့ စျေးကွက်ပေါက်စျေးများ

၂-၆-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး |
|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၉၀/၉၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၀၅/၉၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၅၅/၈၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၀၅/၉၃၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၅၄ ·၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၈၃ ·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၁၂ ·၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၇၉၉ ·၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၄၃ ·၄ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၂၄ ·၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ ·၂၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ·၀၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ ·၇၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၀ ·၁၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ ·၂၄၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း


| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းမှူးများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |


Gmail mmalin.npt @ gmail.com,
Facebook www. facebook.com/MYANMAALINNNEWS


**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၉၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၉၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၉၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၉၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm



HTOO











# မန္တလေး ကျေးရွာခုနစ်ရွာမှ မျက်စိဝေဒနာရှင်များအား အခမဲ့ ကုသပေး



**မန္တလေး ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံကိန်းတစ်ခုဖြစ်သည့် မန္တလေး မြို့သာစက်မှုဥယျာဉ်မြို့တော် စီမံကိန်းအတွင်းရှိ ကျေးရွာ ခုနစ်ရွာမှ မျက်စိဝေဒနာခံစားနေရသော ကျေးလက်နေပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်တစ်ရပ်အဖြစ် အခမဲ့ မျက်စိကုသပေးခြင်း အစီအစဉ်တစ်ရပ်ကို စက်မှုဥယျာဉ်မြို့တော်စီမံကိန်းရုံး၌ မေ ၃၁ ရက်က ပြုလုပ်ခဲ့ပြီး မျက်စိဝေဒနာရှင်များအား လိုအပ်သော ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျေးလက်နေပြည်သူများအနေဖြင့် ဆေးရုံဆေးခန်းများတွင် လာရောက်မပြသနိုင်ခြင်းကြောင့် လက်လှမ်းမီသည့်ဆေးများကိုသာ အသုံးပြု ကုသနေကြရသဖြင့် မဆုံးရှုံးသင့်သည့် အမြင်အာရုံ ဆုံးရှုံးရခြင်းများရှိနေကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများထံ door to door စနစ်ဖြင့် လာရောက်ကုသပေးသည့် အစီအစဉ်ဖြင့် ကုသပေးခြင်းဖြစ်ကြောင်း၊ မိမိတို့အဖွဲ့တွင် မျက်စိအထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ အပါအဝင် အဖွဲ့ဝင် စုစုပေါင်း ၁၄ ဦးက မျက်စိအထူးကု မိုဘိုင်းမော်တော်ယာဉ်ဖြင့် ဆေးဝါးစုံလင်စွာဖြင့် ကွင်းဆင်းကုသပေးခြင်းဖြစ်ကြောင်း ၊ ကွင်းဆင်းကုသပေးရာတွင် ဆေးဝါးများ ထောက်ပံ့ပေးခြင်းနှင့်အတူ ခွဲစိတ်ရန်လိုအပ်ပါကလည်း အခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အဖွဲ့ခေါင်းဆောင် ဆရာဝန်ကြီးက ပြောကြားသည်။

မန္တလေး မြို့သာစက်မှုဥယျာဉ်မြို့တော် စီမံကိန်းရုံးအတွင်း ပြုလုပ်ခဲ့သည့် မျက်စိအခမဲ့ကုသပေးခြင်း ကျန်းမာရေးဆိုင်ရာအစီအစဉ်ကို နယ်သာလန်အခြေစိုက် အရည်အသွေးမြင့် မွေးမြူရေးအစာ စပ်စက်ရုံက ကျေးလက်နေပြည်သူများအတွက် အကျိုးပြုသည့် CSR လုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး လိုအပ်သည့် ပံ့ပိုးကူညီမှုများကို မန္တလေး မြို့သာစက်မှုဥယျာဉ်မြို့တော် စီမံကိန်းကြီးက စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ စီမံကိန်းအတွင်းရှိ ကျေးရွာခုနစ်ရွာမှ မျက်စိဝေဒနာရှင် ၁၂၅ ဦးတို့အား အခမဲ့ စမ်းသပ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ပေါင်းတည်မြို့တွင် ကျောင်းသား ကျောင်းသူ ၉၂ ရာခိုင်နှုန်း တက်ရောက်ပညာသင်ကြား

**ပေါင်းတည် ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်တစ်ခုလုံးရှိ ကျောင်းပေါင်း ၁၆၆ ကျောင်းကို ၂၀၁၈- ၂၀၁၉ ပညာသင်နှစ်အတွက် ဇွန် ၁ ရက်မှ စတင်ဖွင့်လှစ်ပြီး ပညာသင်ကြားပေးလျက်ရှိရာ ကျောင်းစဖွင့်သည့်နေ့တွင် စာရင်းရှိ ကျောင်းသား ကျောင်းသူ ဦးရေ၏ ၉၂ ဒသမ ၈၉ ရာခိုင်နှုန်း ကျောင်းတက်ခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ကျောင်းများစတင်ဖွင့်လှစ်ချိန်တွင် လာရောက်ပညာသင်ကြားသည့် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ပေါင်းတည်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ဆရာ ဆရာမများက စာသင်ကျောင်းများရှေ့နှင့် ပေါင်းတည်မြို့တွင်း ရန်ကုန်-ပြည် အဝေးပြေးလမ်းမကြီးတစ်လျှောက်တွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**



# ဖားဆောင်းမြို့၌ ပြည်သူများထံ သစ်ပင်မျိုးစုံ ပျိုးပင် ၁၅၀၀ ဖြန့်ဝေပေး

**ဖားဆောင်း ဇွန် ၂**

ဖားဆောင်းမြို့နယ်သစ်တောဦးစီးဌာနက ဖားဆောင်းမြို့နေ ပြည်သူများထံသို့ သစ်ပင်ပျိုးပင်များကို ဇွန် ၂ ရက်က လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ပျိုးပင်များကို ဖြန့်ဝေပေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်၊ မြို့နယ်သစ်တောဦးစီးမှူး ဦးကျော်ကျော်ဆင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများအဖွဲ့က ဖားဆောင်းမြို့ မြောက်ပိုင်းရပ်ကွက် လှိုင်ကော်-တောင်ငူ ကားလမ်းနှင့် သံလွင်ဦးလမ်းဆုံသို့ ကားဖြင့်သွားရောက်၍ ကားများပေါ်တွင်သယ်ဆောင်လာသော ကျွန်းပျိုးပင် ၂၀၀၊ မဲဇလီပျိုးပင် ၂၀၀၊ ခရေပျိုးပင် ၁၀၀၊ ကုက္ကိုပျိုးပင် ၂၀၀၊ မန်ကျည်းပျိုးပင် ၂၀၀၊ စွယ်တော်ပျိုးပင် ၂၀၀၊ စိန်ပန်းပျိုးပင် ၂၀၀နှင့် လျှော်ဖြူပျိုးပင် ၂၀၀ စုစုပေါင်း ပျိုးပင် ၁၅၀၀ ကို ပြည်သူများထံသို့ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



ကယားပြည်နယ် သစ်တောများပြန်လည်ထူထောင်ရေး စီမံကိန်းအရ ၂၀၁၈ ခုနှစ် မိုးရာသီတွင် ဖားဆောင်းမြို့နယ် သစ်တောဦးစီးဌာနမှ စီးပွားရေး(ကျွန်း)စိုက်ခင်းများ၊ ရေဝေရေလဲစိုက်ခင်းများ၊ စိုက်ခင်းဟောင်းများ ပြန်လည်ပြုစုထိန်းသိမ်းခြင်းများ၊ သဘာဝတော တန်ဖိုးမြှင့်စိုက်ခင်းများ၊ ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းများ၊ ဒေသခံအစုအဖွဲ့ပိုင် သစ်တောထူထောင်ခြင်းလုပ်ငန်းများနှင့် လူထုဖြန့်သစ်ပင်ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသလို ပြည်သူများ သစ်တောသစ်ပင်ကို ချစ်မြတ်နိုးတန်ဖိုးထားတတ်စေရန်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့နည်းလာစေရန် ရည်ရွယ်၍ ပျိုးပင်များ ဖြန့်ဝေခြင်းဖြစ်ကြောင်းနှင့် ဇွန်လအတွင်း စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အပတ်စဉ် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှူးက ပြောကြားသည်

**မြို့နယ်(ပြန်/ဆက်)**

# လက်ပံတန်း၌ စပါးမျိုးစေ့ဘဏ်ထူထောင်ရန် တောင်သူများအား မျိုးစေ့များထောက်ပံ့

**လက်ပံတန်း ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ဂွေးတောက်ကွင်းကျေးရွာအုပ်စု တိုးတက်အောင် စုပေါင်းလယ်ယာအစုအဖွဲ့မှ တောင်သူများအား မျိုးစေ့ဘဏ်ထူထောင်နိုင်ရန်အတွက် စပါးမျိုးသန့် မျိုးပွားမျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁ ရက်က ဂရုံစုံပြကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာန တောင်သူပညာပေးစခန်း၌ ပြုလုပ်ခဲ့သည်။

မျိုးစေ့များပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးထွန်းထွန်းအောင်က တောင်သူများ စပါးစိုက်ပျိုးရာတွင် အထွက်နှုန်းတိုးတက်စေရန်နှင့် ဆင်းသုခ(RS) မျိုးသန့်မျိုးပွားမျိုးစေ့အကြောင်း ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက လယ်မြေ ဧက ၁၀၀ အတွက် ဆင်းသုခ(RS) မျိုးသန့်မျိုးစေ့ တင်း ၁၅၀ ကို တောင်သူများထံ ထောက်ပံ့ ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# စိုက်ပျိုးရေးတက္ကသိုလ်ကျောင်းသားများ ကန့်ဘလူမြို့မှ စိုက်ပျိုးရေးလုပ်ငန်းခွင်သို့ လာရောက်လေ့လာ

**ကန့်ဘလူ ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်အတွင်းမှ စိုက်ပျိုးရေးလုပ်ငန်းခွင်များ၌ လက်တွေ့စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှုများကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ နောက်ဆုံးနှစ် ကျောင်းသားကျောင်းသူများအဖွဲ့က လာရောက် ကွင်းဆင်းလေ့လာမှုများ ပြုလုပ်လျက်ရှိပြီး မေလမှ စက်တင်ဘာလအထိ ငါးလကြာ ကွင်းဆင်းလေ့လာမည်ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်ရှိ စိုက်ပျိုးရေးလုပ်ငန်းခွင်များဖြစ်သော ကြံ၊ စပါး၊ ဝါ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ စိုက်ခင်းများ၊ ဥယျာဉ်ခြံများနှင့် မျိုးသန့်ခြံစိုက်ပျိုးရေး လုပ်ငန်းခွင်များတွင် သွားရောက်လေ့လာမည်ဖြစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ရည်မှန်းချက်များ၊ မျှော်မှန်းချက်များကို ကျောင်းသားကျောင်းသူများ သိရှိရန်၊ စိုက်ပျိုးရေးဦးစီးဌာန၏ လက်တွေ့ဆောင်ရွက်နေသော လုပ်ငန်းများကို သိရှိစေရန်၊ တောင်သူများ ကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းနိုင်ရန်၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားရန်နှင့် ပူးပေါင်းလုပ်ကိုင် တတ်စေရန်၊ စာတွေ့နှင့် လုပ်ငန်းခွင်အတွေ့အကြုံများကို ပေါင်းစပ်နိုင်ရန်အတွက် ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဒေါ်ခင်မို့မို့နှင့် ဒေါ်ပပဝင်းတို့က ကြီးကြပ်သင်ကြားပေးလျက်ရှိသည်။

ကျောင်းသားများအဖွဲ့သည် ဥယျာဉ်ခြံစိုက်ပျိုးခြင်းကို ဇွန် ၁ ရက်က ကန့်ဘလူမြို့စိုက်ပျိုးရေးဦးစီးဌာန သရက်ခြံ ဧက ၁၀၀ သို့ သွားရောက်လေ့လာကြပြီး သရက်ခြံတာဝန်ခံ ဦးစီးအရာရှိ ဦးသန်းထွန်းဦးက သရက်ကိုင်းကူးနည်း၊ မျိုးရွေးချယ်ခြင်း၊ အောက်ခံအပင်ပျိုးခြင်း၊ အောက်ခံပင် ကိုင်းဆက်ခြင်း၊ ဓာတ်မြေသြဇာကျွေးခြင်း၊ သဘာဝမြေသြဇာကျွေးခြင်း၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးဖျန်းခြင်း စသည်တို့ကို လက်တွေ့ပြသ၍ အသေးစိတ် ရှင်းလင်းပြီး ကျောင်းသားများကိုလည်း ကိုယ်တိုင် ကိုင်းကူးဆက်နည်းကို လက်တွေ့ဆောင်ရွက်စေခဲ့သည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ကန့်ဘလူမြို့နယ်သို့ ကွင်းဆင်းလေ့လာသည့်အဖွဲ့တွင် ကျောင်းသားကျောင်းသူ ၁၄ ဦးပါဝင်ပြီး ခုနစ်ဦးတစ်ဖွဲ့ဖြင့် နှစ်ဖွဲ့ခွဲကာ ငါးလကြာ ကွင်းဆင်းလေ့လာပြီးနောက် အတွေ့အကြုံများကို စာတမ်းပြုစု၍ မုံရွာမြို့တွင် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကွင်းဆင်းလေ့လာကြသည့် အဖွဲ့များနှင့်လည်း အမိတက္ကသိုလ်တွင် စာတမ်းဖတ်ခြင်းကို ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်က ကန့်ဘလူမြို့နယ်သို့ ကွင်းဆင်းလေ့လာခဲ့သည့်အဖွဲ့သည် အမိတက္ကသိုလ် စာတမ်းဖတ်ပွဲတွင် ပထမရရှိခဲ့ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



သရက်ကိုင်းကူး ကိုင်းဆက်ခြင်းကို ကျောင်းသား ကျောင်းသူများ လက်တွေ့ပြုလုပ်နေစဉ်။



# ပုသိမ်မြို့၌ ကျောင်းဖွင့်ချိန်ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ပေးနေ

**ပုသိမ် ဇွန် ၂**

ကျောင်းများစတင်ဖွင့်လှစ်သည့် ဇွန် ၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ပေါ်၌ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် မြို့တွင်းရှိ လမ်းဆုံလမ်းခွ၊ ဈေးနှင့် ကျောင်းရှေ့များတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေးခြင်းနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းများကို ရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

ပုသိမ်မြို့အမှတ်(၁၃) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှ ဒုတပ်ဖွဲ့မှူး ရဲမှူးလှအေး ဦးဆောင်သည့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များအနေဖြင့် ကျောင်းတက် ကျောင်းဆင်းအချိန်များတွင် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် ယာဉ်များ စည်းကမ်းတကျရှိစေရေးအတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

## မြို့နယ်များတွင် တက္ကသိုလ်ဝင်တန်း အောင်စာရင်းထုတ်ပြန်

**တစ်နိုင်ငံလုံးမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းများကို ဇွန် ၂ ရက်က ထုတ်ပြန်ကြေညာပြီး မြို့နယ်အသီးသီးမှ သတ်မှတ်ကျောင်းများတွင် ကပ်ထားခဲ့ရာ မြို့နယ်အလိုက်နှင့် တိုင်းဒေသကြီးအလိုက် အောင်မြင်မှုအခြေအနေအချို့ကို စုစည်းဖော်ပြလိုက်ပါသည်။**

**မကွေးတိုင်းဒေသကြီး**

မကွေးတိုင်းဒေသကြီးတစ်ခုလုံးအနေဖြင့် တက္ကသိုလ်ဝင်တန်းဖြေဆိုသူ ၇၇၂၂၁ ဦး ရှိခဲ့သည့်အနက် အောင်မြင်သူ ၂၄၄၉၀ ဦး ရှိခဲ့ပြီး အောင်ချက်ရာခိုင်နှုန်းမှာ ၃၁ ဒသမ ၇၁ ဖြစ်ကာ ယမန်နှစ်ကထက် အောက်ချက်ရာခိုင်နှုန်း လျော့နည်းသွားကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ထုတ်ပြန်ချက်အရသိရသည်။

ဂုဏ်ထူးပါဝင်မှုအနေဖြင့် ခြောက်ဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၅၈ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၅၂ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၃၃၅ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၇၅၀၊ တစ်ဘာသာဂုဏ်ထူးရှင် ၃၄၁၉ ဦး ရှိခဲ့ကြောင်း၊ တိုင်းဒေသကြီးအတွင်း အောင်ချက်အကောင်းဆုံးကျောင်းမှာ မြို့သစ်မြို့နယ်ရှိ ဝါးကြီးအိုင်ရွာ အထကကျောင်းဖြစ်ပြီး ဖြေဆိုသူ ၅၇၅ ဦးအနက် ၃၃၆ ဦး အောင်မြင်၍ အောင်ချက် ၅၈ ဒသမ ၄၃ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး၌ ပြီးခဲ့သည့်နှစ်က ဖြေဆိုသူ ၇၀၂၉၁ ဦးတွင် အောင်မြင်သူ ၂၆၇၀၀ ရှိခဲ့၍ အောင်ချက် ၃၇ ဒသမ ၉၈ ရာနှုန်းဖြစ်ပြီး ခြောက်ဘာသာဂုဏ်ထူးရှင် ၂၀၊ ငါးဘာသာဂုဏ်ထူးရှင် ၈၈ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၅၆ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၅၀၊ နှစ်ဘာသာဂုဏ်ထူးရှင် ၅၈၅ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၇၈၇ ဦးရှိခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျ**

**နေပြည်တော်**

နေပြည်တော်တွင် ဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင်မှ မြို့နယ် ရှစ်မြို့နယ်တွင် ၂၂၃၈၉ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ၇၃၉၉ ဦး အောင်မြင်ခဲ့၍ အောင်ချက်ရာခိုင်နှုန်း ၃၃ ဒသမ ၀၅ ရာခိုင်နှုန်းရှိပြီး ဂုဏ်ထူးရရှိမှုမှာ ခြောက်ဘာသာဂုဏ်ထူးရှင် ၂၅ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၇၁ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၉၆ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၂၅ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၇၆ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၅၀၁ ဦး၊ စုစုပေါင်းဂုဏ်ထူးရရှိသူ ၂၀၉၄ ဦးဖြစ်ကြောင်း နေပြည်တော် ပညာရေးညွှန်ကြားမှုးရုံးမှ သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

**ကျွန်းလှမြို့နယ်**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ၁၈၆၆ ဦး ဖြေဆိုခဲ့ရာ ၇၃၇ ဦး အောင်မြင်ခဲ့၍ အောင်ချက် ၃၉ ဒသမ ၅ ရာခိုင် နှုန်းရှိပြီး ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၆၁ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၉၂ ဦးရှိကြောင်း မြို့နယ်ပညာရေးမှုးရုံးမှ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

**အထက်မင်းလှမြို့နယ်**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် တက္ကသိုလ်ဝင်တန်းဖြေဆိုသူ ၁၈၆၀ အနက် အောင်မြင်သူ ၆၄၁ ရှိ၍ အောင်ချက်ရာနှုန်း ၃၄ ဒသမ ၄၆ ဖြစ်ပြီး ဂုဏ်ထူးရရှိမှုမှာ လေးဘာသာတစ်ဦး၊ သုံးဘာသာခြောက်ဦး၊ နှစ်ဘာသာ ၁၄ ဦး၊ တစ်ဘာသာ ၈၅ ဦးရှိကာ ဂုဏ်ထူးရအများဆုံးဘာသာရပ်မှာ ဘောဂဗေဒဘာသာရပ်ဖြစ်ပြီး ၄၆ ဦးရှိကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

**ဝေါမြို့နယ်**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် စာစစ်ဌာန ၁၆ ခု၌ ၂၄၇၄ ဦး ဝင်ရောက်ဖြေဆိုသည့်အနက် ၄၇၂ ဦး အောင်မြင်ကြပြီး အောင်ချက်ရာခိုင်နှုန်း ၁၉ ဒသမ ၀၈ ရှိကြောင်းနှင့် လေးဘာသာဂုဏ်ထူး နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးနှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူး ၁၀ ဦး၊ တစ်ဘာသာဂုဏ်ထူး ၁၄၂ ဦး ရှိပြီး ဘာသာရပ်အလိုက် ဂုဏ်ထူးရရှိမှုမှာ သင်္ချာဂုဏ်ထူး ၁၅ ဦး၊ ဓာတုဗေဒဂုဏ်ထူးခြောက်ဦး၊ ရူပဗေဒဂုဏ်ထူး ရှစ်ဦး၊ ဇီဝဗေဒ ၁၁ ဦး၊ ပထဝီဝင်သုံးဦး၊ ဘောဂဗေဒ ၁၃၃ ဦးဖြစ်ကြောင်း သိရသည်။

**အောင်မြတ်လင်း(ပြန်/ဆက်)**

**တပ်ကုန်းမြို့နယ်**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ဝင်ရောက်ဖြေဆိုသူပေါင်း ၄၇၀၅ ဦးအနက် ၁၅၉၇ ဦး အောင်မြင်ပြီး အောင်ချက် ၃၃ ဒသမ ၉၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**တင်စိုးလွင်**

**ဆောမြို့နယ်**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ်တွင် စာစစ်ဌာန ရှစ်ခု၌ ၂၈၆၇ ဦး ဝင်ရောက်ဖြေဆိုသည့်အနက် အောင်မြင်သူ ၅၄၂ ဦးရှိ၍ ၁၈ ဒသမ ၉ ရာခိုင်နှုန်း အောင်မြင်ကြပြီး ငါးဘာသာဂုဏ်ထူး တစ်ဦး၊ သုံးဘာသာဂုဏ်ထူး ၁၂ ဦး၊ နှစ်ဘာသာဂုဏ်ထူး ၃၅ ဦး၊ တစ်ဘာသာဂုဏ်ထူး ၉၁ ဦးရှိကြောင်း သိရသည်။

**၁၀၁**



**မူးခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုနှင့် လူကုန်ကူးမှု ပပျောက်ရေး၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုများ ပပျောက်ရေးအတွက် ပညာပေးဟောပြောပွဲကို လှိုင်မြို့နယ်အမှတ်(၁၂)ရပ်ကွက် စက်မှုရိပ်သာဓမ္မာရုံ၌ မေ ၃၀ ရက်က ကျင်းပရာ လှိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဝင်းနှင့် မြို့မရဲစခန်းမှူးတို့က ရပ်ကွက်နေပြည်သူများအား ဟောပြောနေစဉ်။** မီးမီး(လှိုင်)

## မကွေးမြို့သို့ ဆိပ်ခံဖောတံတားသစ်တစ်ခု မကြာမီရောက်ရှိမည်

**မကွေး ဇွန် ၂**

ဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များတွင် အသုံးပြုနိုင်ရန်အတွက် ဆိပ်ခံဖောတံတားအသစ်တစ်ခု မကွေးမြို့သို့ မကြာမီရောက်ရှိတော့မည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်စိုးထံမှ သိရသည်။



ဆိပ်ခံဖောတံတားသစ်မှာ ဇွန်လ ပထမပတ်အတွင်း မကွေးဆိပ်ကမ်းသို့ ရောက်ရှိမည်ဖြစ်ပြီး ဖောတံတားသည် အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့် ၆ ပေ၊ ရေစူး ၁၃ လက်မရှိကာ ရေဝတီတံတား(မကွေး)၏ တောင်ဘက်တွင် ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆိပ်ခံဖောတံတားကို သာမန်အချိန်တွင် ဆိပ်ကမ်း၌ထားရှိမည်ဖြစ်ပြီး သဘာဝဘေးဖြစ်ပွားချိန်တွင် ဆွဲသင်္ဘော၊ တွန်းသင်္ဘောများနှင့် တွဲဖက် မောင်းနှင်၍ လူနှင့်တိရစ္ဆာန်များကို ဘေးလွတ်ကင်းရာသို့ ရွှေ့ပြောင်းခြင်းအတွက် လည်းကောင်း၊ ရေကြောင်းဖြင့် သွားရောက်နိုင်သည့် ကျေးလက်ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများ၊ ရှာဖွေတုံ့ပြန်ရေးပစ္စည်းများ ပေးပို့ ထောက်ပံ့ခြင်းများ ဆောင်ရွက်ရန်အတွက် လည်းကောင်း အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ဖျာပုံတွင် မိုးတွင်းကာလ ပင်လယ်ငါးခြောက်ဈေးနှုန်းများ မြင့်တက်လျက်ရှိ

**ဖျာပုံ ဇွန် ၂**

မိုးရာသီကာလရောက်သည်နှင့် ပင်လယ်ငါးခြောက်များ ရှားပါးလာပြီဖြစ်၍ လက်ကျန်ငါးခြောက်များကို ဈေးနှုန်းမြင့်ဖြင့် ရောင်းချနေပြီဖြစ်ကြောင်း ဖျာပုံမြို့နယ်ရှိ ငါးခြောက်ရောင်းဝယ်သူများထံမှ သိရသည်။



ဖျာပုံမြို့ဆိပ်ကမ်းသာဈေးငါးခြောက်ဈေးတန်းတွင် ငါးခြောက်မျိုးစုံရောင်းဝယ်နေကြစဉ်။

ဖျာပုံငါးခြောက်ဈေးတွင် ငါးခြောက်ရောင်းဝယ်နေသူ ကိုသော်ဇင်ဦးက မိုးတွင်းဆိုလျှင် ပင်လယ် ငါးခြောက်ပြုလုပ်ရန် ခက်ခဲကြောင်း၊ ငါးဖမ်း စက်လှေများမှာလည်း ယခင်နှစ်ကထက် ပင်လယ်သို့ထွက်ရမှု လျော့နည်းသောကြောင့် ကုန်ကြမ်းငါး ရရှိမှုမှာလည်း နည်းသွားကြောင်း၊ ထို့ကြောင့် ဈေးကွက်အတွင်း လက်ကျန် ငါးခြောက်များကိုသာ ဈေးမြှင့်၍ ရောင်းချနေကြခြင်းဖြစ်ကြောင်း ပြောသည်။

လက်ရှိ မြင့်တက်နေသော ငါးခြောက်ဈေးများမှာ မိုးအကုန် ပွင့်လင်းရာသီသို့ ရောက်မှသာ ပြန်လည်ကျဆင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

မေ ၃၁ ရက်က ဖျာပုံငါးခြောက်ဈေးတွင် ဈေးနှုန်းများမှာ ငါးနုပ်ခြောက် တစ်ပိဿာလျှင် ကျပ် ၉၀၀၀၊ ငါးရောင်ခြောက် တစ်ပိဿာ ကျပ် ၁၀၀၀၀၊ ငါးအုန်းခြောက် တစ်ပိဿာ ကျပ် ၁၃၀၀၀ နှင့် ငါးကွမ်းရှပ်ခြောက် တစ်ပိဿာ ကျပ် ၁၅၀၀၀ ဈေးနှုန်းဖြင့် ရောင်းဝယ်နေကြကြောင်း၊ မိုးမကျခင်ကာလက ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ငါးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ ကျော်ဈေးမြင့်သွားခြင်းဖြစ်ကြောင်း သိရသည်။ ဖျာပုံမှ ငါးခြောက်ကုန်သည်များအနေဖြင့် မိုးတွင်းကာလတွင် ကုန်အရနည်းသဖြင့် အခြားဒေသများသို့ တင်ပို့နိုင်ခြင်းမရှိဘဲ ဒေသအတွင်းမှာပင် ဈေးမြှင့် ရောင်းချလျက်ရှိနေကြကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

## လက်ပံတန်းမြို့၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**လက်ပံတန်း ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြို့မရပ်ကွက် (၁)လမ်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးရှေ့တွင် မေ ၂၈ ရက် နံနက် ၉ နာရီက မြို့နယ်အဆင့် ကျောင်းအပ်နှံရေးမြေစိုက်ပိုစတာဖွင့်ပွဲ ကျင်းပရာ တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေး၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဆွေဦး၊ ခရိုင်ပညာရေးမှူးရုံး လက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးညွန့်အောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်အေးသန်းတို့က မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူ ပပျောက်ရေးအခမ်းအနားကျင်းပရာ ကျောင်းသားကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဂုဏ်ပြုပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက ကျောင်းအပ်နှံရေးဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် ဗလာစာအုပ်များကို ဝန်ကြီးကလည်းကောင်း၊ ပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့သည့် ပုံနှိပ်စာအုပ်များ၊ ကျောင်းဝတ်စုံများ၊ Kg (Kit),Kg I (Kit)ပုံးများကို တာဝန်ရှိသူများက သက်ဆိုင်ရာ ကျောင်းများသို့ပေးအပ်ပြီး အလှူရှင်များက လှူဒါန်းသည့် အလှူငွေများကို တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သိရသည်။

**အောင်ဆင့်**

## ပျဉ်းမနားမြို့၌ ကျောင်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုအစီအစဉ် စီမံချက်ရေးဆွဲ

**ပျဉ်းမနား ဇွန် ၂**

နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ရမည်းသင်းစုနယ်မြေအတွင်းရှိ အမှတ် (၆) မူလတန်းလွန်ကျောင်း၌ ကျောင်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုအစီအစဉ် စီမံချက်ရေးဆွဲသည့် အခမ်းအနားကို မေ ၃၁ ရက်က ကျင်းပခဲ့သည်။

ရွာကောက်(မူလွန်)ကျောင်းအုပ် ဆရာမကြီး ဒေါ်ရီရီချိုက ကျောင်းဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုအစီအစဉ်အရ ကျောင်းများတွင်ရှိသည့် ကျောင်းသားဦးရေအလိုက် ကျောင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေ ခွဲဝေသတ်မှတ် သုံးစွဲခွင့်ရရှိမည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းပြောကြားပြီး ကျောင်းသားမိဘများ၊ ဆရာ ဆရာမများ ပူးပေါင်းကာ ကလေးများ၏ ပညာရေး၊ ကျန်းမာရေး၊ လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် လက်တွဲညီညီ လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ သို့မှသာ တိုးတက်မှု အောင်မြင်မှုများ ခံစားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဇော်မျိုးနိုင်**

## ကျောက်တန်းမြို့၌ လူထုဗဟိုပြုစီမံကိန်း သုံးသပ်ဆွေးနွေး

**ကျောက်တန်း ဇွန် ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ လူထုဗဟိုပြုစီမံကိန်းကို ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိရာ ယခုနှစ် ဒုတိယနှစ်စက်ဝန်းအတွက် မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲနှင့် ဆုချီးမြှင့်ပွဲကို မေ ၃၁ ရက်က ကျောက်တန်းမြို့ ရွှေမှော်ဝန်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လင်းသန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဌေးနှင့် NAG မှ International Advisor Miss Marlen တို့က အမှာစကားပြောကြားကြပြီး ရန်ကုန်တိုင်းဒေသကြီး လူထုဗဟိုပြု စီမံကိန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာခိုင်က စီမံကိန်းအကြောင်းကိုလည်းကောင်း၊ လူထုဗဟိုပြုစီမံကိန်း မြို့နယ်နည်းပညာရေးမှူး ဦးလှဝင်းက စီမံကိန်းဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် ကျေးရွာများမှတက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ခေါင်းစဉ်ခုနစ်ခုကို အဖွဲ့လိုက် ဆွေးနွေးကြပြီး ဆွေးနွေးချက်ရလဒ်များကို တင်ပြကြသည်။

ဆက်လက်၍ စီမံကိန်းဆောင်ရွက်မှုတွင် ကျေးရွာအုပ်စုအလိုက် ပထမဆုရရှိသော ကန်ပြောင်၊ ဒုတိယဆုရ စစ်တန်းနှင့် တတိယဆုရ မီးပြကျေးရွာအုပ်စုများနှင့် ကျေးရွာအလိုက် ပထမဆုရ ပန်းချောင်း၊ ဒုတိယဆုရ တာပနှင့် တတိယဆုရ ကွင်းပေါက်ကျေးရွာတို့ကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။ **စိုးဝင်း(ကျောက်တန်း)**

# မံစီလေးကိုကျော် စာခမ်းကိုဖြတ်၍ ဟော်ယောသို့ လွမ်းခဲ့သည်

မြင့်စိုး (နတလ)

ရော်… သည်နေရာတွေကို ဟိုယခင်တစ်ခေါက်က ရောက်ဖူးထားတာပဲ။ ငါ့နှယ်နော် မှတ်ဉာဏ်ကလည်း မကောင်းလိုက်တာဟု မိမိကိုယ်မိမိ အပြစ်တင်ရင်း ကားပေါ်မှာ အတွေးဆပွားကာ လိုက်ပါခဲ့၏။ မေလ ၁၇ ရက်နေ့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၏ ခရီးစဉ်တွင် ပင်လည်ဘူးမြို့နယ်အတွင်းက နောင်ကန်-မော်လင်လမ်း ကျောက်ခင်းခြင်းလုပ်ငန်းကို သွားရောက်ကွင်းဆင်းကြည့်ရှုအပြီး ဗန်းမောက်မှတစ်ဆင့် ကသာမြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြခြင်း ဖြစ်သည်။ ပင်လည်ဘူးမြို့လေးသို့ ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီးသည် မိမိတို့နတလမြို့နယ်ရုံးအပြင် ပြည်သူ့ဆေးရုံကိုပါ သွားရောက်၍ ဆေးရုံတက်ရောက်ကုသနေသော လူနာများအား လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ထို့အပြင် ဆေးရုံအတွက် ရေသန့်စက် တပ်ဆင်လှူဒါန်းပေးရေးနှင့် ဆေးရုံအဝင်လမ်း ကွန်ကရစ်ခင်းပေးရေးတို့အတွက်လည်း လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ဆိုခဲ့သည့်အတိုင်း နောင်ကန်-မော်လင်လမ်းကို ကြည့်ရှုအပြီး ဗန်းမောက်မြို့သို့ ပြန်အထွက်လမ်းမှာ မံစီလေးရွာကို ဖြတ်ရသည်။

### ရောက်ဖူးခဲ့သော နေရာတစ်ခု

မံစီလေးဆိုတာကလည်း လွန်ခဲ့သည့် လေးနှစ်ခန့်က တိုက်ဆိုင်လွန်းသည်လို့ပဲဆိုရမလား။ ၂၀၁၄ ခုနှစ် မေလ ၁၆ ရက်နေ့က ကျွန်တော်ရောက်ဖူးခဲ့သော နေရာတစ်ခု။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တိုက်နယ်ဆေးရုံခွင့်ပြုပေးထားသော ရွာကြီးတစ်ရွာ၊ ဆေးရုံပင်မဆောင်ကို နတလ ရန်ပုံငွေဖြင့် ဆောက်ပေးခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာနကလည်း ထိုနှစ်မှာပင် ဆရာဝန်နေအိမ်၊ သူနာပြုနေအိမ်များ၊ ဆေးရုံ ဝင်၊ ထွက်လမ်းနှင့် ခြံစည်းရိုးကာရံခြင်းများအတွက် ခွင့်ပြုပေးခဲ့ရာ မံစီလေး ရွာအဖို့မှာတော့ သားရွှေအိုးထမ်းလာသည့်ကိန်း ဆိုက်ခဲ့သည်ပဲပေါ့။ ဆေးရုံနှင့်ကပ်လျက် မံစီလေး အ.ထ.က ကျောင်းအတွက်လည်း နတလ ရန်ပုံငွေဖြင့် ပေ ၃၀၀ စက်ရေတွင်း တစ်တွင်း တူးပေးထားသေးရာ စက်ရေတွင်းနေရာလေးကို ကားပေါ်ကနေ လှမ်း၍ ကြည့်လိုက်မိသေး၏။ ထိုမှလွန်လာသည်နှင့် စာခမ်းရွာကို ဖြတ်ရသည်။

စာခမ်းရွာသည်လည်းပဲ လွန်ခဲ့သည့် လေးနှစ်ခန့်က သွားရောက်ခဲ့သော ပင်လည်ဘူး- စာခမ်း-ဟော်ယော ခရီးစဉ်မှာ ကျွန်တော်တို့အဖွဲ့ နေ့လယ်စာစားခဲ့သော နေရာတစ်ခု။ ကျွန်တော်တို့အဖွဲ့ဆိုရာ၌ ကချင်၊ ချင်း၊ စစ်ကိုင်းနှင့် နာဂဒေသများကို တာဝန်ယူရသော လုပ်ငန်း (၁) ညွှန်ကြားရေးမှူး ကျွန်တော်။ ကျွန်တော့်ကွပ်ကဲမှုအောက်က ဖဖရ (မုံရွာ) မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထွန်းခိုင် (ယခု ချင်းပြည်နယ် ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး)၊ တပည့် မောင်စိုးမိုး (ယခု ရခိုင်ဒေသ သံတွဲမြို့နယ်ရုံး) တို့နှင့် စည်သူလင်း၊ ငြိမ်းချမ်း အစရှိသော ညီတော်မောင်များ ပါဝင်လာခဲ့ခြင်း ဖြစ်၏။ ထိုစဉ်က နေ့လယ်စာ စားခဲ့သောဆိုင်မှာ ဘိလပ်မြေနှင့် မံ၍ လုပ်ထားသော ရေအိုးစင်လေးတစ်ခုရှိသည်။ အရိပ်အာဝါသကောင်းသလို ရေကလည်း အလွန်အေးသည်။ ရေအိုးစင်အောက်ခြေက ကန်လေးထဲမှာထည့်၍ စိမ်ထားသော အအေးဘူးများသည်ပင် ရေခဲရေစရာမလိုအောင် အေးမြနေသောကြောင့် အစ်မကြီးတို့ ရေခဲသေတ္တာက တယ်ကောင်းပါလားဟု ကျွန်တော်ကျီစယ်ခဲ့ဖူးသည်။ ထိုရေအိုးစင်လေးသည်လည်း ယခုတိုင်ရှိနေဆဲ။ ရေအိုးစင်လေးရှိရာသို့ ငေးရင်း လွန်ခဲ့သည့် လေးနှစ်ခန့်က ပုံရိပ်များကို ပြန်လည်အမှတ်ရနေဆဲ။ မှတ်မှတ်ထင်ထင် သတိပြုမိတာတစ်ခုမှာ သူတို့နေသောအိမ်၏ ပြတင်းပေါက်တိုင်းသည် အပေါ်မှာ တံခါးရွက်နှစ်ခု၊ အောက်မှာ တံခါးရွက်နှစ်ခုရှိနေပြီး တံခါးချိတ်ရန် သံပေါင်ချိတ်များ မသုံးဘဲ မိရိုးဖလာနည်းအတိုင်း သစ်သားချိတ်များကို စို့ရိုက်၍ တပ်ဆင်အသုံးပြုထားခြင်းကိုပင်။



### ထောက်ပံ့ပေးအပ်ခဲ့

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၏ ထိုနေ့ ပင်လည်ဘူးမြို့နယ်ခရီးစဉ်မှာ မော်လင်ကျေးရွာမှ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများက လမ်းလုပ်ငန်းနေရာအထိ ရောက်လာကြပြီး သူတို့ရွာသို့ ဝင်ရောက်ပါရန် ဖိတ်မန္တကပြုခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးက အချိန်မရတော့သဖြင့် မဝင်တော့ပါကြောင်း၊ ယခုဖောက်လုပ်ပေးသော လမ်းများကို အရည်အသွေး စစ်ဆေးရေးအဖွဲ့များက စနစ်တကျစစ်ဆေးပြီး ဒေသအာဏာပိုင်များကလည်း ကြပ်မတ်ဆောင်ရွက်ပေးနေပါကြောင်း၊ လမ်းများ ရေရှည်တည်တံ့ခိုင်မြဲစွာ အသုံးပြုနိုင်ရေးအတွက် ဒေသခံပြည်သူများမှလည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်လိုကြောင်း တိုက်တွန်းမှာကြားခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးသည် ပင်းမူကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲသို့ ဝင်ရောက်၍ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။ ထိုအခမ်းအနားသို့ ကျေးရွာ ရပ်မိရပ်ဖများ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြပါသည်။ ကဒူး၊ ကနန်း တိုင်းရင်းသား တိုင်းရင်းသူများကို တွေ့မြင်လိုက်ရသဖြင့် ဖျတ်ခနဲသတိရလိုက်မိသည်မှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ လဆန်းပိုင်းတွင် နေပြည်တော်သို့ လေ့လာရေးခရီးစဉ် ဖိတ်ကြားခေါ်ယူခဲ့စဉ်က စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်ဒေသမှ ကနန်းတိုင်းရင်းသား တိုင်းရင်းသူများနှင့် ပင်လည်ဘူးမြို့နယ်အတွင်းက ကဒူးတိုင်းရင်းသား တိုင်းရင်းသူ လေ့လာရေးအဖွဲ့ ပါဝင်လာခဲ့သည်ကိုပဲ ဖြစ်၏။ အဆိုပါအဖွဲ့တွင် ကနန်းတိုင်းရင်းသား တိုင်းရင်းသူ ၁၅ ဦး၊ ကဒူးတိုင်းရင်းသားတိုင်းရင်းသူ ၁၀ ဦး စုစုပေါင်း ၂၅ ဦး ဖိတ်ကြားခေါ်ယူခဲ့ခြင်းဖြစ်သည်။

### ရည်ရွယ်ချက် သုံးရပ်

ယခုခရီးစဉ်၌ ဟော်ယောဘက်သို့ မှန်းဆကာ လွမ်းခဲ့မိသည်ကတော့ အမှန်ပင်။ လွန်ခဲ့သော လေးနှစ်ခန့်က ရောက်ခဲ့ဖူးသော ကနန်းဒေသ၌ ရွှေကျောင်း၊ မန်ကျီးကုန်း၊ လိပ်စော၊ ဟော်ယောကျေးရွာများ အပါအဝင် ရွာပေါင်း ၂၄ ရွာရှိကြောင်း၊ ကနန်းအစ ရွှေကျောင်းက၊ ကနန်းအဆုံး လယ်ပဒုံးဟူ၍ ကနန်းဒေသ၏ နယ်နိမိတ်ကို ညွှန်းဆိုဖွဲ့နွဲ့ထားကြောင်း၊ ကနန်းဒေသလုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟအသင်းကြီးကို ၂၀၀၇ ခုနှစ် ဧပြီလ ၈ ရက်နေ့တွင် ရွှေကျောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ စတင်ဖွဲ့စည်းထူထောင်ခဲ့ကြပြီး ကနန်းဒေသ၌ ပရိယတ္တိသာသနာ ထွန်းကားပြန့်ပွားစေရန် ကနန်းနွယ်ဖွား ပရိယတ္တိဝန်ဆောင် ရဟန်းသာမဏေ၊ သီလရှင်များအား ချီးမြှောက်ထောက်ပံ့ရန် ဆရာ ဒကာ စည်းလုံးညီညွတ်စွာ လက်တွဲ၍ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး အရှည်တည်တံ့ခိုင်မြဲရေး ကြိုးပမ်းဆောင်ရွက်ရန်တည်းဟူသော ရည်ရွယ်ချက်သုံးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်းများ အပါအဝင် ကနန်းဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးများနှင့် စပ်လျဉ်း၍ ဆောင်းပါးတစ်ပုဒ် ရေးခဲ့ဖူးပါသည်။ ဆောင်းပါးအမည်မှာ "မူးမြစ်ဖျား ဒေသဆီသို့ တစ်ခေါက်" ဟူ၍…။

### သမိုင်းကြောင်းကောင်းသည့်ဒေသများ

ကျွန်တော်တို့ရောက်သွားချိန်၌ ကနန်းတိုင်းရင်းသား ခေါင်းဆောင် ဦးသာမောင်မှာ ၇၄ နှစ်ရှိနေပြီဖြစ်ရာ ယခုဆိုလျှင် ၇၈ နှစ် ဖြစ်ပါမည်။ ၁၉၆၈ ခုနှစ်တွင် ဗကပ တို့ကို ပြည်သူ့စစ်အသွင်ဖြင့် တွန်းလှန်တိုက်ခိုက်ခဲ့သည့် ကနန်းတိုင်းရင်းသားခေါင်းဆောင် လေး၊ ငါးဦးထဲက တစ်ဦးဖြစ်၏။ ကဒူး၊ ကနန်းတိုင်းရင်းသားတို့၏ဌာနေ ပင်လည်ဘူး၊ ဗန်းမောက်ဒေသများသည် ၁၉၇၉-၁၉၈၀ ပြည့်နှစ်များအတွင်းက ဗကပ အဖွဲ့တစ်ဖွဲ့ နယ်မြေထိုးဖောက်ဝင်ရောက်လာစဉ် တပ်မတော်နှင့် လက်တွဲ၍ အမြစ်ပြတ်ချေမှုန်းခဲ့သော သမိုင်းကြောင်းကောင်းသည့်ဒေသများ ဖြစ်ခဲ့သည်။ ဟော်ယောဘုန်းတော်ကြီးကျောင်းတွင် တစ်ညအိပ်ခဲ့ကြပြီး နောက်တစ်နေ့ နံနက်ပိုင်း၌ ဒေသခံတိုင်းရင်းသားများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများ ဆွေးနွေးခဲ့ကြသေးသည်။ ထိုဆွေးနွေးပွဲသို့ အဘဦးသာမောင်လည်း တက်ရောက်၍ တက်တက်ကြွကြွ ပါဝင်ဆွေးနွေးခဲ့ပါသည်။

ပင်လည်ဘူး၊ ဗန်းမောက်ဒေသဖွံ့ဖြိုးရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်၍ လမ်း၊ တံတားလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ သာသနာရေးလုပ်ငန်းများ ခွင့်ပြုချထားပေးခဲ့ရာ ဝန်းသို-ဗန်းမောက်လမ်း (၅၇/၀)မိုင်လည်း အပါအဝင်ဖြစ်သည်။ ထိုလမ်းကို ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး (ငြိမ်း)က အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတာဝန်ထမ်းဆောင်စဉ် လမ်းကြမ်း စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဗန်းမောက်မြို့နယ်အတွင်းမှာပင် ဒုတိယလမ်းတစ်သွယ်ဖြစ်သော နားပင်-ကနန်း-မူးသာ-လယ်ပဒုံးလမ်း (၄၁/၇) မိုင်ကိုလည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ စတင်ဖောက်လုပ်ပေးခဲ့ပြီး ကျေးရွာအလိုက် တံတားများကိုပါ တည်ဆောက်ပေးခဲ့သည်။ အဆိုပါလမ်းကို အသုံးပြု၍ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများသည် ပင်လည်ဘူးမြို့သို့ အဆင်ပြေစွာ သွားလာနေကြပြီဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက်လည်း များစွာအထောက်အကူပြုခဲ့ပြီ ဖြစ်၏။

### ဟော်ယောကျေးရွာလေး

ပင်လည်ဘူးမြို့လေးသည် ကသာခရိုင်အတွင်း မူးမြစ်ဖျားဒေသတွင် ပါဝင်ပါသည်။ မူးမြစ်ကူးတံတား (ပင်လည်ဘူး) ကတော့ အရှည်ပေ ၆၆၀ ခန့်ရှိကြောင်း သိရသည်။ ပင်လည်ဘူးမြို့မှာ ပေ ၆၀၀ ကျော်လောက် ကျယ်သွားသော်ငြား ဟော်ယောဒေသ အထက်ပိုင်းမှာတော့ မူးမြစ်၏ အနေအထားက ခုန်ပျံကျော်လွှား၍ ရလောက်သည်အထိ သေးငယ်ကျဉ်းမြောင်းခဲ့သည် ဆို၏။ ရှေးလူကြီး သူမများ၏ မမြင်ဖူး မူးမြစ်ထင်ဆိုသည့် ဆိုရိုးစကားသည် အဘယ်သို့သော အကြောင်းချင်းရာကို ရည်ရွယ်ပြောကြားခဲ့သလဲဆိုတာကိုတော့ ကျွန်တော် မဖွင့်ဆိုတတ်တော့ပါ။ ဗုဒ္ဓဘာသာ သာသနာ ထွန်းကားပြန့်ပွားရာဒေသ၊ မူးမြစ်၏ မြစ်ဖျားခံရာဒေသ၊ ကဒူး၊ ကနန်းတိုင်းရင်းသား အေးချမ်းပျော်ရွှင်စွာ အခြေချနေထိုင်ရာ ဒေသတစ်ခုအဖြစ် အမြဲတမ်း အမှတ်တရရှိနေမှာကတော့ အလွန်သေချာပါသည်။ တစ်ခါကရောက်ခဲ့ဖူးသော ဟော်ယောကျေးရွာလေးကို လွမ်းမိပါသည် …။ ။

> "ဗန်းမောက်မြို့နယ်အတွင်းမှာပင် ဒုတိယလမ်းတစ်သွယ်ဖြစ်သော နားပင်-ကနန်း-မူးသာ-လယ်ပဒုံးလမ်း (၄၁/၇) မိုင်ကိုလည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ စတင်ဖောက်လုပ်ပေးခဲ့ပြီး ကျေးရွာအလိုက် တံတားများကိုပါ တည်ဆောက်ပေးခဲ့သည်။ အဆိုပါလမ်းကို အသုံးပြု၍ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများသည် ပင်လည်ဘူးမြို့သို့ အဆင်ပြေစွာ သွားလာနေကြပြီဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက်လည်း များစွာအထောက်အကူ ပြုခဲ့ပြီဖြစ်"

## ဝေါမြို့၌ တောင်သူမျိုးစေ့သန့်စင်စက် ဖွင့်

**ဝေါ ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ တောင်သူမျိုးစေ့သန့်စင်စက် ဖွင့်ပွဲကို မေ ၃၁ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

မျိုးစေ့သန့်စင်စက်ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်နှင့် ဒေါ်ရီရီထိုက်၊ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရင်ထွန်းနှင့် ဝေါမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်းက အမှာစကားပြောကြားကာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးက တိုင်းဒေသကြီးအတွင်း မြို့နယ်များ၌ တောင်သူမျိုးစေ့သန့်စင်စက်များ ထူထောင်နေသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများက မျိုးစေ့သန့်စင်စက်ကို လေ့လာကြည့်ရှုကြပြီး



ဝေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်မိုးလွင်နှင့် ဝန်ထမ်းများက အရည်သွေးကောင်း မျိုးစေ့စိုက်ပျိုးခြင်းဖြင့်ရရှိနိုင်သော အကျိုးကျေးဇူးများကို ဖော်ပြထားသည့် လက်ကမ်းစာစောင်များကို ဒေသခံတောင်သူများထံ ဖြန့်ဝေပေးကာ တောင်သူများ သိရှိလိုသည်များကို ရှင်းလင်းပြောကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## သံဖြူဇရပ်မြို့နယ်၌ မူခင်းအသိပညာပေးဟောပြော

**သံဖြူဇရပ် ဇွန် ၂**

မွန်ပြည်နယ်သံဖြူဇရပ်မြို့နယ် ကရုပ္ပိကျေးရွာရွာလယ်ပိုင်းအုပ်ချုပ်ရေးမှူးရုံးရှေ့၌ မူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြောပွဲကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် မွန်ပြည်နယ် ရဲအကူတပ်ဖွဲ့ခွဲမှ ရဲအုပ်ကျော်သိန်းနှင့် တာဝန်ရှိသူတို့က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဖြစ်စဉ်များအား ပုံနှင့်တကွချပြ ရှင်းလင်းခြင်းကို လည်းကောင်း၊ အမှုကြီးများမဖြစ်ပေါ်စေရေးနှင့် သက်ငယ်မုဒိမ်းမှုများ ပပျောက်စေရေး၊ လူကုန်ကူးမှုနှင့်ပတ်သက်၍ ပြစ်မှု၊ ပြစ်ဒဏ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် သက်ဆိုင်သည့်လိုက်နာရမည့် စည်းကမ်းချက်များ၊ နည်းဥပဒေများ၊ ဟောပြောခဲ့ပြီး တာဝန်ရှိသူများက တက်ရောက်လာကြသူများအား မူခင်းအသိပညာ ပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

## အမည်မှန်

လှိုင်ကော်မြို့၊ အထက (၃)၊ အဌမတန်းမှ မကလိတီးနား၏အမည်မှန်မှာ မခရစ္စတီးနာဖြစ်ပြီး မိဘအမည်မှန်မှာ ဦးစောအေဖရိုင်း-ဒေါ်မူဘဲနဒဲတ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ရပ်စောက်မြို့၊ အလက(အလည်ချောင်)၊ ဆဋ္ဌမတန်းမှ မောင်အောင်အောင်ဦး၏ ဖခင်အမည်မှန်မှာ ဦးကိုထွန်း ၁၃/ရစန(နိုင်)၀၅၄၇၃၇ ဖြစ်ပါကြောင်း။

**ဦးကိုထွန်း**

## ဖခင်အမည်မှန်

ကသာမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဆက်မှူးခိုင် ၅/ကသန(နိုင်) ၁၄၆၀၀၉၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးခိုင် ၅/ကသန(နိုင်)၀၂၂၇၄၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက (၃)၊ နဝမတန်းမှ မထွန်းမြာ၏ဖခင်အမည်မှန်မှာ ဦးလှိုးစောအီ ၂/ဖရဆ(နိုင်) ၀၁၀၀၇၄ ဖြစ်ပါကြောင်း။

**ဦးလှိုးစောအီ**

## ဖခင်အမည်မှန်

မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်၊ အထက တက္ကသိုလ်ဝင်တန်းမှ မောင်ရွှေပြည်စိုး၏ ဖခင်အမည်မှန်မှာ ဦးမိုးကျော်အောင် ၁၃/မမတ(နိုင်)၀၁၂၃၇၁ ဖြစ်ပါကြောင်း။

**ဦးမိုးကျော်အောင်**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းရွှေဟော် အထက၊ တတိယတန်းမှ မောင်ဇော်လင်း၏ဖခင်အမည်မှန်မှာ ဦးလီကျင်းဖူ ၁၃/လကန(နိုင်)၀၂၀၂၈၅ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးကျော်လွင်မိုး၏သမီး လှိုင်ကော်မြို့၊ အထက (လောခမွဲ)၊ စတုတ္ထတန်းမှ မရွှန်းနဒီအား မရွှန်းရတီဟု ပြောင်းလဲခေါ်ပါရန်။

**မရွှန်းရတီ**

## အမည်မှန်

တောင်ကြီးမြို့၊ အထက(၆)၊ အဌမတန်း(ခ)အောင်မှ မဇာနည်ဂရိတ်(စ်)၏ အမည်မှန်မှာ မဇာနည်ဂရေ့(စ်) ဖြစ်ပါကြောင်း။

**မဇာနည်ဂရေ့(စ်)**

## အမည်မှန်

မူဆယ်ခရိုင်၊ ပန်ဆိုင်း (ကြူကုတ်)မြို့နေ ဦးစိုင်းမြင့်သန်းဆိုင်-ဒေါ်နန်းခမ်းဆွန် တို့၏သား စိုင်းဆိုင်စွမ်မိန်း၏ အမည်မှန်မှာ စိုင်းဆိုင်ကျော်မိန်း ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးဖြေရယ်၏သား လှိုင်ကော်မြို့၊ နိုးကိုးအထက(ခွဲ)၊ စတုတ္ထတန်းအောင်မှ မောင်ဝီရယ်ထွန်း၏ အမည်မှန်မှာ မောင်ဝီရယ်ထွန်းထွန်းဝင်း ဖြစ်ပါကြောင်း။

**မောင်ဝီရယ်ထွန်းထွန်းဝင်း**

## အမည်ပြောင်း

ဦးကျော်ခိုင် - ဒေါ်သန်းတင်ဌေး တို့၏သမီး ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ ရှမ်းစုရပ်ကွက်၊ အလက အဌမတန်းမှ မရွှင်လန်းအား မနှင်းရတနာဟု ပြောင်းလဲခေါ်ပါရန်။

**မနှင်းရတနာ**

## အမည်မှန်

တန့်ယန်းမြို့၊ အထက(၂)၊ ဆဋ္ဌမတန်းမှ မောင်စိုးလင်းအောင်၏အမည်မှန်မှာ မောင်စောလင်းအောင် ဖြစ်ပါသည်။

## ဖခင်အမည်မှန်

လှိုင်ကော်မြို့ နိုးကိုးအထက(ခွဲ) စတုတ္ထတန်းအောင်မှ မောင်ဝီရယ်ထွန်းထွန်းဝင်း၏ဖခင် အမည်မှန်မှာ ဦးဖြေရယ် ၂/လကန(နိုင်)၀၆၂၇၉၉ ဖြစ်ပါကြောင်း။

**ဦးဖြေရယ်**

## ဖခင်အမည်မှန်

မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်၊ မြစ်ဆုံ(အလက)၊ သတ္တမတန်းမှ မောင်မျိုးခိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးမျိုးကြည် ၉/တသန(နိုင်) ၁၁၅၈၀၀ ဖြစ်ပါကြောင်း။

**ဦးမျိုးကြည်**

## ဖခင်အမည်မှန်

ရပ်စောက်မြို့၊ အလက (အလည်ချောင်)၊ အဌမတန်းမှ မစိုးမျိုးထွေး၏ဖခင်အမည်မှန်မှာ ဦးမြင့်လွင် ၁၃/ရစန(နိုင်)၀၆၀၁၉၆ ဖြစ်ပါကြောင်း။

**ဦးမြင့်လွင်**

## ဖခင်အမည်မှန်

ရပ်စောက်မြို့၊ အထက (ရပ်စောက်)၊ တက္ကသိုလ်ဝင်တန်းမှ မစိုးမျိုးအေး၏ ဖခင်အမည်မှန်မှာ ဦးမြင့်လွင် ၁၃/ရစန(နိုင်)၀၆၀၁၉၆ ဖြစ်ပါကြောင်း။

**ဦးမြင့်လွင်**

## မိဘအမည်မှန်

အထက(ရပ်စောက်)၊ သတ္တမတန်းအောင်မှ မောင်ဇင်မင်းထွန်း၏ မိဘအမည်မှန်မှာ ဦးပူရမ်း ၁၃/နခန(နိုင်)၀၄၉၉၆၈ နှင့် ဒေါ် Tha RA ၁၃/ရစန(ပြု)၀၀၀၁၀၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရပ်စောက်မြို့၊ အထက(ပင်ဖြစ်)၊ နဝမတန်းအောင်မှ မောင်ဝင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးစောမျိုး ၁၃/ရစန(နိုင်)၀၄၅၆၇၃ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် EE/5846 Toyota Corolla Fielder N ZE 12, S/W (4x2) ® ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်းနိုင် ၁၂/ဥကတ(နိုင်)၁၃၀၀၃၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/4468 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7C/6472 Mitsubishi Pajero 10 H77 W, S/W (၄×၄) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မောင်မောင် ၁၂/သလန(နိုင်)၀၉၁၆၆၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

**ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ တိုက်အမှတ် (၉)ဟုခေါ်တွင်သည့် TGK Villa ကွန်ဒိုအဆောက်အအုံ၏ တိုက်အမှတ် (အေ) အခန်းအမှတ် (၁၀၂)၊ အကျယ်အဝန်း (၁၀၁၀)စတုရန်းပေရှိ**

## ကွန်ဒိုတိုက်ခန်း တစ်ခန်းအား ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာဖြစ်သည့် ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်သီတာဦး (TGKN -037431) ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေမှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဘူမောင် (LL.B)(စဉ်-၂၂၇၄၇) ဒေါ်နှင်းပွင့်သန်း (LL.B)(စဉ်-၂၇၀၇၅)**

**လင်းအကျိုးဆောင် အထက်တန်းရှေ့နေများ**

**အမှတ် (၅/၁၁)ဘီ၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၇၉၀၁၈၉၈၆၀၊ ၀၉-၉၇၄၀၀၂၄၅၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁ဂျေ၊ မြေကွက်အမှတ် V၃၀၊ ၃၁၊ မြေကွက်တည်နေရာအမှတ် ၄၆/၄၈၊ ဝတ်ကျောင်းလမ်း၊ (၈)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဒေါ်အုံးရွှေနှင့် မောင်သောင်းရွှေအမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အုံးရွှေနှင့် ခင်ပွန်းဦးမောင်မောင်တို့အသီးသီးကွယ်လွန်ပြီး တစ်ဦးတည်းသောသားဖြစ်သူ ဦးတင်ဦး(ဖခင်ထက်စော၍)ကွယ်လွန်ခြင်း၊ ၎င်း၏ဇနီးဒေါ်စန်းသည်လည်း ကွယ်လွန်သဖြင့် အမွေမဲ့မြေများဖြစ်သော ဦးလှဟန်၊ ဒေါ်နှင်းနှင်းအေးနှင့်ဦးသန်းအေးတို့မှ ဒေါ်အုံးရွှေ၏ ပိုင်ဆိုင်ခွင့်အစုကိုလည်းကောင်း၊ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ မောင်သောင်းရွှေကွယ်လွန်သဖြင့် ၎င်း၏အစုအား တရားဝင်ဇနီးဖြစ်သူ ဒေါ်အေးကြည်မှ လျှောက်ထားပြီး ပိုင်ဆိုင်ခွင့်ရှိကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာ အမှတ်စဉ် ၉-၂၂၅(၄-၉-၂၀၁၇)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဒေါ်အုံးရွှေ၊ ဦးတင်ဦး၊ ဒေါ်စန်း၊ ဦးသောင်းရွှေတို့၏ သေစာရင်းများ၊ ဦးမောင်မောင်၏သေစာရင်း မိတ္တူမှန်ထုတ်ပေးနိုင်ခြင်းမရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၏ အကြောင်းပြန်ကြားစာ၊ ဦးမောင်မောင်သေဆုံးကြောင်း ပုဇွန်တောင်မြို့နယ် (၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ၂၁-၁၁-၂၀၁၇ ရက်စွဲပါ ပုဇွန်တောင်မြို့နယ်အုပ်ချုပ်ရေး မှူးရုံးထောက်ခံစာ၊ နှစ် ၉၀ မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ အမည်ပေါက် ဒေါ်အုံးရွှေ၏ အစုအား အမွေမဲ့မြေများဖြစ်သော ဦးလှဟန် ၁၂/ပဇတ(နိုင်) ၀၁၄၆၆၃၊ ဒေါ်နှင်းနှင်းအေး ၁၂/ပဇတ(နိုင်)၀၀၁၉၀၉၊ ဦးသန်းအေး ၁၂/ပဇတ(နိုင်)၀၀၁၉၁၀တို့နှင့် အမည်ပေါက် တစ်ဦးဖြစ်သူ မောင်သောင်းရွှေအစုအား တရားဝင်ဇနီးဖြစ်သူ ဒေါ်အေးကြည် ၁၂/ပဇတ(နိုင်)၀၁၄၃၆၉တို့က ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်း မှတ်ချက်များနှင့်ပတ်သက်၍ အမှုတွဲအမှတ် ၉၃/ဈ-ခ-၁/၇၀ အရ မောင်တင်ဦးက အမည်ပြောင်းလျှောက်ထားခဲ့ကြောင်း မှတ်ချက်မှာ ယခင်က ဦးတင်ဦးမှ မှားယွင်းလျှောက်ထားခြင်းဖြစ်ကြောင်း၊ ဂရန်မူရင်းတွင်လည်း ဒေါ်အုံးရွှေနှင့် မောင်သောင်းရွှေတို့၏ အမည်ဖြင့်သာ အမည်ပေါက်ဆက်လက်တည်ရှိနေပါကြောင်း၊ ဦးသောင်းရွှေမှ ညွှန်ချုပ်စာအမှတ် ၁၃၈၆၅(၂၀-၁၁-၉၀)အရလည်းကောင်း၊ ညွှန်ချုပ်စာအမှတ် ၁၂၆၇/၅-၇-၉၁အရလည်းကောင်း မြေပုံကူးလျှောက်ထားခဲ့ခြင်းမှာ အဆောက်အအုံဆောက်လုပ်ရန်အတွက် မြေပုံကူးလျှောက်ထားခဲ့ခြင်းမှာ မှန်ကန်ကြောင်းနှင့် အဆိုပါမြေပုံများဖြင့် (၂)ထပ်ခွဲအဆောက်အအုံနှစ်လုံးကို ဆောက်လုပ်ခဲ့ပြီးဖြစ်ပါကြောင်း မြေစာရင်း မှတ်ချက်များနှင့်ပတ်သက်၍ အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက ၎င်းတို့မှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိကျမ်းကျိန်လွှာ၊ မြေပြင် ကွင်းဆင်း စစ်ဆေးချက်အရ မြေ(၂)ကွက်၏ တစ်ကွက်စီပေါ်တွင် (၂)ထပ်ခွဲဟောင်ကောင်တိုက် တစ်လုံးစီရှိပြီး စုစုပေါင်းနှစ်ထပ်ခွဲဟောင်ကောင်ပုံတိုက်နှစ်လုံးရှိပါသည်။ လျှောက်ထားသူများမှ ၃-၁-၂၀၁၈ရက်စွဲပါစာဖြင့် မြေပေါ်တွင် ဟောင်ကောင်နှစ်ထပ်ခွဲတိုက် နှစ်လုံးရှိပြီး စုစုပေါင်း အခန်း၂၀ရှိကာ ဦးလှဟန်+၃ (လျှောက်ထားသူများ)မှ တစ်တိုက်လျှင် ၄ ခန်းနေထိုင်ပြီး စုစုပေါင်း ၈ ခန်းနေထိုင်ပါကြောင်း၊ ကျန်အပျောက်ခန်း ၁၂ခန်းနှင့် ပတ်သက်၍ အရှုပ်အရှင်း ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုစာတို့တင်ပြလာပါသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးဝင်းမောင် (ဘောလယ်ကျေးရွာ)

**အသက်(၇၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဘောလယ်ကျေးရွာနေ (ဦးအောင်စည်-ဒေါ်မယ်တင့်)တို့၏သား၊ (ဦးမောင်လှိုင်-ဒေါ်မြရင်)တို့၏သားသမက်၊ (ဦးထွန်းကြိုင်-ဒေါ်စောကြည်)၊ (ဦးစိန်သန်း+ဒေါ်မကြည်) (ဦးမြမောင်+ဒေါ်မိပိုက်)၊ (ဦးမောင်မြင့်)-ဒေါ်ဝါစိန်တို့၏ညီ/မောင်၊ ဦးဝင်းကို(ညွှန်ကြားရေးမှူး၊ စီမံ-ဘဏ္ဍာရေးဝန်ကြီးဌာန)-ဒေါ်သက်သက်လှ(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ဦးသန့်ဇင်-ဒေါ်သာယာအေး၊ မစမ်းစမ်းစိမ့်၊ ကိုဝင်းကျော်သူတို့၏ဖခင်၊ မြေနှစ်ယောက်တို့၏အဘိုး၊ ဒေါ်တင်စန်း၏ခင်ပွန်း သည် ၁-၆-၂၀၁၈ရက်(သောကြာနေ့)နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၈ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(အမှတ်-၈ဇဘီ၊ အရှေ့ကြို့ကုန်း(၅)လမ်း မြောက်နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၁၈ရက်(ကြာသပတေးနေ့)တွင် ထန်းတပင်မြို့နယ်၊ ဘောလယ်ကျေးရွာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဟာဂျီအရှဗ်အလီ(ခ)ကိုဟန်ဝင်းအောင်

**အသက်(၃၆)နှစ်**

ဦးမောင်မောင်(မန်နေဂျင်းဒါရိုက်တာ)-ဒေါ်အေးတင် (ဒါရိုက်တာ၊ ရွှေကမ္ဘာမောင်မောင် ဆောက်လုပ်ရေး)တို့၏သားဖြစ်သူ ကိုဟန်ဝင်းအောင်သည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ Bamrungard ဆေးရုံ၌ ၂၈-၅-၂၀၁၈ရက် မွန်းလွဲ ၂း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေကမ္ဘာမောင်မောင်မရင်းပရောဒတ်(စ်)**

**ကုမ္ပဏီလီမိတက်(ဝန်ထမ်းများမိသားစု)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဟာဂျီအရှဗ်အလီ(ခ)ကိုဟန်ဝင်းအောင်

**အသက်(၃၆)နှစ်**

ဦးမောင်မောင်(မန်နေဂျင်းဒါရိုက်တာ)-ဒေါ်အေးတင် (ဒါရိုက်တာ၊ ရွှေကမ္ဘာမောင်မောင် ဆောက်လုပ်ရေး)တို့၏သားဖြစ်သူ ကိုဟန်ဝင်းအောင်သည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ Bamrungard ဆေးရုံ၌ ၂၈-၅-၂၀၁၈ရက် မွန်းလွဲ ၂း၃၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေကမ္ဘာမောင်မောင်ဆောက်လုပ်ရေးလီမိတက်**

**(ရုံးချုပ်)ဝန်ထမ်းများ၊ ရွှေဘုံသာလမ်း၊**

**(မင်းဓမ္မရုံး)ဝန်ထမ်းများ၊**

**တောင်ဒဂုံ(သံနှင့်သံချောင်းရောင်းဝယ်ရေး)ဝန်ထမ်းများ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုမြို့၊ အထက (၃) (ဘ) ဦးကြောင်ဘား၏သမီး အထပြဆရာမ ဒေါ်မြင့်မြင့်နှင့် ဒေါ်မြင့်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်မြင့်မြင့်(ခ)ဒေါ်မြင့်**

**၅/ရဘန(နိုင်)၀၄၈၂၈၅**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ စာပန်းအိမ် ဘော်ဒါဆောင် တက္ကသိုလ်ဝင်တန်းမှ မောင်မင်းသုတ၏ ဖခင်အမည်မှန်မှာ ဦးမင်းသန့်ရွှေ ၅/ခဥန(နိုင်)၀၀၀၃၃၈ ဖြစ်ပါကြောင်း။

**ဦးမင်းသန့်ရွှေ**

## ကန့်ကွက်ရန်ကြော်ငြာ

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ် (၃)ရပ်ကွက်၊ ကွင်းအမှတ်-၈၊ မင်းကုန်း၊ ဦးပိုင်အမှတ်-၆၆(က)၊ ဒေါ်နှင်းဌေး ၁/ရကန(နိုင်)၀၂၅၁၆၅ အမည်ပေါက်မြေကွက်နှင့် နေအိမ်ကိုညီမအရင်းဖြစ်သူ အတူနေ ဒေါ်ခင်စန်းဝေ ၁/ရကန(နိုင်)၀၂၅၁၆၄ အမည်သို့ ဂရန်အမည်ပြောင်း သက်တမ်းတိုးလျှောက်ထားမည်ဖြစ်ပါသဖြင့် ၁၅ရက်အတွင်း မည်သူမဆို ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်စန်းဝေ၁/ရကန(နိုင်)၀၂၅၁၆၄**

**(၃)ရပ်ကွက်၊ ရွှေကူမြို့၊ ကချင်ပြည်နယ်၊ ဖုန်း-၀၉-၇၉၇၃၈၁၄၀၃၊ ၀၉-၇၈၅၇၇၆၃၁၀**

## ဖခင်အမည်မှန်

မြိုင်မြို့နယ်၊ တွင်းမ အထက တက္ကသိုလ်ဝင်တန်းမှ မကေဇင်မင်းကျော် ၈/မမန(နိုင်)၂၇၅၂၂၉၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇော်ဦး ၈/မမန(နိုင်)၁၅၁၃၂၂ဖြစ်ပါကြောင်း။

**ဦးသိန်းဇော်ဦး**

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အလက(၇)၊ ဆဋ္ဌမတန်း(ဂ)နေ ကျောင်းဝင်အမှတ် (၃၂၂၃)ရှိ မနန်းခမ်းအိမ်၏ ဖခင်အမည်မှန်မှာ ဦးဆမ်နှောင်း ၁၃/တယန(နိုင်)၀၃၂၂၄၂ဖြစ်ပါသည်။

**ဦးဆမ်နှောင်း**

## အမည်မှန်

လားရှိုးမြို့၊ အထက(၆) ပဉ္စမတန်းမှ မောင်အောင်ကျော်ဆန်း၏ အမည်မှန်မှာ မောင်အောင်ကျော်မိုးနှင့် ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းထွန်း ၉/မထလ(နိုင်)၂၆၇၀၈၂ ဖြစ်ပါကြောင်း။

## အမည်မှန်

နမ္မတူမြို့၊ အထက (၁) နဝမတန်း(B)မှ ဦးလဆိုင်း၏သား မောင်နူးအောင်၏ အမည်မှန်မှာ မောင်မျိုးဒန်အောင်ဖြစ်ပါသည်။

## တူအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း

တောင်ကြီးမြို့၊ ကန်ရှေ့ရပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊နယ်မြေ ၈၊ မိဘရိပ်တိုက်ခန်းအမှတ် ၁၇နေ ဦးစိုင်းဆန်ဆိုင်-ဒေါ်နန်းရွှေမေတို့၏တူဖြစ်သူ စိုင်းအောင်ခမ်း ၁၃/တကန(နိုင်)၃၄၄၈၇၅ သည် အုပ်ထိန်းသူ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ တူအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးစိုင်းဆန်ဆိုင်-ဒေါ်နန်းရွှေမေ**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 3L/3578 Nissan ADV ယာဉ်လက်ဝယ်ရှိသူ ဦးဟန်သူ ၁၃/တခလ(နိုင်)၀၀၀၉၉၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တောင်ကြီး**

## စဝ်စိုးတင့်
### (လဲချား)

**အသက်(၈၄)နှစ်**

လဲချားစော်ဘွားကြီး သရေစည်သူစဝ်န္တံ-ဒေါ်လှကြွယ်တို့၏သား၊ (စဝ်မြဝင်း)၏ခင်ပွန်း၊ [ဗိုလ်ချုပ်စောလွင်(ငြိမ်း)]-စဝ်ကြည်မြ(ယိမ်း) တို့၏အစ်ကို၊ ဒေါက်တာစဝ်ခွန်ထီး-ယန်ဟေဂျူးတို့၏ဖခင်၊ ဦးကိုကိုအောင်-ဒေါ်စန္ဒီလွင်(ခမ်း)၊ ဗိုလ်မှူးချုပ်ဖွဲ့ဝင်းမြင့်[တပ်မတော်(ရေ)]-ဒေါ်သီဂီလွင်(နွတ်)တို့၏ဘကြီး၊ ရဲထွဋ်အောင်(F/O MNA)၊ ခိုင်ဇင်သန့်၊ သက်နှယ်စိုး၊ နန်းအမရာ၊ စိုင်းဟန်ရွက်တို့၏အဘိုးသည် ၃၁-၅-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၈ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် တောင်ကြီးမြို့ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အမှတ်-၁၄၊ ပတ္တမြားလမ်း၊ သစ်တောရပ်ကွက် နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၆-၆-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးလှတင် (ရွှေကျင်) အသက်(၈၈)နှစ်

**စီးပွား/ကူးသန်းဝန်ကြီးဌာန(အကြံပေးပုဂ္ဂိုလ်-ငြိမ်း)**

**မြန်မာ့ကုန်တိုက်(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း)**

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်(ဥက္ကဋ္ဌ-ငြိမ်း)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကုန်း၊ အမှတ် ၄၁/၂၄နေ (ဒေါ်စန်းစန်းမြင့်)၏ခင်ပွန်း၊ ဒေါ်စန်းစန်းတင်၊ (ဦးမောင်မောင်လေး)၊ လေယာဉ်မှူး ဦးမောင်မောင်လွင်(Myanmar National Airline)-ဒေါ်ဆွေဆွေတင်တို့၏ဖခင်၊ ဒေါက်တာဖြိုးဇော်ဦး၊ မောင်ခန့်ဇော်ဦးတို့၏အဘိုးသည် ၁-၆-၂၀၁၈ရက်(သောကြာနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၈ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၁၈ရက် (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## ဒေါ်နုနုဝင်း

**အသက်(၆၂)နှစ်**

မန္တလေးမြို့နေ(ဦးသိန်းထိုက်-ဒေါ်နီ)တို့၏သမီး၊ ဓနုဖြူမြို့နေ (ဦးမောင်သိန်း-ဒေါ်ကျင်စိန်)တို့၏ချွေးမ၊ ဗိုလ်ကြီးငြိမ်းထက်အောင်-ဒေါ်စိမ်းလဲ့မိုး၊ ဗိုလ်ကြီးဟိန်းသူရအောင်၊ ဒေါက်တာဌေးမင်းအောင်တို့၏မိခင်၊ မငြိမ်းရတီလင်း၏အဘွား၊ ဗိုလ်ကြီးလှအောင်(ငြိမ်း)၏ဇနီးသည် ၁-၆-၂၀၁၈ရက်(သောကြာနေ့) နံနက် ၅း၁၅နာရီတွင် ပြင်ဦးလွင်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၈ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ထ/ရ၊ စွယ်တော်လမ်း၊ ရပ်ကွက်ကြီး(၈)ပြင်ဦးလွင်နေအိမ်မှ (၈)မိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီထိ အထက်ပါပြင်ဦးလွင်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဦးမြင့်စိုး(ခ)ဦးစူဝမ်း
### (မိုးကောင်းကင်-ရုပ်ရှင်ထုတ်လုပ်ရေး)

**အသက်(၆၀)**

ရန်ကုန်မြို့နေ (ဦးလှမြင့်-ဒေါ်ရင်နု)တို့၏သား၊ မော်လမြိုင်မြို့နေ ဦးချစ်လှိုင်-ဒေါ်မြသန်းတို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ ကလောအိမ်ရာ၊ အမှတ် ၁၆/B ၊ အခန်း ၁၀နေမချို(ခ) မမြမြစန်း၏ချစ်လှစွာသောခင်ပွန်းသည် ၁-၆-၂၀၁၈ရက်(သောကြာနေ့) နံနက် ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (စမ်းချောင်းမြို့နယ် နေအိမ်မှ ကားများနံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ဦးမြင့်စိုး(ခ)ဦးစူဝမ်း
### (မိုးကောင်းကင်-ရုပ်ရှင်ထုတ်လုပ်ရေး)

**အသက်(၆၀)**

ရန်ကုန်မြို့နေ (ဦးလှမြင့်-ဒေါ်ရင်နု)တို့၏သား၊မော်လမြိုင်မြို့နေ ဦးချစ်လှိုင်-ဒေါ်မြသန်းတို့၏သားသမက်၊ မချို(ခ)မမြမြစန်း၏ ချစ်လှစွာသောခင်ပွန်း၊ဒေါ်ကြူကြူ (ဦးမြင့်သန်း)-ဒေါ်ဆွေဆွေအေးတို့၏ ညီ/မောင်၊ ဒေါ်ခင်စန်းမြင့်၊ ဒေါ်နုနုထွေး၊ ဒေါ်နန်းနန်း၊ ဦးဝင်းအောင်-ဒေါ်သော်တာထွန်း၊ ဒေါ်စန္ဒာ၊ဒေါ်သန္တာ၊ဦးနန္ဒကျော်-ဒေါ်နီနီဝင်းတို့၏ အစ်ကို၊ တူ၊ တူမ ၁၀ ယောက်တို့၏ဘကြီး၊ မြေးတစ်ယောက်၏ အဘိုးသည် ၁-၆-၂၀၁၈ရက်(သောကြာနေ့)နံနက် ၉း၁၅ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၃-၆-၂၀၁၈ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ ကြူတောကန်အုပ်စု၊ နတ်ပုတီးရွာနေ (ဘ)ဦးလှသိန်း ၇/ပတတ(နိုင်)၀၁၀၁၀၂ ဦးမြသန်းပိုင်ဆိုင်ခဲ့သော ပေါင်းတည်မြို့ မင်းကွက် (၃)ရပ်ကွက်၊ ရွှေတည် (၁)ကွက်သစ်၊ ကွင်းအမှတ် ၁၁၁၇B(ဗျက်ကြီးကွင်း) မြေကွက်အမှတ် ၄၀၉၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ခြံမြေကွက်နှင့် ယင်းခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ပေါင်းတည်မြို့ ရွှေတောင်လမ်း၊ မင်းကွက် (၃)ရပ်ကွက်နေ ကျွန်တော် ဦးထိန်ဝင်းထွန်း ၇/ပတတ(နိုင်)၀၆၉၅၀၆သည် မှတ်ပုံတင်စာချုပ်ဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်တွင် ဝယ်ယူငွေပေးချေပြီးဖြစ်ပါသည်။ ဤကြေညာပါပြီး ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ရန်အတွက် အများပြည်သူများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထိန်ဝင်းထွန်း**

**ပေါင်းတည်မြို့ ဖုန်း-၀၉-၇၇၇၄၇၇၇၄၉**

# IDP စခန်းများ ပိတ်သိမ်းနိုင်ရန် မဟာဗျူဟာစီမံချက်ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ IDP စခန်းများ ပိတ်သိမ်းနိုင်ရန် မဟာဗျူဟာစီမံချက်ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

**နေပြည်တော် ဇွန် ၂**

အကြောင်းအမျိုးမျိုးကြောင့် ဖွင့်လှစ်ထားရသည့် IDP စခန်းများ ပိတ်သိမ်းနိုင်ရန် မဟာဗျူဟာစီမံချက်ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက အမှာစကားပြောကြားရာတွင် ဒုက္ခသည်များ လူမှုသဟဇာတမဖြစ်၍ ပဋိပက္ခများ ဖြစ်ပေါ်ခြင်းကြောင့် လည်းကောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးမရ၍ တိုက်ပွဲများ ဖြစ်ပွားခြင်းကြောင့် လည်းကောင်း ဒုက္ခသည်များနေထိုင်ရာ IDP စခန်းများ ပေါ်ပေါက်လာပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ယာယီ IDP စခန်းများ ဖြစ်ပေါ်လာတတ်ကြောင်း၊ IDP စခန်းများ ရေရှည်တည်တံ့ခြင်းသည် မလိုလားအပ်သဖြင့် ပိတ်သိမ်းရန် အစီအစဉ်ရေးဆွဲခြင်း ဖြစ်ပါကြောင်း၊ IDP စခန်းများတွင် နေထိုင်ရသည့်အတွက် မူလအလုပ်အကိုင်ပျက်ပြားခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း၊ ကလေးသူငယ်များ၏ ပုံမှန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အရေး ဆုံးရှုံးရခြင်း၊ ပညာရေး၊ ကျန်းမာရေးလက်လှမ်းမမီခြင်း၊ လူငယ်များအနေများဖြင့်လည်း တိုးတက်မှုနှင့် ပါဝင်ဆောင်ရွက်ခွင့်ဆုံးရှုံးရခြင်း၊ အမျိုးသမီးများ၏ ရပ်တည်မှု၊ ဖွံ့ဖြိုးမှု ထိခိုက်ပြီး အကြမ်းဖက်ခံရမှု၊ လူကုန်ကူးမှုများ ဖြစ်နိုင်ခြေရှိခြင်း၊ ထိခိုက်လွယ်သည့် အုပ်စုများဖြစ်သော သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ မသန်စွမ်းများနှင့် ကိုယ်ဝန်ဆောင်များကို အဓိကထိခိုက်မှုရှိပါကြောင်း၊ လူမှုပဋိပက္ခများကြောင့် ဒုက္ခသည်စခန်းတွင် နေထိုင်ကြသူများတွင် နောက်ဆက်တွဲဆိုးကျိုးများ ခံစားရကြောင်း၊ ဥပဒေအရ ရရှိသင့်သည့်အခွင့်အရေးများ ဆုံးရှုံးမှုများရှိပါကြောင်း၊ IDP စခန်းများတွင် နေထိုင် ခြင်းကြောင့် အထောက်အပံ့ ပံ့ပိုးကူညီမှုများကို မှီခိုနေထိုင်၍ လုပ်ရည်ကိုင်ရည်များ လျော့ကျလာပါကြောင်း၊ ပြည်နယ်လေးခုရှိ မြို့နယ် ၁၅ ခုတွင် IDP စခန်းပေါင်း ၁၄၀ ကျော်ရှိပြီး လူဦးရေ ၁၆၀၀၀၀ ကျော်ရှိပါကြောင်း၊ မည်သည့်မူဝါဒ၊ မည်ကဲ့သို့ အစီအစဉ်ဖြင့် ပိတ်သိမ်းမည်ဆိုသည်မှာ အရေးကြီးပါကြောင်း၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ရမည်ဖြစ်ပါကြောင်း၊

*စာမျက်နှာ ၁၁ ကော်လံ ၁* ●

# ရတနာပုံ ရှုံးကြွေးပြန်ဆပ်ပြီး ရန်ကုန်နှင့် ဟံသာဝတီ အနိုင်ရ

ရန်ကုန် ဇွန် ၂

**၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၁၄ ပထမနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ အသင်းကြီးများ နိုင်ပွဲရခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ရတနာပုံအသင်းက မကွေးအသင်းကို နှစ်ဂိုးပြတ် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် တောင်ပံကစားသမား စည်သူအောင်၏ သွင်းဂိုးများဖြင့် နိုင်ပွဲဆက်ခဲ့ပြီး ဇယားထိပ်ပိုင်းမှ အသင်းများကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။**



ရတနာပုံအသင်းသည် မကွေးအသင်းအား ပထမအကျော့ ရှုံးကြွေးပြန်ဆပ်နိုင်ခဲ့ပြီး ရလဒ်ကောင်းများ ရယူနိုင်ခဲ့သည်။ မကွေးအသင်းမှာမူ ဒုတိယအကျော့ နှစ်ပွဲဆက် နိုင်ပွဲပျောက်ခဲ့ပြီး ဇွန် ၃ ရက် **(ယနေ့ )** ကစားမည့်ပွဲတွင် ရှမ်းယူနိုက်တက် အနိုင်ရပါက ဒုတိယနေရာမှ ဖယ်ပေးရမည်ဖြစ်သည်။

ရတနာပုံအသင်းသည် အမာခံကစားသမားများဖြင့် ပွဲထွက်ခဲ့သလို မကွေးအသင်းမှာလည်း ကျော်ဇင်ဖြိုး (ဂိုး)၊ နန္ဒကျော်၊ မောင်မောင်စိုး၊ အောင်မြင့်ထွန်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန်ကစားနိုင်သလို ဂိုးသွင်းခွင့်များလည်း ရရှိခဲ့သည်။ ၁၅ မိနစ်တွင် ရတနာပုံအသင်း ဂိုးစရခဲ့ပြီး သက်နိုင် ဖန်တီးပေးသော ဘောလုံးကို စည်သူအောင်က ပိတ်သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရတနာပုံအသင်း ပွဲကို ထိန်းချုပ်ကစားနိုင်ခဲ့ပြီး ၂၅ မိနစ်တွင် ပယ်နယ်တီကန်ခွင့် ရခဲ့သည်။ တိုက်စစ်မှူး ဝင်းနိုင်စိုး၏ ထိုးဖောက်မှုကို မကွေးဂိုးသမား ကျော်ဇင်ဖြိုး ကာကွယ်ရာ ပယ်နယ်တီပေးခဲ့ရခြင်းဖြစ်ပြီး စည်သူအောင်က ဒုတိယဂိုး ထပ်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် မကွေးအသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ရတနာပုံ နောက်တန်း အမှားအယွင်းမရှိ ဖျက်ထုတ်နိုင်ခဲ့ပြီး ပေးဂိုးမရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ရတနာပုံအသင်းသည် ဒုတိယပိုင်းတွင် ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း သိန်းသန်းဝင်းနှင့်

*စာမျက်နှာ ၁၂ ကော်လံ ၁* ●

**ရတနာပုံအသင်း ဂိုးသွင်းရန်ကြိုးပမ်းမှုကို မကွေးဂိုးသမား ကျော်ဇင်ဖြိုး ကာကွယ်နေစဉ်။** ဓာတ်ပုံ- စိုးညွန့်

**အကြမ်းဖက်တတ်တဲ့ ခင်ပွန်းသည်တွေဟာ စိတ်ရောဂါသည်တွေလား၊ အိမ်တွင်းအကြမ်းဖက်မှုအတွက် မျှော်လင့်ချက် ရောင်ခြည် ရှိရဲ့လား** စာ » ၆

**မောင်တောမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်း ယခုနှစ်တွင် နှစ်ဆတိုးလာ** စာ » ၁၀

**သက်ငယ်မုဒိမ်းမှု ပုသိမ်ခရိုင်တရားရုံးက ထောင်ဒဏ်အနှစ် ၂၀ ချမှတ်** စာ » ၁၃

GRAND HANTHA INTERNATIONAL HOSPITAL

GREEN. GRAND. CARE FOR THE PEOPLE

စင်္ကာပူနိုင်ငံမှ
အရိုး၊ အကြော၊ အဆစ် ခွဲစိတ်အထူးကုဆရာဝန်ကြီး
Dr. Chin Pak Lin
M.B.,B.S (Singapore), MRCSEd, M.Med (Ortho), FRCSEd (Ortho)
(၁၅.၆.၂၀၁၈)နှင့် (၁၆.၆.၂၀၁၈) နေ့များတွင် နံနက် (၉း၃၀)နာရီမှစ၍

စင်္ကာပူနိုင်ငံမှ
အသည်းနှင့် သည်းခြေလမ်းကြောင်းဆိုင်ရာ
အထွေထွေနှင့် ခွဲစိတ်အထူးကုဆရာဝန်ကြီး
Dr. Tan Kai Chah (Dr. K C Tan)
D.P.M.P., MBBS (MAL), FRCS (EDIN), FAMS Surgeon
(၂၃.၆.၂၀၁၈) ရက်နေ့ နံနက် (၁၀း၀၀)နာရီမှစ၍

ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် ပြင်ပလူနာများကို တိုင်ပင်ဆွေးနွေး ကုသပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ✆ 01 523000, 01 523111, 01 523222, 09 5202282, 09 5202283, 09 5202284